# လရောင်ကျူးရင့်

## နေခြည်နမ်းတဲ့လ

Modern Digital Art / Wai Yan (2007)

# ဒို့တာဝန်အရေးသုံးပါး

ငွေ - ၁၁၉၀

(၆၂)၊ စက်တွင်းလမ်း၊

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

# ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

# စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

# လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၁၀၆၄၀၉၀၇

မျက်နှာဖုံးခွင့်ပြုချက်- ၅၀၁၀၉၄၀၉၀၇

အကြိမ် - ပထမအကြိမ်

၂၀၀၇-ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ- ဦးဝင်းဖေ (မြ-၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။


ရွှေသမင်

*စာပေမှ စီစဉ်တင်ဆက်သည်။*

# လရောင်ကျူးရင့်

## နေခြည်နမ်းတဲ့လ

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄- လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။



## အခန်း (၁)

လမ်းမှာကားက ထိုးရပ်သွားသည်။

နှာစေးခေါင်းကိုက်လောက်တော့ ကြည့်တတ်တာမို့ သသစက်ဖုံးကို ဖွင့်ကြည့်သည်။

သူ့မ သိသလောက် ဘယ်မှာမှ အပြစ်ရှာလို့မတွေ့ ...၊

နောက်ထပ်စစ်ခါ စက်နှိုးကြည့်သေးသည် ...မရ၊

လွယ်အိတ်ကို စလွယ်သိုင်းကောက်ချိတ်လိုက်ကာ ကားပေါ်ကဆင်းလိုက်သည်။

ကားပျက်သဖြင့် စိတ်ညစ်ရှုပ်ထွေးသည့် မျက်နှာမျိုးနှင့် မဟုတ်ဘဲ ဝမ်းသာရွှင်မြူးစွာ ဆင်းလိုက်တာဖြစ်၏။

ကားတံခါးတွေကို သေချာပိတ်ပစ်လိုက်ပြီးမှ ကျေးဇူးတင်စွာ အလေးပြုလိုက်သေးသည်။

ကျောင်းသွားရင် ဒီလိုကားပျက်သွားသည့် အဖြစ်မျိုးနှင့် တိုးဖို့ဆိုတာ လွယ်တာမဟုတ် ...။

လွယ်အိတ်ထဲမှာ ဟန်းဖုန်းပါသည် ...

ဝပ်ခ်ရှော့ပ်ကို လှမ်းဆက်လိုက်ရင် ခြေထောက်တို့က ပလက်ဖောင်းအတိုင်း အလှမ်းကျဲစွာ လျှောက်နေခဲ့၏။

လွယ်အိတ်ထဲမှာ ပိုက်ဆံတွေလည်းပါသည်။

ကားနှင့်သွားဖို့ စိတ်ကူးမရှိ ....

သသ တို့ လိုင်ကားတိုးစီးသည် ရုပ်ရှင်သွားကြည့်သည့်လို့များ သတင်းကြားသွားလျှင် မေလေးတို့ ရင်ဘတ်ထု မျက်လုံးပြူးပါလိမ့်မည် ...ပြောဆိုမရတိုင်း "ညည်း ဘဘ သိရင်သတ်လိမ့်မယ်" ဟု ခြောက်လှန့်ပြောတတ်မြဲဖြစ်သော မေလေးမဟာ တော်ရုံဆို တိုင်ပြောဆုံးမခိုင်းရက်တာလည်းမဟုတ်ပါ ..။

ဘဘက မေလေးလို သသ ကို အလိုမလိုက်တတ်။ ဆူပြီဆို ကြောက်လန့်ငြိမ်သက်သွားအောင်ဆူသည်။

လိုအပ်လျှင် တသက်စာမှတ်လောက်အောင် ရိုက်ပစ်တတ်သည်။ ဒဏ်ပေးတတ်သည်။

ထို့ကြောင့် "သမီး ဘဘ သိသွားရင် မလွယ်ဘူး" "ညည်းဘဘ ဆူလိမ့်မယ်" ဆိုတာ မေလေးတို့ လက်သုံးစကားလိုဖြစ်နေပေမယ့် ...အခါတိုင်းတော့ မေလေး မတိုင်ရက်ရှာပါ ...ကျောင်းသွား





ကျောင်းပြန် ဒရိုင်ဘာနှင့် ပို့တာကြိုတာ ထောင့်စေ့လွန်းလို့ စိတ်ကျဉ်းကြပ်လိုက်ရတာနေ့တိုင်း ....

အချိန်တိကျလွန်းသည့် ဒရိုင်ဘာကလည်း ကျောင်းချိန်ကို အပိုအလိုမရှိပို့ကြိုနေသဖြင့် ပိုညစ်မိသည်။

ဒီနေ့တော့ ဒရိုင်ဘာခွင့်ယူထားသဖြင့် ဘဘလည်း ခရီးထွက်နေသည်နှင့် တိုးကာ သသ ကိုယ့်ကားကိုယ်မောင်းခဲ့သည်။

"သသ လေးနော် ခါတိုင်းလို အတိအကျပြန်လာခဲ့"

"ကားကို သတိထားမောင်း"

မေလေးက ကားထွက်တဲ့အထိ ဒါတွေပဲ ခေါက်တုံ့ခေါက်ပြန်မှာနေတာ ခွေရစ်နေသည့်အတိုင်းပါပဲ ...

မှတ်ထား .. အလွန်ဖြစ်ခဲသည့် ကားပျက်ခြင်း အဖြစ်က သသ ကိုမျက်နှာလိုက်ပေးခဲ့သည်။

အရမ်းအလိုလိုက်ထားပေမဲ့ သသ တကယ်ပဲဆိုးသော်လည်း မဟုတ်ကဟုတ်က လိမ်ညာဆိုးတဲ့အထိတော့ မဆိုးခဲ့ဘူးပါ။

ဒါ့ကြောင့် ကားတကယ်ပျက်သွားသည့် အဖြစ်ကို ဝမ်းသာကြည်နူးစွာ ခုန်ပေါက်ထွက်လာခဲ့ခြင်းဖြစ်သည်။

ကားမှတ်တိုင်ရောက်တော့ များပြားလှသည့် လူတွေထဲ ဝင်ရပ်ကာ ပျော်လိုက်သည့်ဖြစ်ခြင်း ...

လူတွေကို လှည့်ပတ်ကြည့်လိုက်တော့ လူကြီးလူငယ် မိန်းမ

လှလေးတွေ များသောအားဖြင့် ထမင်းချိုင့်လေးတွေကိုင်ထားကြတာ ကျောင်းဆရာမတွေလည်းပါသည်။

ထိုအခါ "မိန်းကလေးဖြစ်ပြီး ဒီလောက်တောင် လိုင်းကားစီးချင်နေရသလား" ဟု ပြုံးပြုံးဖျားဖျား မေးခဲ့ဖူးသည့်မေလေးကိုသတိရမိသည်။

ဒီမှာ မိန်းကလေးတွေမှ အများကြီးမေလေးရေလို့ ခေါ်ပြလိုက်ချင်သည်။ ဆရာမတွေတောင် ပါနေသေးသည်ပဲ ...

လူတွေမှအများကြီး ...

မနက်ပိုင်း ရုံးသွားကျောင်းသွားကြသည့် အချိန် ...

ဒီလိုပဲ သွားလာနေကြတာ မေလေးမတွေ့ဘူးလားဟုလည်း မေးချင်ပြီး စီးချင်လိုက်ရတဲ့ လိုင်းကား ...

ကားပေါ်ကနေ ကြပ်ကြပ်ညပ်ညပ်စီးနင်းလိုက်ပါသွားကြသည့် အဲကွန်းဘတ်စ်ကားကြီးတွေမြင်တိုင်း သသ ပြုံးပြလိုက်ကြည့်တာတွေ့တိုင်း

"မြင်လား ဒုက္ခရောက်လိုက်ကြတာ ဟိုမှာ ကြပ်ညပ်ပြီး ငါးပိသိပ် ငါးချဉ်သိပ် စီးကြရတာ ..."

ဟု မေလေး က လက်တွေ့ကျကျပိုင်ပိုင်ကြီးပြောပြီး ...

"ကားပေါ်မှာ ယောကျ်ားတွေရော မိန်းမတွေရော ပြွတ်သိပ်ကျပ်ညပ်ပြီးဖြစ်သလိုစီးရတာ ယုတ်မာတဲ့ ယောကျ်ားတွေအနားမှာ





ကိုယ်ညပ်နေရင် ဘယ်လိုရှောင်မလဲ မိန်းမငယ်လေးတွေကျတော့ ရှက်ကြောက်ပြီး တို့လို့ဆိတ်လို့မှ မပြောရဲ မအော်ရဲ ခါးပိုက်နှိုက်ခံရလို့ခံရ ပြင်ဆင်ထားသမျှ ချွေးတွေထွက် ဆံပင်တွေပွ သူ့ခြေထောက်နင်း ကိုယ့်ခြေထောက်နင်း ကားပေါ်ကလည်းဆင်းရော ကျော့ကျော့မော့မော့လေးအိမ်က ပြင်ဆင်လာသမျှကုန်ပြီ ..."

မေလေးကလဲ 'လိုင်းကားတိုးစီးရတာ ပျော်ဖို့ကောင်းမှာပဲ လူတွေအများကြီးစုပြုံပြီး ..' ဟု သသပြောဖူးကတည်းက လိုင်းကားတွေ မြင်တိုင်း ကြုံလာတိုင်း ပြောပြပါလိမ့်မည် နောက်ထပ်မကြံစည်ရဲအောင် ... သသရင်ထဲမှာ ဒီလိုဘယ်ဟုတ်မလဲ ....

အဲဒီကားတွေမြင်တိုင်းစီးချင်နေတာ ကိုယ်စီးတဲ့ကားကိုတောင်မကျေမနပ်ဖြစ်မိသေးသည်။ ယောကျ်ားတွေဘာဖြစ်လဲ၊ ဒီလိုပဲ သူများတွေစီးနေကြတာ ချွေးဒီးဒီးကျလည်း ဂရုစိုက်ဖို့မလိုသသတို့က မိတ်ကပ်သနပ်ခါးနေ့စဉ်မပျက်မကွက်လိမ်းပြီးနေလောက်အောင် စိတ်ဝင်စားတာမဟုတ် အလှပျက်စရာဘာရှိလဲ ..

ချွေးထွက်တော့ တစ်ရှူးနဲ့ ပွတ်ပစ်လိုက်ရင်ပြီးပြီ ...။

ကိုယ့်ခြေထောက်ကို မတော်တဆလာနင်းလည်းနင်းပါစေပေါ့ တမင်တကာလုပ်ကြည့်လေ ကိုယ့်ခြေထောက်မှာ ဒေါက်ချွန်ဖိနပ်ကအမြဲရှိနေတာ ငြိမ်နေစရာလား ...

ပါးစပ်ထဲက ပီကယ်ကို ဟိုဘက်ပို့လိုက် ဒီဘက်ပို့လိုက် ဝါးရင်း

မေလေးနဲ့ လိုင်းကားစီးဖို့ ဆန့်ကျင်ဘက်အမြင်တွေကို ယှဉ်ကြည့်နေရင်း ....

သသ ခေါင်းလေး ဟိုဘက်ကြည့်လိုက် ဒီဘက်ကြည့်လိုက်ဖြစ်နေကာ ပခုံးထိ အမြဲတမ်း ပျံ့ဝဲကျနေတတ်သည့် ဆံပင်တွေလည်း ငြိမ်မနေရ ...

"ဟော ကားလာပြီ"

တက္ကသိုလ်ဝင်းရှေ့မှာ အမြဲတွေ့နေရသည့်ကားကိုတော့ သိနေသဖြင့် မြင်လိုက်တော့ လူတတ်ကြီးလုပ်ပြီး သသ တစ်ယောက် တည်းထအော်မိ၏။

ဘေးလူတွေက ကားနှင့်သူမကိုလှည့်ကြည့်ကြသည်။

ကားကြပ်ချိန်မို့ မှတ်တိုင်မှာရပ်လာသည့်ကားက ခြေနင်း ခုံနေရာလေးမှလွဲ၍ ခြေချစရာပင်မရှိ ...

အများထက်ဦးအောင် သသ ပြေးတက်သည်။

စပယ်ယာက မှတ်တိုင်တွင် အော်၍ လူခေါ်ရင်း 'အထဲထိတိုးသွား တစောင်းလေးတိုးသွား' ဟုလည်းအပေါ်ကိုကြည့်၍ အော်နေသည်။

သသ လူကြားထဲကို အတင်းတိုးဝင်ခဲ့၏။

"အ"

"အား လေ့ပါပြီ ..ဖိနပ်ကြီးက"





"အယ် ...ဆောရီး ..ဆောရီးနော် အဲဒါ တမင်တကာမဟုတ်ဘူး ...တကယ်မတော်တဆ"

"အမလေး ဝင်ပါ ...သွားပါတော့"

သသ ချက်ချင်း အထဲရောက်သွားသည်။

တစ်ယောက်က အနင်းခံလိုက်ရလို့ အော်သည်နှင့် ခြေထောက်တွေဟိုရွှေ့ဒီရွှေ့ ဖယ်ပေးကြတော့ သသ အတွင်းလမ်းရှင်းပြီးသားဖြစ်သွား၏။

ဘောင်းပန်မှ ပြောင်းဆန်ကုန်ကာ ဟိုကတံတောင်နဲ့ တွန်းလိုက် ဒီက ဖင်နဲ့တိုက်လိုက်နှင့် အထဲသို့ ရှောရှောရှူရှူ ရောက်၏။ ဒါနဲ့မပြီးသေး ...

"မှတ်တိုင်ပါတယ်" ဟု အော်လိုက်သည်နှင့် သသ မှန်းသိကာ အလိုက်တသိဖယ်ပေးလိုက်ကြတာ အောက်သို့ လွယ်ကူချောမောစွာရောက်လေသည်။

"ဟူး"

ချွေးတွေစို့နေသည့် နှုတ်ခမ်းဖျားလေးကို လက်ဖဝါးနဲ့ပဲ ပွတ်ဆွဲပစ်လိုက်ကာ သသ ရယ်လိုက်မိ၏။

ပျော်လိုက်တာ ..

ဘာဖြစ်လဲ မေလေးပြောသလိုများ စိတ်ပျက်ဖွယ်ဘာမှမရှိ ခြေလှမ်းတို့က ကျောင်းဝင်းထဲသို့ တက်ကြွစွာ သယ်ဆောင်သွားကြ

သည်။ ဒီလိုကားတိုးစီးဖူးတာ ဒါပါနဲ့ဆို နှစ်ခါ ...

ဟိုတစ်ခါက သူငယ်ချင်း၏ အရေးတကြီးကိစ္စတစ်ခုကြောင့် ကျောင်းကနေ သသ အဖော်လိုက်သွားခဲ့သည်။

သူငယ်ချင်းက "ဟိုနား ဒီနားပဲ ကားတိုးစီးရအောင်ဆိုတော့ ဝမ်းပန်းတသာ လက်ခံခဲ့သည်။

အဲဒီကတည်းက ကိုယ်ပိုင်ကားနဲ့ လိုင်းကားဘယ်လိုကွာတယ် ဆိုတာကို ယှဉ်မိသွားတာဖြစ်သည်။

ဘယ်သူကပြောလဲ စိတ်ပျက်စရာလို့ ...

သသ ကတော့ တစ်ခါစီးပြီးကတည်းက နောက်တစ်ခါထပ် စီးချင်နေခဲ့တာ ...

ခုလည်း ထပ်စီးချင်သေးသည်။

ကျောင်းထဲရောက်တာနှင့် သူငယ်ချင်းတွေနဲ့ ရုပ်ရှင်ထွက် ကြည့်ဖို့ စည်းရုံးရန်ဆုံးဖြတ်လိုက်၏။

♥♥♥





## အခန်း (၂)

"သသလေး"

"သသလေး လာမလုပ်နဲ့ အဲဒါကြီးလုံးဝမဝတ်ဘူး။ အဲဒီလမ်း လုံးဝမသွားဘူး လုံးဝဆို လုံးဝနော်"

တစ်သက်လုံးက ပြောမရဆိုမရဖြစ်ခဲ့သည့် သသ၏ ခါးခါးသီး သီး ပယ်ချမှုကို ဒေါ်ခင်ဆင့်က အပြုံးမပျက်ပေ။

လက်ထဲမှာကိုင်ထားသည့် ဝတ်စုံတစ်စုံနဲ့ ရတနာဘူးကို ခုတင် ခြေရင်းတွင်အသာချ၍ အိပ်ရာထဲမှာ ပက်လက်ရှိနေသော သသ နားမှာထိုင်ပြီး သသက ရေချိုးပြီး အကျီမလဲသေးဘဲ ညဝတ်အကျီ ရှည်ကြီးကို ဖြစ်သလို စွတ်ချပြီး ခါးမှာ ကြိုးချည်ထား၏။

ခေါင်းအုံးပေါ်မှာ သေချာမအုံးဘဲ အိပ်ရာထက်မှာ ကိုးရိုးကား ယား လှဲနေရင်း နားကျပ်နှင့် ငြိမ့်နေသည်။

"သမီးရယ် ဒီပွဲ သမီးမသွားလို့ ဘယ်သူသွားမှာလဲ ဒါ သမီး ဘဘရဲ့ အမိန့်တော်ကြာပြန်လာတဲ့အထိ မဖြီးမလိမ်းရသေးလို့ ဆူဦးမယ်"

နားကျပ်တပ်ထားလည်း ဒေါ်ခင်ဆင့်ပါးစပ်လှုပ်နေတာကို မျက်လွှာပင့်ကြည့်နေရုံနှင့် ဘာပြောမှန်းသိနေတယ်လေ ငယ်အကျင့်လိုဖြစ်နေပြီမို့ သသ ကမ့်ရွှဲပြီး ပေါက်ကြီးခနဲထထိုင်၏။

နားကျပ်ကို ဖြုတ်၍ မွေ့ရာပေါ် မှာပဲ ဖင်ပေါက်လိုက်ကာ

"ဒါပဲ ထစ်ခနဲရှိ ဘဘဆူလိမ့်မယ်။ ဘဘသိသွားမယ်နဲ့ ဒီ ဘဘကို ကြောက်နေရတဲ့ ဘဝက လွတ်ကိုမလွတ်နိုင်ဘူး"

"သမီးရယ်"

ဒေါ်ခင်ဆင့်က ပြုံး၍ သသ လက်ဖဝါးလေးကို လှမ်းဆုပ်သည်။

သသက ခပ်ကြမ်းကြမ်းပဲ ခါချပစ်၏။

"ဘဘကိုလည်းမုန်းတယ်၊ မေလေးကိုလည်း အခု မချစ်တော့ဘူး ကိုယ်ဟာကိုယ်ဘာမှ လွတ်လွတ်လပ်လပ်နေရသွားရတာ မရှိဘူး၊ သိပ်ကိုချုပ်ချယ်ကြတာ"

"ဒီ့ထက်ပဲ လွတ်လပ်ရဦးမလား သမီးရယ် သမီးလေး ဂျစ်ကန်ကန်နိုင်တော့ ဘဘလွှတ်တာနဲ့ မေလေးကိုဆိုးတာ ပြီးတော့ သူငယ်ချင်းတွေနဲ့ ဘယ်ဖြစ်ဖြစ်သွားဖို့ရှိတိုင်း ပြန်လာမှပြောတယ် အဲဒါတွေကတော့ထည့်ပြောဦးမှပေါ့"





"ဒါက သသ ဇွတ်လုပ်နေတာကိုး၊ ပြီးတော့လည်း ဘဘရောက်လာတာနဲ့ အဲဒါတွေစုပြုံပြီး မေလေးကတိုင် ဘဘက ဒဏ်တွေပေး ဒေါသထွက် သသမှာ ဘဘ ဒဏ်ပေးတိုင်း မာလီဖြစ်ရ အိမ်ဖော်ဖြစ်ရ ..."

"ဘယ်ကလာ မာလီ အိမ်ဖော်ရမှာလဲ၊ အဲဒါ သမီးကို ဒဏ်ပေးဘာဆိုပေမယ့် ပန်းကလေးတွေကို ပြုစုပျိုးထောင်ရင်း စိတ်ထားလည်း၊ နူးညံ့သိမ်မွေ့လာအောင် အိမ်မှုကိစ္စအဝတ်လျှော်၊ ကြမ်းတိုက်လုပ်ရင်း စိတ်တည်ငြိမ်တယ်၊ မိန်းကလေးသဘာဝ အိမ်မှုကိစ္စမှာ ပျော်မွေ့တတ်လာတယ်"

"အဲဒါတွေ ဘာမှမဖြစ်ဘူး"

ပြောပြီး သသက အိပ်ရာပေါ်ကဆင်းသည်။

ခြေရင်းမှာ အထပ်လိုက်ချထားသည့် ဝတ်စုံကို ငုံ့ကြည့်ပြီး မေးဆတ်၍ မျက်စောင်းထိုးလိုက်သေးသည်။

ပြီးမှ စာကြည့်စားပွဲမှာ ဆောင့်ခနဲ သွားထိုင်၏။

"ဘဘ တစ်ယောက်ဟာ သသကိုမှ ဘာဖြစ်လို့ ဒီထက်နိုင်ချင်နေမှန်းမသိဘူး၊ အလုပ်တွေအရမ်းရှုပ်နေတာတောင် ဖုန်းနဲ့ဆက်ပြီး အမိန့်ပေးနိုင်တယ်၊ ဒဏ်ပေးဖို့ ရိုက်ဖို့ဆို မရရအောင်ပြန်လာတယ်"

"ဟုတ်တယ် ခုလည်း မရရအောင်ပြန်လာတယ် ညည်းကို အမိန့်ပေးစရာရှိနေလို့"

"အယ် .."

ဘာဘာအသံကြီးက မိုက်ခရိုဖုန်းမလိုဘဲ တစ်ခါတည်းလွှင့်ထွက်ပြီးသားဖြစ်သည့်အသံမျိုး ...

သသ မျက်လုံးလေးပြူးကာ နောက်ဘက်ကို ဆတ်ခနဲလှည့်ထိုင်လိုက်ပြီး အသက်ခုနှစ်ဆယ်နီးပါးရှိနေသည့် ဘာဘာ ဦးမြမော်ဟာ ခုချိန်ထိ ခါးမကိုင်း ခြေလှမ်းမနှေးဘဲ ချည်ချောပုဆိုးကွက်ကျဲနှင့် တိုက်ပုံဝတ်ကာ ဖျတ်လတ်သန်မာစွာသွားလာနိုင်နေဆဲ။

မျက်မှန်ထက်မှာ ဇရာ၏ အရေးအကြောင်းများ ရှိနေပေမယ့်တည်တင်းခန့်ညားနေဆဲ ..။

ဒါ့ကြောင့် ကြောင်အိုတော့ ကြွက်မလေး” ဆိုသည်စကားကဘာဘာနဲ့ သသ အတွက်မဟုတ်ဘဲ ဖြစ်နေခဲ့တာထင်သည်။

ဘာဘာကို သသဟိုငယ်ငယ်တုန်းကလည်းကြောက်ရသည်။

ခုလည်း မလေးစားလို့မရ။

လူကိုရိုက်တာထက် အသံကြီးဟိန်းထွက်လာတာနဲ့သသဘာမှထပ်မပြောရဲတော့ပေ ...

တစ်ခါတစ်လေ ခေါင်းငုံ့နှုတ်ခမ်းစူနေတာတောင် 'မျက်နှာမော့ထား' 'လူကြီး ဆုံးမနေတာကို ပြေပြေပြစ်ပြစ်နာခံစမ်း' ဆိုတာရှိသေး သသအတင်းပြောနေတုန်း ချက်ချင်းကြီးကျောနောက်ရောက်သည့် ဘာဘာကို ပြုံးတော့မလို မဲ့တော့မလိုနှင့် ကြည့်ကာမမဲ့ရဲ မပြုံးရဲနဲ့ပဲ လည်ပင်းကုတ်လိုက် ဆံပင်ဖွမိလိုက် ..

“ဟွန်း ...ဒီလောက် တင်းကျပ်ဆုံးမနေတာတောင် မျက်





ရှေ့ကကွယ်တာနဲ့ ပြောချင်သလိုပြော နေချင်သလိုနေ ညည်းများအကြောက်အလန့်ဘာရှိသလဲ ငယ်ငယ်တုန်းက 'လူကိုကြောက်တာလား၊ တုတ်ကိုကြောက်တာလား” မေးတိုင်း “တုတ်ကိုကြောက်တာ” လို့ပြောခဲ့တာလေ ...”

သသ နားထိတောက်လျှောက်ကြီးဝင်လာရင်း စကားတွေပြောလာတော့ ဒေါ်ခင်ဆင့်က မျက်နှာငုံ့ချရင်း ပြုံးသည်။

သသတို့ စူထွက်နေသည့် နှုတ်ခမ်းက ခေါင်းငုံ့ထားသည့် မျက်နှာရှေ့က ဆံပင်တွေအကွယ်မှာပဲ မြင်သာထင်သာအောင်စူထော်နေပါပြီ။

ဦးမြမော်က ရှေ့မှာရပ်၍ သသ ခေါင်းငုံ့လျက်တောင့်တောင့်ကြီး တမင်လုပ်ပြထားသည့် ပခုံးသားလေးတွေကို ငုံ့မိုးကြည့်ကာ

'သိပ်ကို ခေါင်းမာတဲ့ မိန်းကလေး' ဟု တွေးမိ၏။'

'တုတ်ကိုပဲကြောက်တာလား' မေးပြီး နာအောင်ရိုက်တတ်မှန်းသိသားနဲ့ မေးတိုင်း တမင်ကို ဒီတိုင်းဖြေရဲခဲ့တာ'

ခြောက်တန်းကျောင်းသူလေးအရွယ်မှာ ကိုယ်ကိုအရှုံးတွေထပ်နေအောင်လည်း မရိုက်ရက်တော့သဖြင့် ဘောင်းဘီချွတ်ပစ်ပြီးလမ်းမမှာကြိုးတုပ်ချထားမယ်ပြောပြီး ..

တကယ်ဘောင်းဘီချွတ်တော့မှ

“ဘာဘာကို ကြောက်တာပါ” ဟု မကျေမနပ်အာခေါင်ခြစ်ဖြေခဲ့တာကိုတော့ ထည့်မပြောဖြစ်တော့ပါ။

"ညည်းကို မိဆင့်ကောနိုင်နင်းလို့လား အခုလည်း ထင်လို့ ပြန်လာတာထင်တဲ့ အတိုင်းပဲ ခိုင်းတာကိုမလုပ်ဘဲ ခံပြောခံဆိုနဲ့ ကတ်ကတ်ကိုလန်ရော .."

"ခံပြောတာမဟုတ်ပါဘူး ဘဘရဲ့ သသ အဲဒီအကျီအကြပ် ထမီအကြပ်တွေမဝတ်တတ်လို့ပါ ..."

သသ အသံလေးထွက်လာသည်။

မျက်နှာမော့လာပေမယ့် ဦးမြမော် မျက်နှာဆီမရောက်ဘဲ ရှေ့ကိုသာကြည့်ပြောတာဖြစ်၏။

"မိန်းကလေးက မိန်းကလေးအဝတ်တွေ မဝတ်တတ်ဘူးဆိုတာရှိလား"

"သသ အမြဲတမ်းဘောင်းဘီရှည်နဲ့ ရှော့ပင်န်ပဲဝတ်ခဲ့တာ"

"အခုဝတ်လို့မရတော့ဘူး ဒီဧည့်ခံပွဲကစပြီး နောင်ကို ရုံဖန်ရံခါ ဝတ်တာမျိုးပဲဖြစ်ရမယ်။ ဒီတိုင်းနေလို့မရဘူး ကြည့်လိုက်ရင် ရှော့ပင်န်တောင်မဟုတ်ဘူး တစ်ခါတစ်လေ ပေါင်တစ်ဝက်လောက်ပဲရှိတဲ့ဘောင်းဘီတိုလေးနဲ့ .."

"ကစားတုန်းပဲဝတ်တာပါ"

"ဟော့ ပါးစပ်ပိတ်ပြီး နားထောင်စမ်း .."

"ဘဘက မှန်တာပြောပေါ့ ..."

"ဝါ ..တယ် ..."

ဦးမြမော်လက်ကြီးရမ်းတော့မှ သသ မျက်နှာကို ပြန်ငုံ့သည်။





ညင်ညင်သာသာ ရိုကျိုးဟန်နှင့် မဟုတ်ဘဲ ဆတ်ခနဲ ..ခေါင်းငုံ့ ဆင့် ပင့်သက်ရှိုက်လိုက်မိ၏။

"ဘောင်းဘီတိုလေးနဲ့ အိမ်ပေါ် ပြေးတက်လာပြီး ဗိုက်ဆာလို့ ဆိုပြီး မီးဖိုထဲပြေးဝင် ရေခဲသေတ္တာဖွင့် ရေဘူးကိုင်ပြီး မိဆင့်ဘာချက်သဲဟိုဟာဖွင့် ဒီအိုးကိုင်လိုက်ကြည့် ကြိုက်တာတွေ့တာနဲ့ ပါးစပ်ထဲ ကောက်ထည့် ရေသွားချိုးလို့ပြောလည်း မချိုးဘူး ဘေစင်မှာလက်ကို ဖြစ်သလိုပြေးဆေးပြီး" ထမင်းစားတဲ့ အဆင့်သာရောက်သွားတယ် ဘောင်းဘီတိုလဲဖြစ်သလား ..."

သသမလှုပ်ပါ ..

ဦးမြမော်က မျက်မှောင်ကြီးကုပ်ကာ သသ တစ်ခုခုပြန်ပြောလာမလားဆိုသည့်အတွေးနှင့် ခဏငြိမ်၍ စောင့်လိုက်သေးသည် ပြီးမှ ...

"အဲဒီ တောင်းဘီတိုနဲ့ပဲ ဧည့်ခန်းပြန်ပြေးလာပြီး ပန်းသီး ကောက်ကိုင် စပျစ်သီးလာစားနဲ့ ဧည့်သည့်စောင်သည်လည်းလာရော ညည်းတစ်ကိုယ်လုံးမှာ လည်ပင်းက ဟိုက်ဟိုက် ချိုင်းပြတ်တီရှပ်က ပခုံးချိတ်ရုံနဲ့ ပေါင်ကအဖွေးသား ဟွန်း ပြောဦးလေ ကစားတုန်းပဲဝတ်တာပါလို့ .."

"ဒါပေမဲ့ အဲဒီလို နေ့တိုင်းဖြစ်လို့လားဘဘရဲ့"

"ပြန်ပြော ပြန်ပြီလား"

"ဘဘပဲ ပြောဦးလေဆိုပြီးတော့ ..."

ကြောက်ကြောက်နဲ့ပဲ သသ နည်းနည်းလေးတော့ အထွ
တက်ပြီး

"မပြောနဲ့ ပါးစပ်ပိတ်ပြီးနားထောင် အခု ညည်းကျောင်းပြီ
တော့မယ် ဒီထက်ပိုအားရင် ဒီထက်ပိုဆိုးဖို့ပဲရှိတယ်။ ငါကလည်း
အလုပ်တစ်ဘက်နဲ့ နေရာတကာ လိုက်မပြောနေနိုင်ဘူး ..."

"တော်သေးတာပေါ့" ဟု စိတ်ထဲကပြောမိတော့မတတ်
မျက်နှာလွှဲ၍ ပွစိပွစိ ပြောတတ်သောအကျင့်ပါနေသည်မို့ နှုတ်ခမ်
လေးလှုပ်သွားတာကို အမှတ်တမဲ့ မမြင်အောင်ကွယ်လိုက်ဖို့မေ
သွားလို့ ...

"ဘာပြောလိုက်တာလဲ"

ဦးမြမော် အသံကြီး ဟိန်းသွား၏။

"ဘာမှမပြောပါဘူး"

ဟု ပြန်ဖြေရင်း လက်ဖဝါးနှစ်ဖက်ဆုပ်ထားလျက်မှ ကိုယ့်ပေါ
ကို လက်မအစွန်း၍ ကြိတ်ထိုးလိုက်သေးသည်။

ဒီကလေးမ ခက်ပါတယ်။

ဦးမြမော် မမြင်သလိုနေလိုက်ရရင်း ခပ်စောင်းစောင်းလှည့
ရပ်ကာ ...

"ညည်းကို ယောကျ်ားပေးစားဖို့ အမြန်ဆုံးစီစဉ်ရမယ်"

"ဟင် ...ဘာ .."

သသ ဘယ်လိုမှ မထင်ခဲ့ ..





မျက်နှာဆတ်ခနဲမော့လာကာ လက်ဖဝါးလေး နှစ်ဖက်လုံးနှင့်
မျက်နှာပေါ်က ဆံပင်တွေကို ဘယ်ပြန်ညာပြန်ထိုးသိမ်းရှင်းပစ်၍

"ယောကျ်ားပေးစားမယ်"

"ဟုတ်တယ်"

သသ မေလေးကိုလှည့်ကြည့်လိုက်မိသည်။

ဒါတွေ ဒီအစီစဉ်တွေ ခုချက်ချင်းမဖြစ်နိုင် ..မေလေးသိနေရ
သည်။ သို့သော် သသ ကြည့်လိုက်မှ မေလေးက မျက်နှာလွှဲပစ်၏။

"အဲဒါတော့ ဘဘ မလုပ်နဲ့နော် ယောကျ်ားပေးစားပစ်ရအောင်
သသ က ရည်းစားတွေထား ရှုပ်ပွေပြီး နံ့နံ့တက်ရင်မအေးရအောင်
ဖြစ်နေတဲ့ မိန်းကလေးမို့လို့လား ..."

"အဲဒီလိုဖြစ်နေရင် နာမည်ပျက်တွေနဲ့ ဖြစ်ပြီးမှ သားရှင်တွေကဲ့
ရဲ့ခံပြီး မျက်နှာပူစွာ မပေးစားတော့ဘူး၊ ကတုံးတုံးပြီး သီလရှင်ပါ
ဝတ်ပေးလိုက်မှာ ..."

"အဲဒါလည်းကောင်းတာပဲ သသ ယောကျ်ားမယူဘူး"

"ထပ်ပြောကြည့်စမ်း"

ဦးမြမော် အသံကြီးသုံးဆလောက်ပို၍ ဟိန်းထွက်သွား၏။

"ညည်းကို ဂရုမစိုက်လို့ ကြေညာပေးလိုက်တာ ယောကျ်ား
ယူရမယ်ဆိုလို့ ထွက်ပြေးရင် ခြေထောက်ရိုက်ချိုးမယ် လွတ်အောင်
ပြေးရင် မသေမချင်းလိုက်သတ်မှာ မြမော်ဆိုတာ လက်ဖျစ်တီးလိုက်
တာနဲ့ ဘာမဆိုအားလုံးဖြစ်တယ်"

သသ မခံစားစဖူး ရင်ထဲမှာ ပူလောင်ကြေကွဲသွား၏။

ဦးမြမော်ဆိုတာ နာမည်ကောလူကော တကယ့်မော်နိုင်လို့ မြမော်လို့ နာမည်ကြီးခဲ့တာဖြစ်သည်။

ခြံလုပ်ငန်းတွေ အကြီးအကျယ်လုပ်သည်။

အဝေးပြေးကား အကြီးအသေး နယ်များကော မြို့မှာပါ ဘယ်ဝန်းကျင်ထဲမှာဖြစ်ဖြစ် ဦးမြမော် ပိုင်းတွေပဲများ၏။

ထို့ပြင် ရာသီပေါ်ကောက်ပဲသီးနှံတွေလှောင်လိုက် ..ဈေးကွက်ကစားတာကိုစောင့်ပြီး လွှတ်လိုက် သိမ်းလိုက် ... ဘယ်လုပ်ငန်းပဲလုပ်လုပ် ဦးမြမော် မပိုင်မနိုင်စမ်းတဝါးဝါးဆိုတာဘာမှမရှိပေ

အပေါင်းအသင်းဆံ့သည်။ စေ့စပ်သည့် တပည့်တပန်းတွေက စိတ်ချရ၏။

သူကိုယ်တိုင်လည်း ကျန်းမာရေးကို ဂရုစိုက်သည်။

စီးပွားရေးကို ဘယ်ဘက်ကမှ အလွတ်ခံရတာမရှိ ...

ဒေါ်ခင်ဆင့်နဲ့ ဦးမြမော်ဟာ တကယ်တော့ သားမယားလည်း မဟုတ် သွေးသားတစ်စုံတစ်ရာတော်စပ်ကြခြင်းလည်းမရှိ။

ဒါပေမဲ့ မောင်နှမသံယောဇဉ်လိုပဲခိုင်မြဲကြသည်။

“သမီးရဲ့ ဘဘက ကလေးတို့နဲ့ ဘာမှ မတော်စပ်ဘဲ ကယ်တင်စောင့်ရှောက်ခဲ့တာ နှစ်ယောက်အတူ ဒုက္ခရောက်ဖူးကြတယ်။ သမီးရဲ့ဘဘက သူဌေးကြီးတစ်ယောက်ရဲ့ လူယုံဖြစ်သွားပြီး မမျှော်မှန်းနိုင်အောင် ကြီးပွားချမ်းသာသွားတာပဲ အဲဒီတော့ ဆင်း





ဆင်းရဲရဲအိမ်ချင်းကပ်လျက် နေခဲ့ဖူးတဲ့ မေလေးမှာ
ဝ်မကမွေးခဲ့တဲ့ တူမလေးတစ်ဖက်နဲ့ ဒုက္ခရောက်နေတော့ သူက
လေးကို အရင် မွေးစားတာ” တဲ့

“ဘဘက ဇနီးတွေ မိသားစုတွေ မရှိဘူးလား”လို့မေးတော့

“မရှိဘူး အဖေကြီးက ငယ်ငယ်တည်းက မိဘမဲ့ ဆွေမျိုးတချို့
ပေတယ်။ သူ့ကိုဘယ်သူမှ တာဝန်မယူချင်ခဲ့လို့ ကျောင်းဆရာ
စ်ယောက်အိမ်မှာကြီးပြင်းခဲ့ရတာ။ အဲဒါကြောင့် ခုနစ်တန်းပဲ
ညာသင်ခဲ့ရတယ်။ ဒါပေမဲ့ ခုခေတ် ဘွဲ့ရပညာတတ်တွေထက်
မ်း ဘဘက ပိုတာပေါ့ ..အသိပညာကော အတတ်ပညာကော
ပ်ကို ထက်မြက်ပြည့်ဝတဲ့သူ၊ ဘဝနာခဲ့တော့ ပိုပြီးစိတ်ကူးရင့်
ယ် မေလေးကိုလည်း သမီးရင်းလိုချစ်တယ်။ သမီးကိုလည်း
ကယ့်မြေးလေးနဲ့မခြားထိန်းကျောင်းစောင့်ရှောက်ခဲ့တာ။

“အစ်မကဆုံး အစကတည်းက မိဘမရှိခဲ့တော့ သမီးရဲ့ မေမေ
သွားတော့ မေလေးတောင်မှ ဆယ့်ခုနှစ်ပဲရှိသေးတယ်လေ။ အစ
တည်းကသာ အဖေကြီးနဲ့ မရင်းနှီးခဲ့ရင် မေလေးဘဝက မတွေးရဲ
ပါ...ကလေးတို့ သားအမိကို မိဘမဲ့ဘဝတွေမို့ အဖေကြီးက ပို
ာ ဘဘစကားကို နားထောင်ရမယ် ကျေးဇူးကန်းတာဟာ
မှာ ရှုံ့စရာအကောင်းဆုံးအပြစ်အကြီးဆုံးပဲ”

မေလေးသေချာပြောပြထားခဲ့သည်။

ဒါ့ကြောင့်လည်း သသ ဘဘကို လေးစားကြောက်ရွံ့ခဲ့ပါ

သည်။ ပြီးတော့ ဘဘကို သသချစ်သည်။

အပိန့်ပေးတာ ဒဏ်ပေးတာတွေကလွဲလျှင် …

♥♥♥





## အခန်း(၃)

ညှော့ခန်းထဲမှာ နှစ်ယောက်တည်းရှိနေကြပေမယ့် တော်တော်နဲ့ စကားမပြောဖြစ်ကြသေး …

ထိုစဉ် လှေကားမှပြေးဆင်းလာသည့် ခြေသံကြောင့် ထိုင်လျက်မှ နှစ်ယောက်လုံးနားစွင့်နေမိကြ၏။

“ဘဘ …မေလေး …သသ သွားပြီ”

သူ့သံလေးထွက်လာမှ ဒေါ်ခင်ဆင့်က လှည့်ကြည့်၍

“ကားသတိထားမောင်းနော်”

ဟုမှာနေကျအတိုင်းမမေ့မလျော့မှာ၏။

ကျောင်းသွားချိန်လေးမှာပဲ ခါးမှာဂျိုတ်ချိတ်၊ ခါးပတ်ပတ်၍ မခိုင်တခိုင် ဝတ်ထွက်တတ်သည့် ထမီက တင်သားလေးပေါ်မှာ ခပ်တွန့်တွန့်ရှုံ့တွတွ …

အောက်ဖျားနားမှာ ခြေမျက်စိအထက်လက်တစ်ဝါးလောက်တိုတက်နေသေးသည်။

ဘယ်လိုခုကို ဘယ်တုန်းကမှ ပုံပန်းမကျခဲ့ပါ ...

ဒီလေခဲ့ လမ်းလျှောက်မြန်တာ ခြေလှမ်းကျဲတာ ...

ဘယ်လိုလျှောက်လျှောက် မနွဲ့နှောင်းတတ်တာကအစ ထဘီဝတ်ပုံ ပုံပန်းမကျတာနှင့် အံဝင်ခွင်ကျမဖြစ်၏။

ကိုယ်လုံးလည်းလှသော သသ ပုံစံလေးက ဖရိုဖရဲဘယ်လိုပဲနေနေ ချစ်စရာလေးပဲဟု ဘယ်သူမှ မပြောဘဲမနေနိုင် ...မရည်ရွယ်ဘဲနှင့် သသ မောင်းထွက်သွားသည့် ကားလေးပျောက်ကွယ်သွားသည် အထိ သူတို့ငေးကြည့်နေခဲ့ကြ၏။

"ပြောပါဦး အဖေကြီးရယ် ...သူတို့ပြောတော့ ကလေးဘွဲ့ရမှ ဆိုပြီး" ဒေါ်ခင်ဆင့်က ဆက်မေး၏။

ဦးမြမော်က ခေါင်းကြီးငုံ၍ တွေးနေပြီးမှ ဖြည်းလေးစွာထရပ်လိုက်သည်။

"ဒါက သူတို့ဆန္ဒပဲလေ ငါတို့တွေက ငြင်းခွင့်မှမရှိတာ ခုလိုဖြစ်ကုန်တာ ညည်းနဲ့ ငါမှာအပြစ်မကင်းဘူး"

"ဟင် ဘာဖြစ်လို့လဲ"

ဦးမြမော်က ဒေါ်ခင်ဆင့်နောက်မှာ နှစ်ခေါက်ခန့် ခေါက်တုံ့လျှောက်လိုက်ပြီးမှ စကားပြောလို့ရလောက်သည့် ရှေ့ကျကျမှာလာရပ်သည်။

"သသ သွားလာနေထိုင်တာကို မမကြီးကတွေ့သွားတယ် အပြင်ကို တစ်နှစ်နေလို့ တစ်ခေါက်ထွက်ခဲ့တဲ့သူက တစ်ခါထွက်တာ





နဲ့ တစ်ခါမြင်သွားတယ်။ ဒီလိုတွေဖြစ်လာတာပေါ့ ငါကိုလည်း ဆူလိုက်တာတအားပဲ တကယ်ဆို ငါတို့နှစ်ယောက်ရဲ့ အရိပ်ဟာ သသပဲ ... ဒီကလေးကို တစ်ပင်တိုင်မြနန်းနဲ့ စောင့်ရှောက်စေဖို့ ငါတို့လက်ထဲကို ဝကွက်အပ်ခဲ့တာ ..ခေတ်ရဲ့ လူမှုရေး စီးပွားရေး ပညာရေးအစစကြောင့် ဒီလိုသွားလာနေထိုင်ခွင့်ပြုခဲ့ကြတာ မဟုတ်ရင် သူတို့ အစီအစဉ်က ဖိုဆိုယင်ဖိုမသမ်းအောင် နေမလောင် မြေမခ အသန့်စင်ဆုံးမိန်းမချော မိန်းမလှလေးဖြစ်လာအောင်"

ပြောနေရင် ဦးမြမော်ဟာ စကားရပ်သွားကာ သက်ပြင်းရှည်ကြီးကိုချ၏။

"နေ အတွက် ဖူးစာဖက် မဟေသီကို မိန်းကလေးများထဲမှာ အသန့်စင်ဆုံး နုငယ်သွက်လက်ထက်မြက်ပြီး စိတ်ဓာတ်စည်းကမ်းသည်း အားလုံးဇကာတင်ဖြစ်ဖို့ရည်ရွယ်ပြီး တစ်ဘဝကောင်းဖို့ သုံးဘဝစာကိုသူတို့ကြည့်ရှုထောက်ပံ့ထားခဲ့တာပေါ့ ...ငါတို့တာဝန်က သသကိုပဲ ဂရုစိုက်စောင့်ရှောက်ရမှာ၊ ဒီကလေးရဲ့ ကိုယ်ကျင့်သိက္ခာ ရိုက်အဆင့်အတန်းအားလုံးကို အကောင်းဆုံးဖြစ်စေရမှာ အခု ဒီလိုဖြစ်မလာဘူး ...မမကြီးစိတ်ဆိုးနေတယ် ..."

"ဟင်"

ဒေါ်ခင်ဆင့် ခမျာမှာလည်း ဘာပြောရမှန်းလည်းမသိ တကယ်အဖြစ်မှန်တွေဟာ သသကို သူပြောထားခဲ့သလိုလုံးဝအမှန်တွေချည်းမဟုတ် ...

သသ၏ မိခင်အရင်းသည် ဘယ်လိုနာကြည်းစရာနောက်ကြောင်းရှိခဲ့သည်ကို ဘယ်သူမှမပြော ...

ဘယ်ကမှန်းမသိ ဘယ်လိုဆိုတာမပြောဘဲ ကိုယ်ဝန်အရင့်အမာနှင့် ဒေါ်မိမိတင် စီးသောကားရှေ့ကို တည့်တည့်ဝင်လာခဲ့၏ မှိုးရွာနေသည်။

ညက ညဥ့်နက်မဟုတ်ဘဲ လမ်းပေါ်မှာလူမရှိတော့၊ ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက်မို့ ကားကိုကမန်းကတန်း ဘရိတ်အုပ်လိုက်နိုင်သော်လည်း သူမသည် ကားရှေ့မှာပဲ မိုးရေထဲမှာ ချော်လဲသွားခဲ့ပြီး၊ ထိုစဉ်က ဒေါ်မိမိတင်၏ ခင်ပွန်းသားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဦးသိန်းမြတ်မောင် သက်ရှိထင်ရှားရှိနေသေးသည်။ ဒေါ်မိမိတင်သည် ဒရိုင်ဘာမပါဘဲ ကိုယ်တိုင်မောင်းလာခဲ့သည်မို့ ကိုယ်ဝန်ဆောင် မိခင်ကို လှုပ်နိုးကာ ကားပေါ်မပါပါအောင်ဆွဲတင်သည်။ အိမ်ရောက်တော့ စကားပြောနိုင်သေးပါလျက် ဘာမှမေးလို့မရ ဝေဒနာကိုညည်းတွား အံ့ကြိတ်ခံရင်း သေဆုံးသွားခဲ့သည်။

ဒါပေမဲ့ သမီးလေးကိုတော့ အသက်ရှင်လျက်ကျန်စေခဲ့လေသည်။

မိခင်၏ သန့်ပြန့်လှပသော မျက်နှာနုနုလေးနှင့် ကိုယ်ပေါ်မှာပါလာသော ရတနာတွေကြောင့် အဆင့်အတန်းကို ခန့်မှန်းလိုက်မိသည်။

ရုပ်ရှင်ဆန်ဆန်အဖြစ်တွေကို အနာဂတ်မှာ မလိုလားသော





ကြောင့် ကလေးမိခင်၏ စိန်ရွှေရတနာလက်ဝတ်လက်စားတို့ကိုပါ အပြီးသတ်ဖျောက်ပစ်သည်။

ထိုစဉ်မှာ ဒေါ်မိမိတင်၏ တစ်ဦးတည်းသောသားလေး 'နေ' က နှစ်တန်းကျောင်းသားလေး ...

"မောင်မြမော် အဲဒီကလေးမကို မင်းမွေးရမယ် သူဟာ ငါ့သားရဲ့ ဇနီးလောင်း ဒါပေမဲ့ ငါ့ချွေးမမဟုတ်ဘူး ..ငါ့ရဲ့သမီး ..ငါ့သားကိုလေးစားချစ်ခင်သလို ဂရုစိုက်လုပ်ရမယ် ဒီကလေးဟာ ငါ့သားအတွက် အသန့်စင်ဆုံးဇနီးလောင်းဖြစ်နေရမယ်၊ အဲဒီအတွက် ငါ့မောင်ဆုံးသွားပြီဆိုတော့ ငါ့မောင် မင်းထွတ်တင် .လုပ်ကိုင်ဦးစီးခဲ့သမျှ စီးပွားလုပ်ငန်းအားလုံးကို ကန့်သတ်ချက်တစ်ခုနဲ့ မင်းကိုပိုင်ဆိုင်ခွင့်ပြုထားမယ် အဲဒီကန့်သတ်ချက်က ဒီကလေးကိုမွေးနေစဉ်အတွင်းမှာ ဒီစီးပွားအားလုံးက အကျိုးအမြတ်အားလုံးမင်းပိုင်တယ်လို့မှတ် မပျက်မစီးစေရဘူး ...တိုးတက်အောင်ကြိုးစား ရသမျှကိုမင်းခံစားရမှာပဲ နောင်အခါ ဒီကလေးအရွယ်ရ ပညာစုံလို့ ငါ့သားနဲ့ လက်ထပ်ပေးတဲ့အချိန်ကျရင် ပစ္စည်းတွေကို ပြန်သိမ်းသင့်တာသိမ်းမယ် တိုးတက်ထားသမျှ ဘယ်လောက်များများ မင်းအားလုံးရမယ် မင်းရဲ့ ဖြူစင်မှုကြိုးစားမှုပေါ်မူတည်ပြီး ခံစားခွင့်သပ်သပ်ထပ်ပေးသင့်ရင်ပေးဦးမယ်"

ဒီဇာတ်လမ်းက ဦးမြမော်ကိုယ်တိုင် သရုပ်ဆောင်လည်း ဟုတ်ဒါရိုက်တာလည်း လုပ်ရတော့မည်။

ထိုအခါကျမှ ဒေါ်ခင်ဆင့်ပါလာရတာဖြစ်၏။

"မိန်းကလေးကို မွေးမြူဖို့ မိခင်က ပိုပြီးသင့်တော်ပါတယ်။ မမကြီး ကျွန်တော့်ကို လုပ်ငန်းပိုင်းတွေပါ ခဏကိုင်တွယ်သုံးစွဲခွင့်ပြုတယ်ဆိုရင် ကလေးအတွက် မိခင်တစ်ယောက်လို စိတ်ချရမယ့် မိန်းကလေးတစ်ယောက်ကို ကျွန်တော်ခေါ်ခွင့်ပြုပါ"

ထိုစဉ်က ဒေါ်ခင်ဆင့်၏ မိဘမဲ့ အနှိမ်ခံဘဝလေးကို သေချာပြောပြပြီး ကယ်တင်ရာလည်းရောက် ကလေးထိန်းဖို့လည်း အဆင်ပြေအောင်ခွင့်တောင်းခဲ့သည်။

ဒေါ်မိမိတင်က လည်းခွင့်ပြု၏။

ဒေါ်ခင်ဆင့်ဟာ ငယ်ငယ်ရွယ်ရွယ်ကလေးပေမယ့် ဦးမြမော်ကိုလည်း ဟိုအရင်ခြံချင်းကပ်လျက်နေခဲ့စဉ်ကတည်းက ရင်းနှီးယုံကြည်ခဲ့သူဖြစ်သည်။

အလွန်လှ၍ ချစ်စရာကောင်းသော သသကိုလည်း တကယ့်သမီးလေးလိုပဲ ချစ်ခင်ယုယကာ ဒီနေ့ထိ အိမ်ထောင်ပြုဖို့တောင် စိတ်မကူးခဲ့တာလည်း သသ၏ ကုသိုလ်ကံပဲဖြစ်မည်။

"တစ်ခုတော့ရှိတယ် ကလေးနဲ့ ပတ်သက်တဲ့ ဇာတိဇာစ်မြစ်ကို မင်းကြောင့် လုံးဝအစမပေါ်စေရဘူး ..ဒါကိုမင်း တတ်နိုင်မှ နောက်တစ်ယောက်ကိုခေါ်ဖို့ ဆုံးဖြတ် ...ငါကတော့ အသက်ပေးပြီး သဖ္ဘာစောင့်သိတဲ့ လူယုံလို့ မင်းကို သဘောထားခဲ့တာ ငါ့မောင်လေးအထွန်းရဲ့ ကျေးဇူးကိုမင်းပြန်သိမယ်လို့လည်း မျှော်လင့်တယ်"





ဒေါ်မိမိတင်က ချည်ပြီးတုတ်ပြီးပြောတာမျိုးမဟုတ်ပါ။ သူမက စိတ်ထဲရှိတာကိုပဲပြောခြင်းဖြစ်သည်။

ဦးမြမော်ကိုလည်းယုံကြည်လွန်း၍မဟုတ် ...

သို့သော် ဘာလုပ်လုပ်ကြာကြာတွေဝေချင့်ချိန်နေတတ်သည် မရှိသောအကျင့်နှင့် ဆုံးဖြတ်ခဲ့ခြင်းသာဖြစ်သည်။

ကိုယ်ဖြစ်ကိုယ်ခံ မှားရင်မှောက်အိပ် ဆိုတာမျိုး ...

"ပြီးတော့ ကလေးကိုမွေးတဲ့ ရည်ရွယ်ချက် ဘယ်လိုရည်ရွယ် ဘယ်ဆိုတာ လုံးဝမသိပါစေနဲ့ မိဘမဲ့ဆိုတာရယ် မင်းတို့တွေဟာ မိဘမဟုတ်ဘူးဆိုတာရယ် အသိပေးထားပါ ... နောင်တစ်ချိန်ချိန်သားနဲ့ ဒီမိန်းကလေးတွေဆုံခြင်းဟာ ဘာအဓိကလဲဆိုတာ တောင်မသိစေနဲ့"

ဒေါ်မိမိတင်က စီစဉ်ခဲ့တာအားလုံးစနစ်တကျ ဦးမြမော်ကားလမ်းကြောင်းပေါ်လာ၍ အတိတ်ကို သတိရမိသွားသဖြင့် အတန်ကြာငြိမ်သက်သွားခဲ့ပြီး။

ဒေါ်ခင်ဆင့်က နေရာမှထ၍ ဦးမြမော်ဘက်ကို မျက်နှာချင်းဆိုင်ရပ်လိုက်သည်။

"ပြောပါဦးအဖေကြီးရယ်၊ သမီးတို့ကို ဘယ်လောက်ထိစိတ်ထားနေသလဲ ဘာတွေပြောသေးလဲဆိုတာ"

"မမကြီးက ပြောရင်ဖြစ်အောင်လုပ်တယ် သူများကိုလည်း သူ့လိုပဲ ဖြစ်မှကြိုက်တာ လူတိုင်းကိုလည်း မယုံတတ်ဘူး ယုံထိုက်

တဲ့လူကိုလည်းအကဲခတ်နိုင်မယ် အခုကိစ္စမှာ ငါတို့ကို သက်သက်ပုံချပြီး ပြောတာတော့မဟုတ်ဘူး ကလေးရဲ့ ပင်ကိုယ်စရိုက် ဗီဇပါနေတာကိုသိတယ် ဒါပေမဲ့ ထိန်းကျောင်းမှုလိုတယ်ဆိုတာလည်း ပြောတယ်။ သူစိတ်ဆိုးတာကလည်းသူထင်သလို ကွက်တိဖြစ်မလာနိုင်တာကိုတွက်မိလို့ပါ ဘာဖြစ်လို့လဲဆိုတော့ ...”

ဦးမြမော် စကားမဆက်ဘဲရပ်သွားသဖြင့် ဒေါ်ခင်ဆင့်စိတ်ဝင်တစားမျှော်လင့်နေခဲ့သည်။

အတော်ကြီးကြာမှ

“နေ ကလည်းလက်မခံဘူး ...”

ဟု ခပ်တိုးတိုးပြောလေသည်။

♥♥♥





အခန်း (၄)

“အိမ်ထောင်ပြုတဲ့အလုပ်ကို စိမ်းချက်နဲ့ ဘဝအစကနေအဆုံးသိ စိတ်တိုင်းကျရေးဆွဲသွားလို့ရသလားမေမေ လူကြီးချင်း စေ့စပ်ပေးကြ လက်ထပ်ပေးကြလုပ်ပေးရင်တောင် ကျွန်တော်လက်ခံဖို့ ဝိတ်ကူးမရှိဘူး ...”

“ဘာပြောတယ် သား ....”

ဒေါ်မိမိတင် ကုလားထိုင်လက်တန်းကို တင်းခနဲ ဆုပ်ချကိုင်ကာ မတ်မတ်ဖြစ်သွားသည်။

ကြက်သွေးရောင်ဆိုဖာတပ် ပန်းကနုတ်များနှင့် ထည်ဝါခန့်ညားနေသော ကျွန်းကုလားထိုင်ကြီးပေါ်မှာ လူကထိုင်နေသော်လည်း ကျွတ်ထွက်မတတ်နီရဲတောက်နေသည့် မျက်လုံးများက နေရှေ့ကိုပြေးလာသည်။

ပန်းနုစ်ဖက်ကိုကိုင်၍ 'မင်းပြန်ပြောစမ်း ထပ်ငြင်းကြည့်စမ်း' သည့်စကားတို့ကို ပြတ်သားခက်ထန်စွာပြောနေခဲ့သလို ...

ရောက်ကတည်းက လုံးဝမထိုင်ဘဲ ရပ်နေခဲ့သော နေက လည်း မျက်နှာခပ်လွှဲလွှဲပြုနေပေမယ့် ရင်မဆိုင်၍ ရှောင်ဖယ်တာ မျိုးမဟုတ် မကြာလို၊ မမြင်လို၍ ရှောင်လွှဲတာမျိုး ...

"မေမေတို့လုပ်ခဲ့တဲ့ပုံသေ ဟိုးခေတ် ကျေးပိုင်ကျွန်ပိုင်စံနစ်တွေ လို ..."

"တိတ်စမ်း ဘာကျေးကျွန်လဲ ငါက ခိုင်းဖို့တွက်နဲ့ ..."

ဒေါ်မိမိတင်၏ အသံတွေ ဒေါသကြောင့် အဆမတန် တုန်ခါ နေသဖြင့် စကားခဏရပ်ရသည်။

ပြီးမှဆက်၍

"ချွေးမတစ်ယောက်ရဖို့အတွက် အချိန်တွေစိတ်ကူးနဲ့ ငွေတွေ ရင်းနှီးဆုံးရှုံးခံခဲ့တယ်လို့ မင်းထင်နေသလား ဘဝတစ်ခုကို ကယ် တင်ခဲ့တာ အဲဒီ ကယ်တင်မှုကိုပိုပြီးအဓိပ္ပာယ်တွေပြည့်ဝသွားစေချင် လို့ ဘဝအတွက် ရှင်သန်မှုထဲမှာ ငါလုပ်ရင်ဖြစ်ရမယ်ဆိုတဲ့ မာနနဲ့ ဖြစ်အောင်လုပ်မလို့ ခွန်အားတွေ မွေးခဲ့တာ ဘဝတစ်ခုကို ကယ်တင် ရာရောက်သလို ဘဝတစ်ခုမပျက်စီးတော့ဘူး ..အဓိကက မင်းရဲ့ဘ ဝကို အသန့်စင်ဆုံးဖြစ်စေချင်တာ ..."

"ဘဝဆိုတာ နွံနစ်နေတဲ့ ပတ္တမြားမှမဟုတ်တာမေမေ ...ရေ ဆေးချလိုက်ရုံနဲ့ ပြောင်စင်သွားမလား၊ သွေးပေတာနဲ့ အရောင်ထွက်





သာမှာလား လုပ်ယူဖန်တီးလို့မရတာ ကံတရားပဲ အိမ်ထောင် ရေးဆိုတာ မဲနှိုက်သလိုပါ အဖြူအမည်းကောက်ကြောင်းတွေနဲ့ ခဲ့ပြီးတဲ့ ဘဝတစ်ခုကို မလိုချင်ဘူး"

"မလိုချင်လို့မရဘူး ...မေမေ ချရေးခဲ့တာ တံတွေးဆွတ်ဖျက် လိုက်လို့ရတဲ့ ကျောက်သင်ပုန်းပေါ် က စာမဟုတ်ဘူး နှလုံးသွေးနဲ့ ရေးတဲ့ အက္ခရာ အဲဒါ မေမေသားကို ချစ်လွန်းလို့ မေမေထားခဲ့တဲ့ မျှော်လင့်ချက်တွေ အစီအစဉ်တွေ မင်းပြောခဲ့သလို မေမေရဲ့ စီမံချက် ခေါင်းခါလို့မရဘူး ပြန်ဖျက်ခွင့်မရှိဘူး သသကို မင်း လက်ထပ်ရ ယ့် မိန်းကလေးဆိုတာ နှလုံးသွင်း .."

နေ ခေါင်းခါယမ်းလျက် လည်ဂုတ်ကို ဖိပွတ်နေမိသည်။

ဒေါ်မိမိတင်က စိုက်ကြည့်လာပြီး

"မိန်းခလေးက ဘာမှမသိဘူး မင်းလည်းပြောပြဖို့မလိုဘူး ဒီ င်းနဲ့ပဲ ရင်းနှီးမှုရဖို့ကြိုးစားပါ ..ဒါဟာ အာဏာတစ်ခုအမိန့်တစ် ပ်နဲ့ ချက်ချင်းစီစဉ်မပေးချင်လို့ သားကို မေမေ အသိပေးတာ ..."

"မဟုတ်ပါဘူးမေမေ ကျွန်တော်မြင်လည်း မမြင်ဖူးဘူး ...သိ လည်း သိထားခဲ့တာမဟုတ်ဘူး မေမေ့ ဘာသာအဝေးတစ်နေရာမှာ ရှေ့အိမ်ထဲထည့်ထားခဲ့တဲ့ မိန်းကလေး အဲဒါကို ..."

"အဆင်းအင်္ဂါအနေဖြင့်သားငြင်းနိုင်မှာမဟုတ်လောက်တဲ့ ရုပ် မျိုးပါ မေမေက သားအတွက် ပစ်စလက်ခတ်စီစဉ်ခဲ့တာမဟုတ်ဘူး ပေမဲ့ မင်းထက် ခုနစ်နှစ်ငယ်တယ်။ ဘယ်လောက်ပဲ ထိန်းကျောင်း

ပြုပြင်ထားတယ်ဆိုပေမယ့် မိဘမဲ့တဲ့ စရိုက်ဆိုးလေးနည်းနည်းရှိတယ်။ ဘာပဲဖြစ်ဖြစ် မေမေလိုချင်ခဲ့တယ်” ဒီမိန်းကလေးက အမိဝမ်းကကျွတ်ကတည်းက သားအတွက် ရည်ရွယ်ထားခဲ့တဲ့ ပန်းတစ်ပွင့် ဘယ်သူနဲ့မှမဆိုင်ဘူး ...ဒါပဲ”

နေ လည်ဂုတ်ကနေ မျက်နှာကို လက်ကရောက်လျက် တစ်ပြင်လုံးပွတ်သပ်ရင်း ဆံပင်တွေကိုပါဖွပစ်သည်။

“မေမေ ဒါပြောမလို့ခေါ်တာလား ...ပြီးပြီဆို ကျွန်တော်ပြန်တော့မယ်”

ပြောပြီး တံခါးဝသို့ မျက်နှာမူပြီး ...

“မပြီးသေးဘူး ဒီရက်ပိုင်းမှာ သသ မင်းဆီပြောင်းလာလိမ့်မယ်”

“ဗျာ ...”

❤❤❤





အခန်း (၅)

“ဟဲ့ တကယ်ပြောနေတာလား”

“တကယ်ပါဆို ...”

အင်ကြင်းက ဆရာကြီးလုပ်ပြီး ခေါင်းညိတ်လက်ပိုက်နေသည်။ ဒူးကတော့ ကျောင်းပျက်ရက်များနေသူမို့ စာအုပ်တွေ လျှောက်လှန်ကာ စာကူးဖို့လုပ်နေ၏။

“ဒါဆို ပြောပါဦး နင်က နင့်ဘဘ စီစဉ်တာကို နာခံမှာလား နင့်ရဲ့ မေလေး အကြံပေးတဲ့အတိုင်း လုပ်မှာလား”

အင်ကြင်းကပဲ မေးသည်။

သသက ဒန်းပေါ်မှာထိုင်ရာကနေ ထ၍ မြက်ခင်းပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။

ကိုယ်ကို လှဲအိပ်တော့မလို နောက်လှန်၍ လက်နှစ်ဖက်ထောက်

ရင်း မျက်နှာကိုရှုံ့မဲ့ပြီး . . .

"မကောင်းတာကတော့ ဘယ်နည်းလမ်းမှမကောင်းဘူး ဘဘက လည်း အိမ်ထောင်ချပေးမယ်၊ မေလေးပြောသလို သူ့သူငယ်ချင်း အပျိုကြီးမမဆိုတဲ့ အိမ်မှာကော ပျော်နိုင်မလား အပျိုကြီးဆိုက တည်းက စိတ်ညစ်ပြီးသားပဲ"

"ဒါကတော့ နင်ယောကျ်ားမလိုချင်ရင် မယူရမယ့်နည်းကို နှာခံ လိုက်ပေါ့ အပျိုကြီးတွေက တည့်အောင်ပေါင်းတတ်ရင် ချစ်ဖို့ကောင်း ပါတယ်ဟာ ..."

သသ မျက်နှာလေးမဲ့လျက်နှင့်ပဲ ခေါင်းညိတ်သည်။

"ဟုတ်တယ် ငါလုပ်စရာ အဲဒါပဲရှိတော့မယ် ...စိတ်ညစ်ဖို့ ကောင်းတာက ချက်ချင်းကြီးဟာ ကျောင်းပြီးဖို့ကလပိုင်းပဲလိုတော့ တယ် ပြီးမှ သွားရမယ်ဆိုတော်သေး ...."

"ဘာဖြစ်လဲဟာ ကျောင်းမပြီးပေမယ့် ဘယ်ကတက်တက် ဒီကိုလာရမှာပဲ ငါတို့ကတော့ ကိုယ့်သူငယ်ချင်းကို အိမ်ထောင်သည် ကြီးမဖြစ်စေချင်သေးပါဘူး ကျောင်းပြီးမှဆို တစ်မျိုး ..."

ထိုအခါ စာအုပ်တွေ ရှာဖွေနေသည့် ဖူးက မျက်နှာမော့လာ ကာ ...

"ခုကော သေချာလို့လား သူ ဘဘက သိပ်စည်းကမ်းကြီး တာ"

ပြောရင်း သသ ဘက်လှည့်ကြည့်၍ ...





"နင့် မေလေး စီစဉ်တာကို ဘဘက သဘောတူပေးမှာတဲ့ လား"

ထူးတော့ ထူးဆန်းပါသည်။

မေလေးကိုယ်တိုင်အမြဲတမ်း ဘဘ အမိန့်ကို လွန်ဆန်ခဲ့ဖူး တာမရှိ ...ခုကျမှ 'မေလေး အကြံပေးမယ် ..' ဟု ဒီလိုလုပ်ဘာညာ ချော့မော့ပြောလာခဲ့တာဖြစ်သည်။

ကိုယ်တိုင်တောင် ထူးဆန်းလိုက်တာဟု ထင်ခဲ့မိတာမို့ ဖူးမေး တာကို သသ မဖြေနိုင် ...

သူငယ်ချင်းတွေ ပြန်သွားကြတော့ ထိုကိစ္စကို မေးဖို့ သသ မေလေးကိုလိုက်ရှာသည်။

မေလေးနဲ့ ဘဘ စကားပြောနေကြသည်မို့ စောင့်ကြည့်နေရင်း မိုးချုပ်မှ မေလေးသောက်တော်ရေကပ်ဖို့ ဘုရားခန်းဝင်သွားသည်။

သသ အသာလေးကပ်လိုက်သွားပြီး ထိုကိစ္စကိုမေးတော့

'မေလေးက ငါ့နှယ်နော် ဘုရားခန်းထဲထိပဲ လိုက်မေးရတယ် လို့ ပုတီးစိပ်ပြီးအထိများစောင့်ပါဦးလား"

အပြစ်တင်သလိုပြောရင်း မေလေးက လှည့်မကြည့်တော့ဘဲ သောက်တော်ရေလဲခြင်းကိုပဲ ဆက်လုပ်နေ၏။

သသ မနေနိုင်တော့ဘဲ မေလေးကို ကူညီပေးရန် အနားကို တိုးပြီး ..

"မေလေးကလည်း သသသိချင်နေတဲ့ ကိစ္စကို မစောင့်နိုင်ပါ

ဘူး ...အခုပြောလည်းရသားနဲ့ ...”

သောက်တော်ရေကြေးဖလားလေးတွေများအားလုံးဖြည့်ပြီးတော့ ရေချိုင့်ကလေးလို အသာပြန့်ချသည်။

ပြီးမှ မေလေးက ထိုင်ဖုံပြန့်ပြန့်လေးမှာ ကျုံ့ကျုံ့ထိုင်လိုက်ကာ ...

“ဘာဖြစ်လို့လဲ အဲဒါ ဘယ်သူ့အစီအစဥ်နဲ့ပဲဖြစ်ဖြစ် ညည်းလေး မလိုချင်တာမယူရရင်ပြီးရောမို့လား ..”

သသက အနားမှာ ပုံ့ခနဲထိုင်ချလိုက်ပြီး မေလေးပခုံးပေါ်မှာတင်ထားသည့် တဘက်စောင်အနားစလေးကိုတို့ထိဆော့ရင်း ...

“ဟုတ်တယ် ဒါပေမဲ့ ထူးဆန်းနေလို့ ပြီးတော့ ဘဘက သဘောတူပဲ့မလားလို့လည်း စိုးရိမ်လို့ ..”

မေလေးက လက်ကောက်ဝတ်မှာရစ်ပတ်ထားသည့် ပုတီးကိုဖြုတ်၍ လက်ထဲမှာလုံးကိုင်ရင်း ရှောင်တော်တွေ ကွန့်မြူးကာ ကြည်ညိုဖွယ်ကောင်းသော ဗုဒ္ဓရုပ်ပွားတော်ကြီးကို ဖူး၏။

ဒီကလေး သူသိချင်တာမသိရမချင်း ဘုရားဖြောင့်ဖြောင့် ဖူးရဖို့ မလွယ်တာကြောင့် လက်အုပ်မချီနိုင်သေးဘဲဖြစ်နေခဲ့၏။

“ကလေးရယ် ညည်းလေးကို စိတ်ချမ်းသာစေချင်လို့ မေလေးက အဖေကြီးကို သေချာရှင်းပြပြီးခွင့်တောင်းရတာပေါ့.... သမီးဘဘက တကယ်ခွင့်ပြုတာပါ ဘာဖြစ်လို့လဲဆိုတော့ ဟိုမှာက အပျိုကြီး ဒေါ်မိမိဇင်ရှိတယ် ... ဘာဖြစ်ဖြစ် သူက သမီးနဲ့ မရင်းနှီးသေး





တော့ မေလေးကို ဆိုးသလို ဆက်ဆံသလို သမီးမဆိုးရဲတော့ဘူး ... အပျိုကြီးနဲ့ အတူနေဖို့တို့ကိုပဲ စိတ်ချသွားတာပေါ့”

“မေလေးကလည်း အခု သသက ဘယ်လောက်များဆိုးနေလို့လဲ”

သသနှုတ်ခမ်းလေးစူထော်နေသည်။

မေလေးက ပြုံး၍ သသဆုပ်ဆွဲထားသည့် တဘက်ကိုပြန်ဆွဲကာ ပခုံးပေါ် ကျကျနနတင်လိုက်၏။

“မဆိုးဘူးဆိုရင်တောင် မလိမ္မာဘူးလေ ဟုတ်တယ်မို့လား သမီးကျောင်းလစ်ပြီး ရုပ်ရှင်ကြည့်လိုက်တာ မေလေးမသိပေမယ့် သမီး ဘဘက သိတယ်”

“ဟင်”

သသ မျက်လုံးလေးပြူးသွား၏။

“ကဲ ..ထွက်တော့ မေလေးဘုရားရှိခိုးမယ် ..ညကျတော့မှ သမီးပြောင်းရွှေ့ဖို့ကိစ္စ မေလေးစီစဥ်ပေးမယ် ..ဟုတ်လား”

မေလေးလက်အုပ်ချီ၍ မျက်လုံးတွေမှိတ်လိုက်မှ သသ အပြင်ထွက်လာခဲ့သည်။

တစ်ခါတစ်လေ သူငယ်ချင်းတွေနဲ့ ရုပ်ရှင်သွားကြည့်တာအပြစ်လား ..ဘောင်ဘီအတိုအရှည် ဝတ်တာကော ဘာဖြစ်သွားမှာမို့လို့လဲ ..

သသရည်စားထားနေတာလည်းမဟုတ်

ပြောမရဆိုမရ ဆိုးသွမ်းနေတာလေးရှိလို့လား ..

တွေးတိုင်း မကျေနပ်ဖြစ်တာက ဘဘကိုပဲဖြစ်၏။

ဘာဖြစ်လို့ ချက်ချင်းကြီး တင်းတင်းကျပ်ကျပ် လုပ်လာမှန်းမသိ… သသ ခြေလှမ်းတွေ စိတ်ပျက်လေးလံလျက် တစ်ခုခုကို မလွှဲမသွေ လုပ်ရတော့မှာပဲကိုသိကာ အခန်းထဲပြန်ရောက်တော့ ခေါင်းကို လက်နှစ်ဖက်နှင့် စုံကုတ်၍ ချဲ့ဖွပစ်လိုက်သည်။

စိတ်ညစ်သလား လဲသေလိုက်တော့ သသ ….

♥ ♥ ♥





အခန်း (၆)

"ပြီးပြီလား"

နှုတ်ခမ်းကို စူထော်၍ မကျေနပ်တိုင်းတိုးတိတ်စွာ ရေရွတ်နေခဲ့သမျှ ရှေ့မှာဦးမြမော်ရပ်လာတော့ အသံလည်းတိတ်ကျသွားသည်။

နှုတ်ခမ်းချွန်ချွန်လေးပြေကျသွားပြီး …

သို့သော် မကျေနပ်တာကို သိအောင်တော့ နည်းနည်းမှ မော့မကြည့်ဘဲ ခပ်တည်တည်လေးလုပ်ပြလိုက်၏။

မေလေးက တစ်မျိုးစီစဉ်တာဆိုပေမယ့် ဘဘက သဘောတူလိုက်ပြီဆိုကတည်းက ရှေ့ဆက်ခရီးမှာ ဘဘ အစီအစဉ် ဘဘရဲ့ သဘောအတိုင်းပဲ ဖြစ်တော့မယ်ဆိုတာသေချာပြီးသား …

ဘဘကြီးကြပ်ခဲ့သမျှ ငြိမ့်ညောင်းသာယာခဲ့တာရှိဖူးလို့လား

"အဝတ်တွေက ဒီလောက်တောင် ဘာဖြစ်လို့ ထိုးသိပ်သယ်နေဘာလဲ ဟိုရောက်ရင် ဟိုက သဘောကျနေရမှာ ဒါတွေဝတ်တာမကြိုက်ဘူးဆိုရင် အားလုံးအမှိုက်ပုံးထဲရောက်မယ့်ဟာ .."

အဲဒါကြောင့် ပါအောင်ယူနေရတာဟု မပြောဖြစ်သော်လည်း သသက ခပ်ရဲရဲပြန်မော့ကြည့်၏။

"ဘဘကလည်း ပါသွားပြီးသားဆိုတော့ လက်စနဲ့ ဝတ်ပစေဆို တာမျိုး ဖြစ်နိုင်သေးတာပေါ့ ..ဘာမှယူမသွားတော့မှ လက်ရှည်ခါး တိုနဲ့ ချိတ်ထမီကြီးကိုဝယ်ပေးနေရင်ဘယ်လိုလုပ်မလဲ ..."

"အဲဒီလောက်ထိ ခေတ်နောက်ပြန်တဲ့ လူတွေမဟုတ်ဘူး ..ဒါ ပေမဲ့ ညည်းဒါတွေဝတ်တာလည်း လက်ခံမှာမဟုတ်ဘူးဆိုတာသေ ချာတယ် ...ဗိုက်ပေါ် ချက်ပေါ် ဒူးပြတ် ပေါင်တိုနဲ့ ယဉ်ကျေးမှုမ ရှိ ..."

ဦးမြမော်ပြောသမျှ စကားတွေက လက်နက်များနှင့် ပစ်ခွင်း နေသလို သသ မျက်နှာရှုံ့မဲ့သွားလိုက်၊ မျက်နှာငုံ့၍ ပွစိပွစိပြောနေ လိုက် ..

ဦးမြမော်ကလည်း သိသည်။

ဒါပေမဲ့ မသိသလိုလုပ်၍ ပြောစရာရှိသမျှ ပြီးအောင်ပြောနေ လိုက်၏။

"ဟော့ ...ပြောနေတာကြားလား အဝတ်တွေပြန်ထုတ်စမ်း"

"ဘဘကလည်း မမြင်အောင်ထားမှာ မဝတ်ရဘူးဆိုမဝတ်ဘူး"

"မလိုချင်ဘူး မယူရဘူး ညည်းဒီမှာ ဘယ်လိုနေတိုင်ပျက်စီးနေ တယ်ဆိုတာ ဟိုက ချက်ချင်းသိဦးမယ် အုပ်ထိန်းတဲ့ လူကြီးဟော့ သိက္ခာကျတယ် ..."

သသ ဆတ်ခနဲဖြစ်သွားသည်။

"ဘယ်လို ဘယ်လို ဘဘ သသက ပျက်စီးနေတယ်ဟုတ်





လား"

ဦးမြမော်ကလည်း ဆတ်ခနဲ ခေါင်းညိတ်၍ မျက်မှောင်ကုတ် နှင့် တင်းတင်းမာမာကြည့်သည်။

"ဟုတ်တယ် ကိုယ်ကျင့်တရားမပျက်စီးပေမယ့် ဝတ်စားနေ ထိုင်မှုမှာ ညည်းတော်တော်ပျက်စီးနေတာ အဲဒါကို ဖုံထိသယ်ပိုး သွားဖို့ လုံးဝမစဉ်းစားနဲ့"

"ဘဘ နော် သသက ပြန်ပြောတယ်ဖြစ်မှာစိုးလို့ ငြိမ်နေတာ ဘဘပြောတဲ့ ဗိုက်ပေါ် ချက်ပေါ် သသ ဘယ်နှစ်ခါဝတ်လို့လဲ ...ရှော့ပင်နဲ့ ဘောင်းဘီတိုဝတ်တာလည်း ကစားတုန်းပဲဝတ်တာ ပျက်စီးတယ်ဆိုတာ လုံးဝဖွဲ့တာပဲ ဘဘ ရက်စက်တယ်"

"အံမယ် လူကြီးကိုများ သူက ပွဲသလေး ဖွဲ့သလေးနဲ့ တိတ် တိတ်နေစမ်းပြောသလိုလုပ် ခံမပြောနဲ့ ..."

မာမာထန်ထန်ပြောလိုက်ပြီး နာရီကိုငုံ့ကြည့်သည်။

"မြန်မြန်လုပ် ပြီးရင်ထွက်ခဲ့ ..."

"မေလေးကော"

"မေလေး ဘယ်ရောက်လည်းမေးမနေနဲ့ ရန်ကုန်တစ်မြို့ တည်းနေရမှာ အချိန်မရွေးလာတွေ့လို့ရတယ် .."

ဦးမြမော် ထွက်သွားတော့ သသ ဒွေ့ခနဲ ခုန်ကာ မွေ့ရာပေါ် ကို တစ်ကိုယ်လုံးပစ်ထိုင်လိုက်ပြီး ...

ပြန်ထုတ်ဆိုလို့ ပြန်ထုတ်ဖို့ ဇစ်ဖွင့်၍ မထုတ်ဖြစ်သေးဘဲ ရှိနေ

သော အဝတ်တွေက သာရေအိတ်ပက်လက်ထဲကနေ ဖွားခနဲ မြောက်တက်လွင့်စင်ကုန်၏။

ဒါလည်း သသ မကျေနပ်ပါ ..

သားရေအိတ်ကြီးကို စုံကိုင်၍ ကြမ်းပေါ် သွန်ချပစ်လိုက်၏။

"ဟဲ့ ..ဟဲ့ အို ဘယ်လိုဖြစ်တာလဲ သမီး .."

ဒေါ်ခင်ဆင့် ကပျာကယာ ပြေးဝင်လာကာ ကြမ်းပေါ်မှာ ပြန့်ကျဲနေသည့် အင်္ကျီတွေ စကတ်တွေကို သိမ်းကျုံးကောက်၏။

ပြီးတော့ မွေ့ရာအစပ်မှာထိုင်ကာ အင်္ကျီတွေကို တစ်ထည်နှစ်ထည်ဖြန့်ကြည့်လိုက်ပြီး ...

"ဘာဖြစ်လို့လဲ သမီး ..ဒါတွေ မယူရဘူးလို့ ဘဘ ဆူသွားလို့လား..."

"သိလည်း မမေးနဲ့ပေါ့ မေလေးရာ ..စိတ်ညစ်တယ် ဟိုတောင်မရောက်သေးဘူး ဒီလောက်ဖြစ်နေတာ ..."

"သမီးရယ် ဒီလိုလည်းမဟုတ်ပါဘူး သူများအပြောအဆိုမခံရအောင် ဆင်ခြင်ခိုင်းတာပါ ..."

"လုပ်မနေပါနဲ့ မေလေးလည်း ဘာထူးလဲ ဘာလုပ်လုပ် ဘဘကိုပဲ ..."

"အို ..ဘဘ မကျေမနပ် မကြည်ဖြူဘဲလည်း မေလေးက ဘာလုပ်ဝံ့သလဲ သသလေးရယ် .. ဒီယောက် အဆင်ပြေသွားအောင်တောင်မှ မေလေးမနည်းပြောထားရတာ ..သမီး ဟိုရောက်သွားရင်





ဒေါ်မိမိဇင်နဲ့ အဆင်ပြေအောင်နေတတ်ဖို့ပဲလိုတာပါ ..."

"ဘဘထက်ပိုဆိုးဖို့က ကိုးဆယ့်ကိုးရာနှုန်းပါပဲ"

"မဟုတ် မပြီးကြသေးဘူးလား"

ဦးမြမော်အသံကြီး ခပ်သဲ့သဲ့ ဟိန်းထွက်လာတော့ ဒေါ်ခင်ဆင့်မျက်နှာပျက်သွားကာ သင့်တော်မည့် အင်္ကျီထမီတွေကို ကိုယ်တိုင်ပဲထည့်ပေးသည်။

သသကတော့ မွေ့ရာပေါ်မှာ ခြေဆင်းထိုင်၍ မျက်ရည်ပြည့်နေသော မျက်ဝန်းတို့ကို မျက်တောင်မခတ်ဘဲနေခြင်းကြောင့် မျက်ရည်ကို ဆင်းကျမလာဘဲ အံကြိတ်ထိန်းနေသည်။

ဒေါ်ခင်ဆင့် ပစ္စည်းတွေထည့်ပေးရင်း မျက်နှာမမော့ဘဲ မျက်ရည်တွေကျလာသည် ...။

ဒီကလေးကို ကိုယ့်ဝမ်းနဲ့ လွယ်မထားခဲ့ရတာပဲရှိတာပါ။

ဘယ်တုန်းကမှ ခွဲမအိပ်ဘူးခဲ့ ..သူမလက်နဲ့လည်းမရိုက်နှက်ဘူးပေ။

သသဆိုတဲ့ မိန်းကလေး ဒီလောက် ဆိုးနွဲ့လွန်းနေတာလည်း သူမကြောင့်ပဲဖြစ်သည်။

"ဒီကလေးကို ညည်းဂရုစိုက်ရမယ် ... ဒီကလေးကြောင့် ငါတို့ဘဝနှစ်ခုကပြည့်စုံခွင့် သာယာခွင့်ရကြမှာ ..."

ဟု ဦးမြမော်ပြော၍ ကိုယ့်ရှေ့ရောက်လာကတည်းက အလွန်

သနဲ့စင်လှသော ဒီမျက်နှာလေးကို ယုယမြတ်နိုးခဲ့ရတာ

ချစ်ကြတာချင်းတူပေမယ့် ဦးမြမော်က အငိုခံ၍ ဆုံးမသေးသည်။ ရိုက်ခဲ့ ဒဏ်ပေးခဲ့တာရှိသည်။

သူမမှာတော့ ကိုယ်တိုင်မရိုက်ရက်သည့်အပြင် ဦးမြမော်လွတ်သည်နှင့် ကလေးကိုပြေးဖက် ဒဏ်ရာကို ငုံ့ကြည့်ရင်း မျက်ရည်ကျ ...

ဖြူနုနေသော သသ လက်လေးတွေက ခပ်ဖိဖိဆုပ်ထားလျှင် တောင်ကြာကြာဖိကိုင်ထားသည့်နေရာဟာ တစ်နေကုန် နီရဲကျန်ခဲ့တတ်သည်။

ဦးမြမော်က နှီးဖျားပါးပါးလေးတွေဆောင်ထားသည်။

ရိုက်ရလောက်အောင် ဆိုးပြီဆို ခြေသလုံးလေးတွေကို နှီးဖျားလေးနဲ့ ရိုက်၏။

ထိုအခါ ထင်ကျန်ခဲ့သည့် အရှိုးရာဟာ လနဲ့ချီ၍ထင်၏။ ဒဏ်ပေးပြီဆို လဲမကျမချင်းပြေးခိုင်း ခြံထဲမှာ ပန်းအိုးတွေရွှေ့ခိုင်း အဲဒီ တစ်မနက် ထမင်းမကျွေးနဲ့ဟု အမိန့်ထုတ်တာမျိုးကရှိသေးသည်။ ကလေးကို မကျွေးရသည့်နေ့ကို ဒေါ်ခင်ဆင့်လည်းမစားနိုင် ...

ထမင်းမဟုတ်ဘဲ ပေါင်မုန့်တွေ ပူတင်းတွေ ပြီးတော့ သစ်သီးတွေအစုံကလေးကို ခိုးဝှက်ကျွေးရင်း ငိုမိသေးသည်။

"ညည်း ကာဆီး ကာဆီးမလုပ်နဲ့ ဒီကလေးရဲ့ စိတ်ဓာတ်





ဘရိတ္တဟာ ငါတို့ ဘဝနဲ့ဆိုင်တယ် ...တကယ်ဆို ဒီကလေးက ရွှေမင်းသမီး ငါတို့က အထိန်းတော်တွေပဲ ချစ်နေရုံနဲ့ မပြီးဘူး ..ကြီးပြင်းအောင်မွေးပေးလိုက်ရုံနဲ့လည်းမရဘူး ...သူတို့ဖြစ်စေချင်သလိုဖြစ်မလာရင် ခေါင်းညိတ်လက်ခံခဲ့တဲ့ ငါ့ရဲ့ ကတိတစ်ခုဟာ သူတို့ဆီက ကလေးနဲ့ ပတ်သက်ပြီးပေးကမ်းထောက်ပံ့တာတွေကို ရလို့မှ သက်သက်နဲ့ လိမ်ညာပေးခဲ့တဲ့ အလကား ကတိပျက်ရမှာ ..."

ဦးမြမော်က တည်ကြည်သည်။

အလုပ်ကိုကော အလုပ်ရှင်ကိုပါ သစ္စာထားသည်။

ပြီးတော့ သသကိုလည်း သူချစ်ပါသည်။

"ချစ်လို့အလိုလိုက်ထားရတယ် ငါတို့က တစ်သက်လုံးပိုင်ခွင့်ရမှာမဟုတ်ဘူးဟု အလိုလိုက်လွန်းသည့် ဒေါ်ခင်ဆင့်ကို ခဏခဏ သတိပေးနေခဲ့၏။

ဘာပဲဖြစ်ဖြစ် ဆွေမျိုးမဲ့ မိဘမဲ့နှင့် တစ်ကောင်ကြွက်ဘဝမှာ ထမလေးစားရမည့်သူဟာ ဦးမြမော်ဖြစ်ပြီး နောက်ထပ် သံယောဇဉ်ထားစရာသည် ဒီကလေးငယ်ပဲဖြစ်ခဲ့၏။

ဒီကလေးကို မေတ္တာပျက်မိမှာစိုး၍ အိမ်ထောင်မပြုတော့ဘဲနေခဲ့သည့် မေတ္တာတွေဟာ ပေးဆပ်ခြင်းသက်သက်နဲ့ပါ ...

နှစ်ယောက်လုံးခံစားချက်ကိုယ်စီနှင့် မျက်ရည်ကျနေကြဆဲ ဦးမြမော်နောက်ထပ်ဝင်လာပြန်သည် ...

"မိဆင့် ညည်းက ဘာလို့ ဒီထဲဝင်လာနေတာလဲ နေရာတကာ

ထိုးကဲလုပ်ပေးမနေနဲ့”

မျက်ရည်ကျနေတာကို စိတ်မချမ်းသာလို့ ဆူပစ်လိုက်တာဖြစ်သည်။ ဒေါ်ခင်ဆင့် သံယောဇဉ်ကြီးတာကို သိနေသဖြင့် ဦးမြမော် စိတ်မကောင်းပါ ဒါကြောင့်လည်း ‘ကလေးသွားခါနီးရင် ညည်းထွက်မလာနဲ့’ လို့ညကမှာထားမိသေးသည်။

သို့သော် ဆူသံပြောသံကြားတိုင် ခေါင်းမူးလာတတ်သည့် ဒေါ်ခင်ဆင့်အဖြစ်ကို မသိသလိုနေရင်း မပြောရက်တော့တာနှင့် မတားဖြစ်တော့ဘဲ ကြည့်နေခဲ့မိ၏။

ထင်သလိုပဲ ..

အခု မျက်ရည်ကျနေပြီ …

“ကဲ ပြီးရင်းထားခဲ့တော့ အပေါ်မှာ ညက ငါစာရင်းလုပ်ထားတဲ့ စာပွဲမှာ ကြိုးနဲ့ချည်ထားတဲ့ ဖိုင်တစ်တွဲရှိတယ် …အဲဒါသွားယူပြီး ငါယူမယ့် အိတ်ထဲထည့်ပေးထား ဒီအိတ်ကပြီးပြီမို့လား”

ပြောပြောဆိုဆို ဦးမြမော်က ဒေါ်ခင်ဆင့်ထည့်ပေးထားသည့် သားရေအိတ်ကြီးကို ကောက်ဆွဲသည်။

“အို အဖေကြီးမကိုင်နဲ့ပါနဲ့ ကျွန်မကားပေါ်တင်လိုက်ပါ့မယ်”

“မတင်နဲ့ ခိုင်းတာကိုသွားလုပ် ဟိုတစ်အိတ် သသ ဆွဲထွက်ခဲ့”

ကားနားထိပို့ပြီး ရှိုက်ငိုကျန်ခဲ့မှာကို သူလည်းမကြည့်ရက် … ဒါပေမဲ့ ဒေါ်ခင်ဆင့် အခန်းထဲကထွက်သွားတော့လည်း ငိုလို့ပဲဖြစ်ပါ၏။ သသက ကားနားရောက်မှ နောက်ပြန်လှည့်ကြည့်နေသည်။





မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသော်လည်း မငိုဘဲ သက်သီးလေးနှစ်ဖက်ဆုပ်ထား၏။

သူမနဲ့မေလေးတို့၏ နှုတ်ဆက်မျက်ရည်များကို မကြည့်ရက်၍ ဘဘ တမင်ခွဲထုတ်ပစ်လိုက်မှန်းသိသည်။

နှုတ်ဆက်ခွင့်လေးတောင် မပေးတာကိုတော့ နားလည်မပေးချင်တော့ပါ ဘာဖြစ်လဲ ခွဲရတော့မှာမို့ငိုတာ မကြည့်ရက်ရင် မပို့နဲ့ပေါ့ ..

“ဟော့ တက်လေ …”

ဒရိုင်ဘာက စောင့်နေသည်။

ဦးမြမော်က တမင်လေသံကို မာဟန်ပြု၍ တံခါးပါဖွင့်ပေးနေ၏။ သသ မျက်ရည်ကို ဘယ်လက်ရော ညာလက်ရော ခပ်ကြမ်းကြမ်းပွတ်တိုက်သုတ်ပစ်လိုက်ပြီ …

“မေလေးရေ သသသွားပြီ …”

ဟု အာခေါင်ခြစ်အော်၏။

ပြီးတော့ ကလေးလို ဟီးခနဲ ငိုချလိုက်ကာ ကားပေါ်တက်သည် ခုလောက်ဆို ဒေါ်ခင်ဆင့်တစ်ယောက် ကြုံကြုံပါအောင်ငိုနေပြီ …။

အတွေးနှင့် ဦးမြမော် ခပ်ကြိတ်ကြိတ် သက်ပြင်းချသည်။ ကားလေးက ဘယ်သူ့ငိုတာကိုမှ ဂရုမစိုက်စွာ ဘီးလှိမ့်လေသည်။

❤❤❤

## အခန်း (၇)

ဒီတိုက်ကြီးက ဘယ်နှစ်ရာစုခေတ်က တိုက်ကြီးလဲ ခြံရှေ့မှာ [illegible] ကားရပ်လိုက်သည်နှင့် သသ နှာခေါင်းရှုံ့သည်။

ခြံဝန်းကြီးက တံတိုင်းအမြင့်ကြီးနှင့် တံခါးကျတော့လည်း [illegible] ထဲသော သံချပ်ကြီးနှစ်ချပ်ကို တံတိုင်းအမြင့်နဲ့ မတိမ်းမယိမ်း [illegible] ထားသေးသည်။

တကယ်ကြောင်တယ် ...

မနေနိုင်မထိုင်နိုင် ပါးစပ်ကထွက်သွားတော့ အနားမှာကပ်[illegible] နေသည့် ဘာဘက လှည့်ကြည့်သည်။

သသ မသိသလို လုပ်နေလိုက်သည်။

ကားရပ်လိုက်တာနှင့် တံခါးချပ်ကြီးတွေက ဘေးကိုကွဲထွက်[illegible] ၏။ ဒီတော့မှ အောက်ခြေမှာ ဘီးတွေပါမှန်းသတိထားမိလိုက်သည်[illegible]





ခြံဝနှင့် ကားလမ်းတစ်လျှောက်မှာ သစ်ပုတ်ပင်ကလေးတွေ ဘန်းစီးနေတာလမ်းက ကတ္တရာလမ်းဖြစ်၏။

ပြီးတော့ ရှည်လျားလိုက်သည့်လမ်း ...

ခြံဝနဲ့ တိုက်ကို ဂငယ်ကွေ့ကွေ့နေရသေးသည်။ အပြင်ကနေ ဘစ်စွန်းတစ်စမြင်ရသည့်တိုက်ခေါင်မိုးစွန်းကြီးက အထဲမှာ သေချာမြင်ရတော့ နန်းဆန်ပေမယ့် ခေတ်မီသည်။

တိုက်ကြီးက ဆလင်ဒါပုံရှိကာ နှစ်ထပ်အမြင့်မှာ ဝရန်တာတွေအပြည့်ထုတ်ထား၏။

တိုင်လုံးကြီးတွေမှာ ကျကျနနထုဆစ်ထားသည့် မန်းကနုတ်လက်ရက်တို့က နန်းဆန်နေ၏။

အနက်ရောင်ပြာလဲ့နေသော မှန်ချပ်တွေချည်းသုံးထားသဖြင့် ဘယ်အရပ်က ကြည့်ကြည့် ရှေ့နောက်ခွဲဖို့မလိုဘဲ အားလုံးက တစ်မျက်နှာတည်းလိုဖြစ်နေသည်။

ကားက တိုက်ကို သေချာမြင်ခွင့်ရပြီးမှ ပေါ်တီကိုအောက်ကို ဝင်လာခဲ့၏။

တံခါးက သုံးထပ်

ဘာဂျာတံခါးကို ဖွင့်ထားလျက် ဒုတိယမှန်တံခါးကိုစေ့ထားသည်။ နောက်က ကျွန်းတံခါးကြီးကိုပါ လှမ်းမြင်ကာ သသ စိတ်ညစ်သွား၏။

ဒီခြံဝန်းဒီတိုက်ကြီးကို မြင်လိုက်ကတည်းက ကိုယ့်နောင်ရေး

ကို တွေး၍ ရင်လေးသွားမိသည်။

စိတ်ထဲမှာတော့ ထောင်ကြီးတစ်ခုကိုမြင်လိုက်ရသလိုပါပဲ ..

"ဟွန်း အစကတည်းက လင်ယူမယ်လို့ ခေါင်းညိတ်လိုက်ရရင် အကောင်းသား"

ပြောတာကတော့ ပြောနေကျလို့ နှုတ်ခမ်းလှုပ်ရုံပဲဖြစ်သည် ဒါပေမဲ့ အသံထွက်သွားတော့ ဦးမြမော်က မျက်ထောင့်နီကြီးနှင့် လှည့်ကြည့်၏။

"ဘာပြောလိုက်တယ် သသ ..."

"ဟို .."

ရုတ်တရက်ဘဘ တကယ်ဒေါသထွက်သွားမှန်းသိတော့ သသ ဘာပြန်ပြောရမှန်းမသိ ....

"မိန်းကလေး နုနုငယ်ငယ်နဲ့ ဒီလောက်ရိုင်းရိုင်းစိုင်းစိုင်းပြောတတ်နေသလား"

"ဘဘကလည်း ဘယ်သူကြားလို့လဲ ..."

ပြောပြီး သသက ဆင်းဖို့ တံခါးလှည့်ဖွင့်သည်။

ဦးမြမော်က ခပ်ဖိဖိဆောင့်ဆွဲထားလိုက်ပြီး ...

"ဘယ်သူကြားရမှာလဲ အခု ငါကြားတယ်လေ ..နောက်ထပ်ပြောရင် နောက်ထပ်တစ်ယောက်ကြားသွားမှာပဲ ကြည့်စမ်း ဘယ်လောက်ရုက်ဖို့ကောင်းလဲ"

သသ မျက်လွှာချလျက် ကုရှင်မှာ ဆောင့်မှီလိုက်သည်





ဦးမြမော်က လက်ကိုလည်းမလွှတ် ..

ထပ်၍ ကြိမ်းမောင်းရင်း ဆုံးမစကားတွေပြောဖို့ကလည်း ဘားက ပေါ်တီအောက်ရောက်နေပြီဖြစ်ရာ ...

"သသ ညည်းကို ဘယ်လိုဆုံးမမှရမှာလဲဟင် ဒီလိုပေါ့ပေါ့ပြောပေါ့ပေါ့နေပုံနဲ့ အားလုံးမျက်နှာပျက်စရာတွေဖြစ်ကုန်တော့မယ်"

"ဘာမှမဖြစ်ပါဘူး ဘဘရယ် ..."

ကတိပေးတာမျိုးမဟုတ် ...

နားညည်းလို့ နားအေးပြီးရော ပြောလိုက်တာမျိုး မျက်နှာရှုံ့ချက် ဦးမြမော် စိတ်မချမ်းမသာဖြစ်သွားသော်လည်း ဘာမှပြောနိုင်မသာတော့ပါ ...

"ကြွပါ ဘဘ အထဲမှာ ကြီးကြီးရှိပါတယ်"

ကျစ်ဆံမြီးတိုတိုလေး နောက်မှာကျစ်ချထားသည့် ပုပုဝဝ ကောင်မလေးတစ်ယောက်က မှန်တံခါးဖွင့်ပေးရင်း ဖိတ်ခေါ်နေပြီဖြစ်၏။

သသကလည်း ခုမှပဲ ရှောရှောရှူရှူဆင်းတော့သည်။

ရှေ့ကို သွားချင်လွန်းလို့မဟုတ်ပေမဲ့ နောက်မှာနားအေးဖို့ လောလောဆယ် အရေးကြီးနေသည်။

ဒါပေမဲ့ ရှေ့ကနေ တံခါးဝထိ တက်သွားပြီးမှ ဘဘမပါဘဲဝင်ရတာသိတော့ ရပ်စောင့်ရပြန်၏။

'သတိထား' ဆိုသည့် မျက်လုံးနှင့် ဦးမြမော်က ကြည့်၍

"မိညို ကားပေါ်က အိတ်တွေသယ်လိုက်ဦး"

"ဟုတ်ကဲ့ ရှင့် .."

မိညိုကိုခိုင်းပေမယ့် မျက်လုံးဝင်းဝင်းကြီးတွေက သသကိုစူးစိုက်ကြည့်လျက်နှင့် အနားကကပ်ဖြတ်၍ အထဲဝင်သွားသည်။

ဟွန်း ...

သသ ပခုံးနှစ်ဖက်တွန့် နှုတ်ခမ်းလေးမဲ့၍ ဒီဘက်လှည့်လိုက်လျှင်အယ် ...

မျက်မှန်ကြီးတဝင်းဝင်းနှင့် စူးစိုက်ကြည့်နေသည့် မျက်လုံးတစ်စုံ ..ကျောဝဲမှာတောင်စိမ့်သွားသည်။

မျက်လုံးကလား မျက်မှန်ကလားမသိ

မီးလုံးကြီးတွေလို ဝင်းပြောင်နေသည်။

ဘဘကို မဟုတ်ဘဲ သူမကိုသာ တစိုက်မက်မက်ကြည့်နေတာဖြစ်သည်။

အမှတ်တမဲ့ ဖျတ်ခနဲ မျက်လွှာချလိုက်ပြီးမှ

"ဘာဖြစ်လဲ လူကိုများ တရားခံကြည့်ကြည့်လို့"

မာနစိတ်လေးနှင့် မျက်လုံးဝင့်ကာပြန်ကြည့်ပစ်လိုက်သည်။

မျက်နှာချင်းဆိုင် နီးနီးကလေး ဖြစ်သွားတဲ့အထိ သသမျက်နှာမလွှဲဘဲနေသည်။

ခပ်သွယ်သွယ်ပေမယ့် လေးထောင့်ဆန်ချင်သော မျက်နှာပြည့်ပြည့်ကြီးက မသိမသာပြုံးလိုက်ပေမယ့်လည်း သိသာသွားခဲ့





"ထိုင် ..."

ဘဘကလည်း မတ်တပ်ရပ်တာတောင် လက်နှစ်ဖက်ကိုဆန့်ကပ်ချကာရှေ့မှာ နှစ်ဖက်ဆုပ်ထားသေးသည်။

ပြီးတော့ ဒီတိုင်းကြီး ကြောင်တောင်တောင်ရပ်နေပြီး ထိုင်ဆိုမှ ရို့ရို့လေးဝင်ထိုင်၏။

ကျောင်းအုပ်ဆရာမကြီး ရှေ့ရောက်နေသည့် ကျောင်းသားကလေးလို ..ဒီတိုက်ကြီးရယ် ဒီပိုင်ရှင်အမျိုးသမီးကြီးရယ် ဘဘနဲ့ ဘယ်လိုဘာအကြောင်းတွေ ပတ်သက်နေခဲ့မှန်းမသိ ...

"ထားခဲ့တော့လေ ရပြီ ..."

ဘယ်လိုမှ ထင်မှတ်မထားသော စကား ...

သသ ပဲ အံ့သြသွားတာမဟုတ်ပေ ...

ဘဘကိုယ်တိုင်မျက်နှာပျက်လျက် သသကို အနည်းငယ်ငဲ့ကြည့်၏။

မျက်လုံးချင်းဆုံသည်အထိ မဟုတ်ပေမယ့် ဘဘ ရုတ်တရက်ကြီး ထားခဲ့ပြီးပြန်ချင်ပုံမပေါ်တာ သသ သိလိုက်သည်။

သသကတော့ ဘဘကိုဘယ်လိုဘာညာ မိတ်ဆက်ရင်းနှီးစေသည်မရှိခဲ့ဘဲ ဒီတိုင်းငုတ်တုတ်ကြီးကျန်ခဲ့ရမှာလား ..

အဓိပ္ပာယ်မရှိတာ ...

ကိုယ်က ဒီမှာနေရမှာ အခုရှေ့မှာထိုင်နေတာ ဘယ်သူ ..

ဒီမှာ ဘယ်လိုပုံစံ ဘယ်လိုစည်းကမ်းနဲ့နေ ..ဘာညာ ...သိ

ခွင့်မရှိတော့ဘူးလား...။

ပြီးတော့ 'ဒီမှာ လာနေမှာ သူလား ..' ဆိုတာလောက်တော့ မေးသင့်သေးသည်။

"ဟုတ်တယ် နည်းနည်းတော့ မလိမ္မာဘူး ဆုံးမပါ ..'ဘာညာ ဘာဘတိုင်ချင်သေးရင်တိုင်ပေါ့ ..."

ခုတော့ ဥပဒေမလွတ်ကင်းသည့် ပစ္စည်းတစ်ခုခုကို တိတ်တိတ်ဆိတ်ဆိတ် လူမသိအောင် ရောင်းဝယ်နေကြသလိုလို ... သသတွေးနေတုန်းမှာပဲ တဆစ်ချိုးလှေကားကြီးပေါ်မှ ဆင်းလာသည့် လူရိပ်တစ်ရိပ်ကို မြင်လိုက်ရ၏။

ထိုအမျိုးသမီးကြီးမှ လွဲ၍ သသတို့မော့ကြည့်လိုက်မိကြသည်။ မျက်မှန်မပါသည်မှလွဲလျှင် နုတာရင့်တာလေးပဲကွာပါသည်။

သားအမိဆိုတာ သသ တွက်မိလိုက်၏။

"နေဦး မေမေ လွှင်ပြောစရာရှိသေးလို့"

ဟုလည်း လှမ်းပြော၏။

'လွှင်' ဆိုသည့် နာမည်ကို သသနားထဲမှာ အမှတ်တရဖြစ်သွားသည် သူက ဒေါ်မိမိဇင်အိမ်မှာနေရမှာပါ။

ဒေါ်မိမိဇင်ဆိုတာက အပျိုကြီး ...

ရှေ့မှာထိုင်နေသည့် အမျိုးသမီးကြီးလည်း မဖြစ်နိုင် ..

ဘာဘကတော့ ထိုအမျိုးသမီးလာတော့လည်း ဖင်တကြွကြွနှင့် အရိုအသေပေးနေပြန်သည်။





အိမ်မှာဆို ဘာဘကို မေလေးရော သသရော ရိုသေးကိုးကွယ်ခဲ့ ကြတယ် ...

ဘာဘမျက်နှာ ဘာဘအမူအရာများဟာ ရဲရင့်တည်ကြည်လှ၏။ ...ကျတော့ ထိုအမူအရာ ပုံစံတွေဘာဆိုဘာမှမရှိ ...

ဘာဘ ဒီလောက်ရှိသေနေတဲ့ ပုံစံကို သသကြည့်မရနိုင်ဖြစ်လာ ...ခဲ့မိ၏။

လွှင် ဆိုသည့် အမျိုးသမီးက သသတို့ရှေ့ကို လျှောက်လာကာ သသကိုပဲ စူးစိုက်ကြည့်သည်။

ခဏရပ်နေပြီးမှ အမျိုးသမီးကြီးဘေးမှာ ထိုင်လိုက်၏။

ပြီးတော့ သသကို ရည်ရွယ်သောစကားဘာမှမပြောဘဲ 'ထား ...ခဲ့ဆိုတာက ဒီလိုလေကိုမော်ရဲ့ ဟိုမှာဇင်က ပြန်မရောက်သေးဘူး ...ဒီမှာ နှစ်ရက်လောက်နေရဦးမှာ ကလေးကို တင်တို့ပဲပို့လိုက်ပါ့မယ်"

"ဩော် ဟုတ်ပါပြီ ..."

ဦးမြမော်က ခေါင်းညိတ်ပြီး သသ ဘက်ကိုလှည့်၏။

"သမီး ဒီလူတွေကို ကိုယ့်မိသားစုလိုပဲ သဘောထား ..ဘာဘလို ...တ်ချရတဲ့လူတွေချည်းပဲ လိုအပ်တာပြော လိမ်လိမ်မာမာနေနော် ...ဘာဘမကြာမကြာလာမယ်"

ပြောနေတာ မဆုံးသေးခင်ထရပ်လိုက်၏။

ဒီခြံဝင်းထဲ ဝင်ရောက်တည်းက ကိုယ့်ကိုယ်ကိုယ်ပင် ဘာ ...တွေဖြစ်နေမှန်းမသိတော့အောင် မျက်စိလည်နေသဖြင့် ဘာဘထပြန်

မှာကို ဘဝင်မကျသော်လည်း သသ ဘယ်လို စကားစရမှန်းမသိဘဲ ပျာပျာသလဲလိုက်တော့ကြည့်မိ၏။

ဦးမြမော်ကလည်း ဘာမှထပ်မပြောချင်တော့သလို ထွက်ခွာသွားပြီဖြစ်လေသည်။

ဘယ်လိုလဲ သသကို သူစိမ်းတွေလက်ထဲမှာ စိတ်မချစွာ ထားခဲ့ရတာမျိုးမဟုတ်ဘဲ ဥစ္စာရင်းမှန်လို့ ပြန်ပေးလိုက်ရသလို ဘဘ တစ်စက်ကလေးမှ ကိုပြန်မကြည့်ခဲ့တာ ...။

"မင်းနာမည်ကိုပြောပါဦး"

စကားသံကြားမှ ဘဘဆီကို လိုက်ကြည့်နေခဲ့သည့် သသ မျက်ဝန်းလေးတွေ ရှေ့တူရှုသို့ ပြန်ရောက်လာခဲ့၏။

လွင်ဆိုသော အမျိုးသမီးက ပြုံးပြနေကာ ...

"သမီးနာမည်ကိုလေ ..."

"သမီးဦး ..."

လေသံက ပုံမှန်အတိုင်းပဲဖြစ်ပေမယ့် အလိုမကျသည့် သသ မျက်နှာလေးက မှုံကုတ်ကုတ် ...

ဒေါ်လွင်ကတော့ အံ့သြသွားပုံလည်းမရ

ထူးခြားဟန်လည်းမရှိဘဲ သိထားပြီးတာ တစ်ခုကိုထပ်သိလိုက်ရသလို အပြုံးမပျက် ...

တချို့ဆို 'ဘာ ..သမီးဦး ဟုတ်လား ..' ဟု တအံ့တသြ မေး၍ ရယ်တဲ့သူကရယ် .. "လူကိုသာမမြင်ရရင် သမီးဦးဆိုတဲ့ မိန်းကလေး





ဟာ ရာဇဝင်ထဲကလို ဖြိုးဖြိုးဖြက်ဖြက် ထိုင်မသိမ်းရှည်ကြီးတွေဝတ်ထားသလား ..ဒါမှမဟုတ် နည်းနည်းပါးပါး ခေတ်ကို အားနာပါးနာလျှော့ပေါ့ပြီး ရင်ဖုံးလက်ရှည် ပွပွ ဖျင်ထမီတိုတိုဝတ်တဲ့ ပုံတုံးကြီးလား... ဟားဟား ထင်နိုင်တယ်သိလား ..တကယ်ပြောတာ"

တက္ကသိုလ်တက်စတုန်းကလည်း ဒီလိုပဲ သူငယ်ချင်းတွေက စခဲ့သေးသည်။

"ပြောပါဦး အဲဒီနာမည်ဘယ်သူပေးခဲ့တာလည်း"

ထိုအပြုံးကို မနှစ်မြို့တော့ဘဲ သသကတော်တော်နှင့် မဖြေပြောလည်း သိပြီးသားပုံနဲ့ မိန့်မိန့်ကြီးပြုံးနေဦးမှာ ...

"မေးရင်ဖြေရတယ်လေ .."

အမျိုးသမီးကြီးက ဝင်ပြောသည်။

မာထန်ထန်အမိန့်ပေးတာမျိုးတော့မဟုတ်ပါ ..

အမြင်မတော်လို့ သင်ပြတာမျိုး ...

ဒါပေမဲ့ သသက မျက်နှာကို မလှည့်

"ဘဘတို့ပဲပေးတာ ..."

"အိမ်မှာ ဘယ်လိုခေါ်လဲ"

"သသ"

"ချစ်စရာလေးပဲ"

သွားတွေပေါ် အောင်ပြုံးလိုက်တော့လည်း ဒေါ်လွင်က ခင်မင်ဖွယ်ရုပ်မျိုးဖြစ်သွားပြန်သည်။

သို့သော် ...

"ကျွတ်ဆတ်ဆတ် မာကျောကျောပုံလေးကတော့ ဘယ်က ကြည့်ကြည့်ပေါ်နေတာပဲ အပျွန်း လူကြီးတွေလက်ထဲမှာ တော် တော် အပိုးကျိုးနေပုံရတယ် .."

အမျိုးသမီးကြီးထံမှ ဒုတိယမြောက်ထွက်ပေါ်လာသည့် စကား သံ ..

"ဘာပဲဖြစ်ဖြစ် ခေတ်ကိုက လူငယ်တွေပုံစံက ဒီတိုင်းပဲ နမမေ ရဲ့ နုံ့နုံ့ အအ ခပ်ဖျင်းဖျင်းပုံကြီးလည်းမကောင်းပါဘူး .."

ဒေါ်လွင်က ပြောပြီး သသကိုပဲပြန်ကြည့်ကာ ...

"တော်တော်လေးချစ်စရာကောင်းတာပဲ ဒီလောက်ထိကိုထင် မထားပါဘူးဟု ပြောနေပြန်သည်။

သသနားမလည်ပါ ...

သူတို့ပုံစံက သသကိုရင်းနှီးသိကျွမ်းပြီးသားလို ...

စိတ်ထဲမှာတော့ ကိုယ့်ကို နားလည်ပေးလိုက်သော ဒေါ်လွင် ဆိုသည့် အမျိုးသမီးနောက်ထပ်မျက်နှာမငယ်ရအောင် ဆင်ခြင်နေ ထိုင်ဖို့ ဆုံးဖြတ်ပြီးဖြစ်သည်။

သသမှာအကျင့်တစ်ခုရှိသည်။

ထိုအကျင့်ဟာ ဆိုးလိုက်တာဟုပြောလျှင် ပိုဆိုးပြချင်တာဖြစ် ၏။ မကောင်းဘူးပြောရင် 'ဘာဖြစ်လဲ' ဟု လက်မထောင်ချင်သည်။

ဒါပေမဲ့ ကိုယ့်ကို တစ်ဖက်သားက ခွင့်လွှတ်ပေးလိုက်တာမှန်း





သိလျှင်တော့ ...

နောက်ထပ် ထိုအဖြစ်မျိုးထပ်မဖြစ်အောင် ဆင်ခြင်ဖို့ ကိုယ့်အ သိနဲ့ ကိုယ်ဆုံးဖြတ်ပြီးဖြစ်တတ်၏။

"သမီးက အန်တီတို့ကိုခုမှ မြင်ဖူးတော့ စိမ်းနေမှာပေ့ါ သမီး ကိုတော့ အန်တီတို့က မြင်ဖူးကြပြီးသားလေ ..."

ထပ်၍ရှင်းပြပေမယ့် ဒါပဲဖြစ်သည်။

ဘယ်တုန်းက ဘယ်လိုကြောင့် သိနေတယ်ဆိုတာမပါ။

"မှတ်ထားနော် မေမေက ဒေါ်မိမိတင်တဲ့ အန်တီက ဒေါ်မိမိ လွင် သမီးသွားနေရမယ့် အိမ်မှာ ဒေါ်မိမိဇင်ရှိတယ် အန်တီတို့က မမေလို့ခေါ်ပေမဲ့ တကယ်က တူမဝမ်းကွဲပဲတော်တာ ... အန်တီ နဲ့ ဇင့်ကို မေမေက ငယ်ငယ်တည်းက မွေးစားခဲ့တာပေ့ါ။ မေမေ မှာ သားလေးတစ်ယောက်ပဲရှိတာ ..."

ပြောပြန်ပြီ ....

သမီးရင်းဟုတ်တာ မဟုတ်တာတွေခုမှမြင်ဖူးတဲ့သူကိုပြောနေ ဖို့ လိုလို့လား ....

ပြီးတော့ သူမ သိချင်နေသည့် ဘဘနဲ့ ဒီအိမ်သားတွေဘယ် လို ပတ်သက်နေတယ်ဆိုတာကျတော့မပါသေး ...

"သမီးဒီမှာ လွတ်လွတ်လပ်လပ်နေ ...ဟိုအိမ်မှာ ဆိုးနဲ့သလို ဦးလို့ရတယ် ရင်းရင်းနှီးနှီးပေ့ါကွယ် ဇင်ပြန်ရောက်တော့မှ အန်တီ ခွင့်လိုက်ပို့မယ် ..."

"အန့်တီဇင်နဲ့ အန်တီက ညီအစ်မပေါ့နော်"

သသ ပထမဆုံး မေးတော့ ဒေါ်မိမိလွင်က ပြုံး၍ခေါင်းညိတ်၏

"ဟုတ်တယ် ဒါပေမဲ့ ဇင်က 'စိမ့်ရေ' မှာပဲနေတာ သူက အငြိမ်းစားကထိကလေ ကျန်းမာရေးကြောင့် နားလိုက်ရတာ။ ဒါပေမယ့် ဝတ္ထုတိုဆောင်းပါးလေးတွေရေးတာကို ဝါသနာပါတော့ သီးသန့်နေချင်လို့တဲ့ ..."

ဒီမှာရော လူဘယ်လောက်များလို့လဲဟု တွေးမိသေးသည်။

ဒါပေမဲ့ မမေးဖြစ်ပါ။

နောက်ထပ်ရင်ထဲမှာ ဖြစ်လာသည်က ဒေါ်မိမိလွင်ကိုတော့ သူမသဘောကျကျေနပ်သွားခဲ့မိသည်။

ဒေါ်မိမိဇင်က ဘယ်လိုပုံစံလာဦးမည်မသိ ...။

သူမကို ဒီမှာကျတော့ ဘာဖြစ်လို့ နေခွင့်မပြုရတာလဲ ...

♥♥♥





အခန်း (၈)

ဒီအိမ်ထဲမှာ ဒေါ်မိမိလွင် တစ်ယောက်ပဲ ဖေါ်ဖေါ်ရွှေရွှေပြောဆိုတာရှိသည်။

ဒေါ်မိမိတင်ကတော့ တည်တည်ငြိမ်ငြိမ် ပါးစပ်ပိတ်နေတက်ကာ အိမ်ဖော်ကောင်မလေးတွေကျတော့ ပျာယာခတ်ပြီး ပါးစပ်ပိတ်နေကြ၏။ အိမ်ကြီးကြီးသလောက် အိမ်သားက နည်းသည်။

ဒါပေမဲ့ အိမ်ဖော်တွေချည်းပဲ လေးယောက်ရှိနေသည်။

သန့်ရှင်းရေး အချက်အပြုတ် ဟိုသွား ဒီသွား အားလုံးကိုနေရာတကျ တာဝန်ပေးထား၏။

လေးယောက်လုံး ခပ်ပုပု ငယ်ငယ်လေးတွေပဲဖြစ်ကာ မိညို မှလွဲလျှင် ဘယ်သူမှ ပြောဆိုရယ်မောနေတာမျိုးမရှိကြပေ။

သသ ကြည့်လိုက်တိုင်း လုပ်စရာရှိတာတွေ ဖျတ်ဖျတ်လတ်လတ်လှုပ်ရှားလုပ်ကိုင်နေကြပေမယ့် ပါးစပ်ကိုမဖွင့် ...

သသသွားပြောတာတောင် "ဟုတ်ကဲ့ မဟုတ်ဘူး ..." ဆို

တာလောက်ပဲ စကားပြန်ရသည်။

နှစ်ရက်လောက်ပဲဟု ပြောပြီး သုံးရက်ရှိသွားခဲ့၏။

အိမ်နောက်ထပ်ပြောင်းရမည့် နေရာသစ်တစ်ခုကို စိတ်ဝင်စားနေမိသဖြင့် ဒီမှာနေရတာလည်း သသ မပျော်ပါ။

အထူးသဖြင့် အန့်တီလွင်က အိမ်မှာ သိပ်မရှိတတ်။

တွေးရင်းငေးရင်း အပေါ်ထပ်ဝရန်တာမှာ ရပ်နေစဉ် အနက်ရောင် ဖိတ်ဖိတ်လက်နေသည့် ကားလေးတစ်စီး ပေါ်တီကိုအောက်ကိုဝင်သွားတာမြင်လိုက်၏။

မှတ်သားထားသည့် အတိုင်းဆို ဒီအိမ်ကြီးမှာ ဒီကားမျိုးမရှိ ...တစ်စွန်းတစ်စ မြင်နေရသည့် ကားနောက်မြီးကို ကုန်းကွလိုက်ကြည့်မိဆဲ ...

"သသ .."

"ဟင် ..."

ထူးလိုက်တာတော့မဟုတ် ...

နည်းနည်းလန့်သွားသည့်စိတ်နှင့် 'ဟင်' ခနဲလှည့်ကြည့်လိုက်မိတာဖြစ်သည်။

ဒေါ်မိမိတင်က ဝရန်တာ တံခါးဝမှာ ရပ်လျက် စိတ်ပျက်စွာသက်ပြင်းချလိုက်သလိုမျိုး နှုတ်ခမ်းကို ဖိပိတ်၍ကြည့်၏။

'ဟင်' ဟု ထူးလိုက်တာကိုလား ...

သသ ဝတ်ထားတာတွေကိုလား ...





ဒူးကျစကတ်ကြပ်ကြပ်နှင့် လက်တစ်လုံး တစ်ဝက်ပခုံးချိတ်ဘိုရုပ်လေးက ဒေါ်မိမိတင် မျက်လုံးများရှေ့မှာနေစရာမရှိတော့ ...

"ကြီးကြီး ဘာလဲဟင် ..."

အားလုံးခေါ်ကြသလိုပဲ သသ ခေါ်သည်။

မျက်လုံးက ဝေ့ခနဲကြည့်ပေမယ့် ဒေါ်မိမိတင်က မျက်မှန်ကို ချွတ်၍ ကြည်ကြည်လင်လင်ပဲပြုံးလိုက်၏။

"အောက်ခဏဆင်းခဲ့ဦး .. ဘာလဲ မင်း ပျင်းနေပြီလား ..."

ဒီလိုတော့လည်း မေးဖော်ရသား ....

သသပြုံးလိုက်ပြီးခေါင်းခါသည်။

"ရပါတယ်"

ဟုလည်း လိမ္မာပေးလိုက်သည်။

ဆင်းလာခဲ့ကြတော့ စောစောကမြင်လိုက်ရသည့်ကားနားမှာ ယောကျ်ားနှစ်ယောက်နှင့် ဒေါ်မိမိလွင်ပါရှိနေသည်။

ဒေါ်မိမိတင်က ဟိုလူနှစ်ယောက်ပြောသည့် စာအုပ်လေးမှာ ဘာတွေလိုက်ငုံ့ကြည့်နေမှန်းမသိ ....

"ဟောဒီကားကို မင်း စီးဖို့ ပို့ပေးလိုက်မှာ ကြိုက်ရဲ့လား"

ဒေါ်မိမိတင်က ပဲပြောသည်။

သသအံ့သြသွား၏။

ဒီလူတွေနဲ့သူက ဘာဆိုင်လို့လဲ ...

♥ ♥ ♥

## အခန်း (၉)

ခြံထဲမှာ ဒေါ်မိမိတင် ဖုန်းကိုင်ရင်း လမ်းလျှောက်နေသည်။ ဘယ်သူမှမကြားနိုင်မှန်းသိ၍လည်း လွတ်လွတ်လပ်လပ်ပြောနေတာဖြစ်၏။

"ရောက်ပြီဆိုလည်း လာခဲ့လေ ..နေ သားကို မေမေပြောပြီးသားနော် ..."

"ကျွန်တော်သိပါတယ်"

"သိလို့ပဲ အကြောင်းပြကောင်းကောင်းနဲ့ ထွက်သွားတာရှိလား"

"မေမေကလည်း အန်တီဇင်ကော ရောက်သေးလို့လား ..."

"မနေ့ကတည်းကရောက်နေတာ ကဲ ဘာအကြောင်းပြဦးမလဲ ..."





တစ်ဖက်က အသံခဏတိတ်သွား၏။

'အဲဒါဆိုလည်း ပို့ထားလိုက်ပါလား မေမေရာ ...'

"နေ ... သမီးဦးက ဇင်နဲ့ပေးစားမှာမဟုတ်ဘူး ..."

"ကြောင်တောင်တောင်နဲ့ မေမေရာ ..."

"ဘာမှကြောင်စရာမရှိဘူး ... ကောင်မလေးက ဘာမှလည်း သိထားတာမဟုတ်ဘူး ... မင်းကလည်း မိတ်ဆက်ဖို့မှမလိုတာ မေမေတို့ဖြစ်စေချင်တာက ချစ်ချစ်ခင်ခင်လက်ထပ်လိုက်တာကိုပဲ အာဏာသုံးပြီး ဆွဲပေးစားလိုက်တာမျိုးမလုပ်ချင်လို့ မင်း ဒီတိုင်းပဲစံနဲ့ပဲ မိန်းကလေးနဲ့ ရင်းနှီးအောင်ကြိုးစားပါ ..."

"အဲဒါကို ပြောတာပဲ ကျွန်တော်က သိနေတာကြီးကို ဘယ်လိုနေရမလဲ"

"နေဦး ထပ်ပြီး စိတ်ညစ်ဖို့ပြောလိုက်ဦးမယ် မိန်းကလေးက ခပ်ဆိုးဆိုးလေးပဲ ...မင်းသည်းခံ ..."

"ကျွတ် ...."

အနားမှာလူရိပ်တွေ့တော့ ဒေါ်မိမိတင် ဖုန်းပိတ်ပစ်လိုက်၏။

"ကြီးကြီး ..."

ခပ်လှမ်းလှမ်းမှာရပ်၍ သသကခေါ်သည်။

အားကစားဘောင်းဘီရှည်စင်းကျားနှင့် စပို့ရှပ်လက်ပြတ်အနက်လေးဝတ်ထားသည့် သသ၏ ကိုယ်လုံးကို ဒေါ်မိမိတင်က ခြေဆုံးခေါင်းဆုံးကြည့်၏။

ဝင်းစိုဖြူနုနေသည့် မျက်နှာလေးပေါ်မှာ ဖူးပြည့်နီမြန်းသော နှုတ်ခမ်းလေးတွေက ဘယ်ကကြည့်ကြည့် ထင်းနေ၏။

ပြုံးလိုက်ရယ်လိုက်တိုင်း ဘယ်ဘက်ပါးပြင်မှာ ပါးချိုင့်ရာ ရေးရေးလေးပေါ်သွားတတ်တာလေးက သူမကို အပြစ်ဟုထင်ထားသမျှ အားလုံးကို မေ့သွားရလောက်အောင် ချစ်ဖို့ကောင်းနေသည်။

ဒီကောင်မလေးဟာ ဆံပင်တိုတို ခေတ်ဆန်ဆန်ဝတ်ဆင်ထားတတ်တာလည်း ...

သူမမှာ မြင်ကာစက မျက်စိထဲမှာကသိကအောင့်ဖြစ်ခဲ့တာလည်း ရှိပေမယ့် ...

ကကြီးပုံ နဖူးလေးနှင့် ဇင်ယော်တောင်ပံဖြန့်သလို အဖျားလေးတွေကော့တက်နေသည့် မျက်ခုံးသွယ်သွယ် နက်နက်လေးများက ဖမ်းစားကာ ရိုင်းရိုင်းစိုင်းစိုင်းလှတာမျိုးမဟုတ်တာကိုလည်း လက်ခံခဲ့မိသည်။

အရပ်လေးမြင့်ကာ ကိုယ်လုံးလေးလည်းလှသည်။

သမီး လွင်ကလည်း ချစ်နေသည်။

သူမ ကျေနပ်လိုက်ဖို့ ကြံဖန်ဖြည့်စွက်တွေးရ၏။ ဒါပေမဲ့ ယဉ်ကျေးမှုကို ထိန်းသိမ်းတတ်ဖို့တော့ သင်ပြရပါဦးမည်။

"ကြီးကြီး ..."

"ဟင် ...ဟေ"

နောက်ထပ်ခေါ်တော့ ဒေါ်မိမိတင် အမှတ်တမဲ့မို့ ပျာပျာသလဲ





ဖြစ်သွား၏ ...

"ခြံထဲမှာ ကစားကွင်းရှိနေတာ ဘယ်သူကစားတာလဲဟင်"

"သားလေ ..သားဦးလေးပေါ့ ..."

ပြောပြီး ရှေးဟောင်းနှောင်းဖြစ်တို့ကို သတိရသွားသလို ဒေါ်မိမိတင်က ပြုံးနေသည်။

"ငယ်ငယ်ကဆို သားလေးကို သားဦးလို့ပဲခေါ်တာ ... ခေတ်ကာလထဲမှာတော့ ကန့်လန့်ကြီးဖြစ်နေတာပေါ့ ...ဒါပေမဲ့ ကြီးကြီးက သားဦးလေးကို အသက်လေးဆယ်ကျမှ မွေးခဲ့တာ ..."

ဩော် ဟုဆိုဖြစ်ရင်း အဘွားအရွယ်လောက်ဖြစ်နေသည့် ဒေါ်မိမိတင်ပုံစံခန့်ခန့်ကြီးကို သသ သဘောပေါက်သွား၏။

"ပြီးတော့ သားလေးက မျက်ခုံးထူထူ ကော့ကော့လေးနဲ့ မဟာနဖူးနဲ့ သိပ်ကို မဟာဆန်တဲ့ကလေး မွေးတော့လည်း သူ့ကိုယ်မှာ အိတ်ခွံလေးလိုလို ခရုခွံလေးလိုလို စွတ်လျက်သားလေး ပါလာတာ အဲဒီ အိတ်လေးဆွဲချွတ်လိုက်တော့ ကိုယ်မှာဆိုတာ ဘာအညစ်အကြေးမှ မတင်ဘဲ ရွှေတုံးကလေးလိုပါပဲ ..."

ဒေါ်မိမိတင်က ပီတိဖြာဝေသော မျက်နှာကြီးနှင့် ပြောနေသလို သသလည်း စိတ်ဝင်စားသွား၏။

"အဲဒါမျိုး ရှိလို့လား ကြီးကြီး"

"သိပ်ရှိတာပေါ့ကွယ် ..အဲဒီအိတ်ကလေးကို သူ့အဖေဆို တယုတယသိမ်းထားခဲ့တာ ..ပြီးတော့ သူ့ကိုမွေးတဲ့ညမှာ ရေမရှိဘဲ အလှ

စိုက်ထားတဲ့ပန်းအိုးထဲက ပွင့်လောက်တဲ့အရွယ်မဟုတ်ဘဲ နှင်းဆီဖူးလေးသုံးဖူးက ထပွင့်နေတာ ...”

တကယ်ပြောနေတာမှန်းသိသည်မို့ သသ အံ့သြနေမိသည်။

“ဒါကြောင့် သားဦးလေးလို့ တယုတယခေါ်ရင်း သားဦး လို့ပဲ ပါးစပ်ထဲမှာစွဲနေကြတော့တာ ဒါပေမဲ့ နည်းနည်းလောက် အရွယ်ရောက်လာတော့ မင်းသားက သဘောမကျဘူးတဲ့ အဲဒီလိုမခေါ်ပါနဲ့တဲ့လေ ... သူငယ်ချင်းတွေစကြလို့ဖြစ်မှာပေါ့ ခုကျတော့ နာမည်ကိုပဲခေါ်မှကြိုက်တော့တာ ...”

သသ တစ်ခုကိုဖျတ်ခနဲသတိရလိုက်မိသည်။

ထိုသူ့ကိုသားဦးလို့ခေါ်ခဲ့သည်တဲ့ ...

ကိုယ့်နာမည်က ‘သမီးဦး’

ဒါတိုက်ဆိုင်နေတာလား ...

ပြီးတော့ ဒီလူတွေအားလုံး ကိုယ့်ကို ရင်းနှီးချစ်ခင်နေကြတာကကော

“သမီးက ခြံထဲမှာ လမ်းဆင်းလျှောက်တာလား”

ဒေါ်မိမိတင်က စကားစပြောလိုက်သဖြင့် သသအတွေးတို့မဆုံးလိုက်ပေ

“ဟုတ်ကဲ့ ဟိုကစားကွင်းထဲမှာ ကစားချင်လို့ အဖော်ကမရှိတော့ ..”

“ကစားချင်တယ် ...”





ဒေါ်မိမိတင်က အံ့သြသွားသလို သသကို သေချာကြည့်သည်။ ပြီးတော့ပြော၏။

“သားဦးဆိုရင် ငယ်ငယ်ကတည်းက လူကြီးလေးလိုနေတာ .. ပုဆိုးဝတ်ပေးရင် တိုက်ပုံပါမှ ဘောင်းဘီရှည်လေးနဲ့ဆို နက်ခ်တိုင်တပ်ပေးရတယ် ကစားကွင်းက သူ့အတွက်လုပ်ပေးထားတာပဲ ဒါပေမဲ့ သူကမဆော့ဘူး ...သူများက သူပျော်အောင်ကစားပေးရတာ သူကထိုင်ကြည့်တာလေ ..”

ဒါကြောင့် သသ ကစားမယ်ပြောတာကို မကြိုက်တာလား

“ဘာကစားချင်တာလဲ ဘောလုံးတွေလည်းရှိတယ် ... ကြက်တောင်ဘက်တံတွေကော ...စကိတ်လည်းရှိတာပဲ .. အဲ သမီးနဲ့အတူကစားနိုင်တဲ့သူတော့ အိမ်မှာမရှိဘူး ...”

ဒေါ်မိမိတင် ပြောလိုက်တော့မှ သသတက်ကြွသွားကာ ..

“ရှိပါတယ် ကြီးကြီးရဲ့ မိညိုတို့နဲ့ ကစားမှာပေါ့ ...သူတို့က ကြီးကြီးဆူမှာကြောက်လို့ပါ ...”

ဒေါ်မိမိတင်က ပြုံးလိုက်ပြီး

“သမီးပျင်းရင်ခေါ်ဆော့ပေါ့ ...”

ဟုခွင့်ပြုလေသည်။

♥♥♥

အခန်း (၁၀)

"အံမယ် အံမယ် မဆော့တတ်ဘူးဆိုပြီး မိညိုတယ်သွက်ပါလား"

"အံမယ် မမ သ က ပိုတော်တာကိုး ..."

"ဟုတ်ပြီ ဟုတ်ပြီ ..လုထား .."

"ဂိုးတော့မယ်နော် ..."

"ဘယ်ရမလဲ ..."

"အယ် ..."

ခြံထဲကိုကားဝင်လာကတည်းက အလွန်ထူးဆန်းသော ဆူညံပွက်ထနေသည့်အသံတွေကို ကြားလာရတာဖြစ်သည်။

အိမ်က ကောင်မလေးတွေဆော့နေကြတာကို ကြည့်၍ ထူးဆန်းသလိုရှိသော်လည်း ဂရုမစိုက်မိခဲ့ ....

ပေါ်တီကိုအောက်မှာ ကားရပ်ပြီး တံခါးဖွင့်ဆင်းရပ်ပြီးမှ ...

မျက်လုံးထောင့်မှာ ရိပ်ခနဲ ပစ်ဝင်လာသော သဏ္ဍာန်တစ်ခု





လှည့်ကြည့်လိုစိတ်ကူးက နောက်ကျသွားသည်။

"ဖောင်း ..."

"အား .."

မျက်လုံးတစ်ဖက်မီးပွင့်သွား၏။

မျက်ရိုးကော ပါးပြင်မှာပါ အသားတွေကွဲထွက်သွားသလား ထင်ရလောက်အောင် ကျိန်းစပ်နာကျင်သွားလေသည်။

ဘောလုံးမှန်းသိလိုက်ခြင်းနှင့်အတူ ဒေါသက အနာထက်ပိုပြင်းသွား၏။

"တောက် စည်းမရှိ ကမ်းမရှိ ဘယ်သူလဲ ထွက်ခဲ့စမ်း ..."

သူအော်လိုက်သည်နှင့် လှစ်ခနဲရောက်လာသည် ...

ထင်သလို အိမ်ကကောင်မလေးတွေမဟုတ် ...

သူမလေးက သူ့ရှေ့ရောက်တော့မှ ပြေးလာသည့်အရှိန်ကို တုံ့ခနဲရပ်ပစ်ကာ နီရဲညိုပုတ်လျက် မျက်ရည်ပူတွေပါကျလာနေသည့် မျက်နှာကိုမော့ကြည့်သည်။

အံ့ဩဟန်လေးတမင်လုပ်ပြပြီးမှ ဟက်ခနဲရယ်မိကာ

"တော်တော်နာသွားလား ...ဆောရီးနော် ကန်လိုက်တာက တော့ ခင်ဗျားမျက်နှာဆီရောက်အောင်ကန်တာမဟုတ်ပါဘူး။ တည့်တည့်ကြီးကိုပစ်ဝင်သွားတာ အံ့ဩစရာကြီး ဟဲ ..ဟဲ .."

ပြောပုံက အချိုးမပြေ …

မျက်နှာထားက ပခုံးကနေကိုင်ပေါက်ပစ်လိုက်ဖို့ကောင်းနေ၏။

နေ အံကြိတ်၍ စိုက်ကြည့်ပစ်လိုက်သည်။

"မင်းက သမီးဦးဆိုတာလား .."

"ဟုတ်တယ် ခင်ဗျားက သိလို့လား .."

နေက ပါးရိုးမှာဆုပ်ကိုင်ထားသည့် လက်ကိုဖယ်၍ ခါးဆောက်သည်။

"ပုံစံလေးကြည့်တော့ ပါးရည်နပ်ရည် ရှိမယ့်ပုံနဲ့ တော်တော်ထုံသေးတာပဲ"

"ဟမ်"

သသ ဆတ်ခနဲဖြစ်သွားသည်။

ခံလိုက်ရတာမရှုမလှကြီးပါ ….

"ဒီအိမ်မှာ မိသားစုဘယ်နှစ်ယောက်ရှိလဲ ..မျက်စိအောက်မှာရှိနေတာဘယ်သူတွေဘဲ မရှိသေးတာဘယ်သူလဲ နည်းနည်းမှ မတွေးမိဘူးလား ..မင်းကို သမီးဦးမှန်း ငါသိနေရင် ငါဘယ်သူဆို တာမင်းသိရမှာပေါ့"

"ဟွန်း …"





သမီးဦးက ကြည့်ရှုမကောင်းအောင်နီရဲနေသေးသည့် မျက်နှာဘစ်ခြမ်းကို ရယ်တစ်ဝက်နှင့် လှောင်ရယ်ပစ်လိုက်ပြီးမှ …

"ထင်သားပဲ စိတ်သိပ်မဝင်စားလို့ နာမည်တောင် မမေးမိသေးဘူး …သားဦးဆိုတဲ့ တစ်ယောက်လေ ဒါပေမဲ့ ရှင်မဖြစ်နိုင်တာသေချာနေခဲ့တာပဲ ကြားထားတဲ့ သားဦးဆိုတာက မဟာဆန်ပြီးသိပ်ကို ကျက်သရေရှိတာပဲတဲ့ ခင်ဗျားလို အရုပ်ကြီးက ကြည့်ရှုမကောင်းအောင်ရှည် …ရုပ်က ကြည့်ပျော်ရှုပျော်မရှိ ဒီကြားထဲပါးတစ်ခြမ်းမှာဒဏ်ရာနဲ့ဆိုတော့ ဟား ဟ တွေးလည်းကြည့်ပါဦးသင်ယောင်ထင်မှားဖြစ်စရာလားလို့ …"

"တောက် …"

ပခုံးနှစ်ဖက်ကိုဆောင့်ခါပစ်လိုက်ချင်သည့် လက်တို့ကို ဆုပ်ဘားလိုက်ရသည်။

သသက ပခုံးလေးတွေ လှုပ်နေအောင် ရယ်၍ မျက်နှာပေါ်ဝဲကျလာသည့် ဆံပင်တွေကို ဟန်ပါပါ ခါထုတ်ပစ်လိုက်သည်။

"မိညို့ရေ လာပါဦး ဒီမှာ ညှော်သည်ထင်တယ် …"

အော်လိုက်တာလည်း စူးစူးရှရှ ကျယ်ကျယ်လောင်လောင် ..အော်ပြီးမှ ဆံပင်တွေ ဝေ့ခနဲခါထွက်သွားကာ သူ့ဘက်ပြန်လှည့်ကြည့်ကာ..

"သြော် ..နာသွားတာဆောရီးနော် ဘောလုံးမှန်တာကိုပြောတာ …"

ပြောရှိသေချာစိုက်ကြည့်ပြီးမှ မဲ့လိုက်သေးသည်။

"အိမ်ရှင်ဆီမှာ လျော်ကြေးတွေဘာတွေသွားတောင်းနေမှာစိုးလို့"

သသက စနေသည် ...

ကျေကျေနပ်နပ်ကြီးပြုံး၍ လှည့်ထွက်လာခဲ့သည်။

ရှေ့နောက်စဉ်းစားချင့်ချိန်ပြီးတော့များ ကြောက်တတ်နေရင် သသတို့ ဒီထိတောင်ရောက်လာဖို့မရှိ ...ဟွန်း...

သားဦးဆိုတဲ့ လူကြီး ...

ဒေါသတွေသိပ်ကို ထိန်းမရဖြစ်နေရင်လည်း ခေါင်းအုံးပေါ် မျက်နှာပြေးမှောက်ပြီး နှစ်ပတ်သုံးပတ်လောက် ဖွမ်းထိုးပစ်လိုက်ဦး ...

♥♥♥





အခန်း (၁၁)

ခြံထဲမှာကစားဖို့ခွင့်ပြုလိုက်တည်းက ကောင်မလေးတွေ ားမယ့်အချိန်ကိုစောင့်၍ နေပူပူ လေတိုက်တိုက် သသကဆော့ ာပဲဖြစ်သည်။

ဆော့ပြီးတိုင်းလည်း ခြေလက်ဆေးတာတို့ ရေချိုးခန်းထဲမဝင် း‌ပင်ရေလောင်းသည့်ပိုက်ကိုပြေးဖွင့်ပြီး စိတ်ရှိလက်ရှိ ထင်တိုင် ေးသည်။

ဆေးပြီးလည်း ခြေသလုံးကစ၍ ရေပိုက်ထိုးထားပြီး ကလေး ော့သလို ခြေချောင်းကလေးတွေ နူးနေအောင်ဆေးနေတတ်၏။

ခုလည်း ရေစိုစက်လက်နှင့် အိမ်ပေါ်တက်လာတော့ ညှော်ခန်း ှာ မိညိုတို့လေးယောက် ရို့ရို့လေးတွေရပ်နေကြသည်။

ဆိုဖာပေါ်မှာ ဒေါ်မိမိတင်ရယ် ဒေါ် မိမိလွင်ရယ် ...

ဒီဘက်မှာ နေ၊ သသတစ်ချက်ပဲ လှမ်းကြည့်၍ နောက်ထဲဝင်ဖို့ လှမ်း၏။

"သသ လာဦးသမီး"

ဒေါ်မိမိလွင်သည်ရေနွေးဇလုံနှင့် ရေနွေးပတ်ကပ်ပေးရင်း ခေါင်းညိတ်ခေါ်၏။

ကိုယ်မှာပေါင်တိုလေးနဲ့မို့ ဒေါ်မိမိတင်ရှေ့ကို သသ မသွားချင် ကစားကြတာက ကစားကွင်းထဲမှာ ...

ကစားကွင်းက ခေါင်းရင်းဘက်မှာမို့ ကစားပြီးတာနှင့် နောက်ဖေးကဝင်ပြီးတော့ အိမ်ထဲပြေးဝင်လိုက်ရင်ပြီးသည်။

ခုလိုကြီး ညှော်ခန်းမှာထိုင်နေလျက်နှင့်လည်း မကြုံဘူးသဖြင့် မျက်နှာတော့နည်းနည်းပူ၏။

ပိုဆိုးသည်က သားဦးဆိုတဲ့လူကြီးရှိနေခြင်းပင် ...

"လာ သမီးလာ ..ကိုမော့ဆီကတောင် ခုနကပဲ ဖုန်းဆက်လိုက်သေးတာ"

နောက်တစ်ခါထပ်ခေါ်မှ သသ အားလုံးရှေ့ကို လျှောက်သွားပြီး ..

"သွားကြတော့ ..."

မိညိုတို့ကို လှည့်ပြောလိုက်ပြီး သသကို ထိုင်ဖို့ မေးဆတ်ပြလိုက်တာက နေ ရှေ့မှာ ..

သသကတော့ နေ ဆိုသည့်နာမည်ကိုမသိသေးပါ ...

နေ ကိုမကြည့်ဘဲ ခပ်တည်တည်လေး ဝင်ထိုင်လိုက်တော့ ဒေါ်မိမိတင်က ဖွေးနုသွယ်လျသော သသပေါင်တံလေးဆီစိုက်ကြည့်သည်။





"နေဦး ..သသ ဘောင်းဘီတိုသွားလဲ ဝတ်ခဲ့ ..."

ထိုင်ပြီးမှ ပြန်ထခိုင်းနေသည်။

လာဦး ခေါ်တာကတစ်ယောက် တစ်ယောက်ကသွားဦးတဲ့ မနာခံချင်သည့် စိတ်လေးတော့ ဝင်လာမိသည်။

"ဒီလို မေမေ မောင်လေးက ခုတန်းပြန်မှာဆိုတော့ တစ်ခါတည်းပြောလိုက်ရင် သမီးအဝတ်လဲရင်းသိမ်းဆည်းချိန်ရတာပေါ့"

ဒေါ်မိမိလွင်တို့က နေ၏ မျက်နှာပေါ်က ဒဏ်ရာနှင့် ပတ်သက်၍ ဘာစကားမှမဟာခဲ့ဘဲ အဓိကပြောလာသည်မှာ သသ ဒီနေ့ ချက်ချင်းထွက်ခွာရဖို့ ...

"ဘယ်လိုအန်တီ သသ အခုလိုက်သွားရမယ် ..."

သသက မျိုသိပ်မထားဘဲ မေးသည်။

ဒေါ်မိမိတင်ကပဲ ဝင်ပြော၏။

"ဟုတ်တယ် ဟိုမှာ ဇင်ရှိတယ် သူကပဲ သမီးကို အစစအရာရာ စောင့်ရှောက်နိုင်မှာ ဒီမှာလို မခမ်းနားပေမယ့် 'စိမ့်ရေ' ကသည်းလှတာပါပဲ .."

"ဟိုမှာ အန်တီဇင်ပဲရှိတာလားဟင် ..."

"သားနဲ့ပေါ့ ....."

သသလှမ်းကြည့်တော့ နေကမကြည့်ပါ ...

စူပွတင်းပြတ်နေသော မျက်နှာနှင့် ဒေါ်မိမိလွင်လက်ထဲက ရေနွေးပတ်ကို ယူပြီး သူ့ဟာသူ ပြန်ကပ်နေ၏။

"သသက ဟိုကိုလိုက်နေမှဖြစ်မှာလား ကြီးကြီး ဒီမှာ ဘာလို့ မနေရတာလဲ ခမ်းနားတာကြီးကျယ်တာက ပြဿနာမဟုတ်ပါဘူး။ သသ ဒီမှာပဲပျော်တယ် ..."

ဒေါ်မိမိလွင်က အသံထွက်အောင် ရယ်လိုက်ပြီး နေလက်မောင်းကိုပါ ဆုပ်ကိုင်ထားလိုက်ကာ ...

"ဟိုမှာလည်း သမီးပျော်မှာပါ။ ကိုမော်တို့အကူအညီတောင်းလို့ သဘောတူလိုက်ကတည်းက သမီးကို 'စိမ့်ရေ' မှာနေဖို့စီစဉ်ပေးမယ်လို့လေ ..တကယ်တော့ ကိုမော်က ဟိုတုန်းက တို့ကို အများကြီးကူညီခဲ့ဖူးတယ် သူကိုတော့ တုံ့ပြန်ဖို့ကြုံလာတာ ဒါပထမဆုံးပါပဲ ပြီးတော့ သမီးကိုလည်း အန်တီတို့ကမြင်မြင်ချင်း ချစ်ခဲ့ကြတယ်လေ ဘာပဲဖြစ်ဖြစ် ကူညီရာလည်းရောက် တကယ်စေတနာရှိကြတာလည်းပါပါတယ် ..."

ထိုစကားအရောက်မှာ သိသာစွာတွန်းမဲ့ပစ်လိုက်သည့် နေ၏နှုတ်ခမ်းများကို သသ မြင်လိုက်သည်။

စိတ်ထဲမှာ ထောင်းခနဲဖြစ်သွား၏။

ဒီလူ့မျက်နှာဟာ ဘယ်လိုဆုတောင်းနဲ့ မုန်းစရာကောင်းနေမှန်းမသိ ...

"အစီအစဉ်ရှိခဲ့တာကိုက အဲဒီလိုမို့ပါ ... 'စိမ့်ရေ' က ကျောင်းနဲ့လည်းနီးတယ် ..မြို့ထဲနဲ့လဲနီးတယ် ..."

"အဲဒါတစ်ခုတော့ ပြောလိုက်ရမှာဖြစ်မယ် .."





ဒေါ်မိမိတင်က စကားစလိုက်ပြီး သသ ကိုယ်ပေါ်က ဝတ်စားထားပုံကို နောက်ထပ်ကြည့်ရှုပြန်သည်။

"ခေတ်မီမီနေထိုင်တာကို ကြီးကြီးတို့နားလည်တယ် ...ဒါပေမဲ့ စည်းစနစ်တော့ထားမှဖြစ်မယ်သမီး ...ဟိုမှာ ဇင်က ပိုပြီးအေးဆေးတော့ ဒါကို သိပ်ပြောတာဆိုတာရှိမှာမဟုတ်ဘူး ခုတည်းကပဲမှာချင်တာက သမီး ဒီလို"

"ဒါက ကစားတုန်းမို့ပါကြီးကြီး ပြေးလွှားကစားတာက ထဘီနဲ့ မဖြစ်လို့ပါ ... သသက အားကစားဝါသနာပါတယ်။ ဝတ်ဖြစ်တဲ့အခါ တော့ရှိမှာပါပဲ ..အဲဒါ ..."

"ဟုတ်ပြီ အဲဒါကို အခုထားလိုက်ဦး ရုံဖန်ရုံခါဆိုတာမျိုးကျတော့ ကြည့်ရဦးမှာပေါ့ ...နောက်တစ်ခုက သွားတာလာတာကအစ အပေါင်းအသင်းတွဲတာကို ဂရုစိုက်ပါ ..ကြီးကြီးတို့ကချုပ်ချယ်တာ အမိန့်ပေးတာမဟုတ်ဘူး ... ပိုပိုပြီးကောင်းစေချင်လို့ သမီးရဲ့ မိဘနေရာမှာ နေပြီးဆုံးမတာပါ ..."

"ကဲ မေမေတို့ မပြီးသေးဘူးလား ကျွန်တော်ပြန်မယ် ..."

"အို သား ပြန်လို့မဖြစ်သေးဘူးလေ ..."

နေကထဖို့ပြင်သည်အထိ အမူအရာနှင့် စိတ်မရှည်မှုကိုပြသည်။ ဒေါ်မိမိလွင်က ပျာပျာသလဲတား၏။

"သွား သမီး အဝတ်တွေလဲပြီးထွက်ခဲ့လိုက် ခုလောက်ဆို မိသို့တို့လုပ်ကိုင်ပြီးလောက်ပါပြီ လိုအပ်တာလောက်ပဲ စစ်ကြည့် .."

သသမကျေနပ်ပါ ...

ဒါပေမဲ့ ဒီလူတွေက ကလေးမဟုတ် ...

ဘဘနဲ့ ကျေးရူးတဲ့တင်ရှိခဲ့၍ ကူညီကြရုံလေး၊ ယောကျ်ား မလိုချင်၍ ခရီးတစ်ခု ဆန့်ထွက်လိုက်ရတာ ဒီလောက်ထိ ပူပြင်းရှုး ရှုနေလိမ့်မည်မထင်ခဲ့ပါ။

ခုတော့ ဘာတွေဖြစ်နေမှန်းကိုမသိတော့သည့်အဖြစ် ...

သသ ဆင်းလာတော့ ကိုယ်တော်က ကားပေါ်မှာ တောင့် မတ်စွာထိုင်၍ စောင့်နေသည်။

ဇင်ဆိုသည့်တစ်ယောက်က ဘယ်လိုနေမှန်းမသိ ...

ဒီလိုလူနှင့်လည်း တစ်မိုးအောက်တည်းနေရဦးမည် ...

"သားရေ နေ"

နောက်ကခေါ်သံ

ကားနားကျမှ ရပ်၍ သသ နောက်လှည့်ကြည့်မိ၏။

ဒေါ်မိမိတင်က စက္ကူအိတ်လေးတစ်လုံးကိုင်၍ ဆင်းလိုက် လာကာ

"ဇင့်ကို ဒါလေးပေးလိုက် ညကျ အိမ်ကိုလာခဲ့ဦးလို့ ..နော်.."

နေတဲ့လား ...

အထုပ်ယူရင်းလှည့်လာသည့် မျက်နှာကို သေသေချာချာကြီး စောင့်ကြည့်နေပြီးမှ သသ မျက်စောင်းထိုးပစ်သည်။

"ကြီးကြီး .."





"ဟင်"

ဒေါ်မိမိတင်က လှည့်ကြည့်၏။

"သသ အတွက်ကားဝယ်ထားတယ်ဆို ..."

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ ..."

"အခု အဲဒီကား သသ မောင်းသွားလို့မရဘူးလား ..."

"ကားက ဟိုအိမ်ပို့ထားလိုက်ပြီးပြီလေ ဟိုကျစီးရမှာပဲဟာ .."

ထိုစဉ် နေမျက်နှာ သသဆီသို့မော့လာလျက်

"ဘာလဲ မလိုက်ချင်လို့လား ခင်ဗျားကို ခေါ်ချင်လို့ ခေါ်နေ တယ်တော့၊ မထင်နဲ့နော် မေမေ သူ့ဟာသူ နောက်ကနေ အစီအစဉ် တစ်ခုခုနဲ့ လိုက်ပါစေတော့ .."

ပြောပြောဆိုဆို ကားကို စက်နှိုးလိုက်၏။

"ဟဲ့ ဘယ်ဖြစ်မှာလဲ နေ.. နေစမ်းမေမေကို စိတ်တိုအောင်မ လုပ်နဲ့ ...."

"အံမယ် နေပါစေပေါ့ ရန်ကုန်မြို့မှာ အိတ်ထဲပိုက်ဆံပါရင် ဘယ်နေရာဖြစ်ဖြစ်မသွားတတ်စရာမရှိပါဘူး .."

သသက နည်းနည်းလေးမှ ငြိမ်မနေ ...

"ကောင်းတာပေါ့ ..."

နေက မောင်းထွက်သွား၏။

"နေ ရပ်လိုက်စမ်း ..."

ကားကရှေ့တိုးသွားပြီးမှ ရပ်သွား၏။

"သသ ကားပေါ်တက် ..."

ဒါ အမိန့်ပဲဖြစ်သည်။

မကျေနပ်ပေမယ့် စိတ်ကောက်ပြခွင့်မရှိ ...

သသ ကားပေါ်ရောက်သွား၏။

စူးရှသော မျက်ဝန်းနှစ်စုံ ဒိုင်းခနဲ ပစ်တိုက်သွားကြသည်။

နေက နှုတ်ခမ်းစေ့လျက် ကားကို သိမ့်ခနဲဆောင့်ထွက်သည် နှင့် သသကိုယ်လေးရှေ့တိုးနောက်ငင်ဖြစ်သွားတာကို လှမ်းမြင်လိုက်ကာ ဒေါ်မိမိတင် ရင်လေးသွား၏ ...

"လွင် .."

"ရှင် မေမေ .."

ဒေါ်မိမိလွင် အသံပြုပြီး မရှေ့မနှောင်းမှာထွက်လာ၏။

"မောင်မြမော်ကို ခေါ်စမ်း .."

"ခေါ်ထားတယ် မေမေ ..."

"ကောင်မလေးကို ပြုစုပျိုးထောင်ခိုင်းခဲ့တာ ဒီပုံစံမျိုးဖြစ်လာဖို့ မဟုတ်ဘူး ..."

ဒေါ်မိမိတင် ဒေါသတွေဖြစ်နေတာကို သိကာ ဒေါ်မိမိလွင် မျက်နှာငယ်လေးနှင့် ပင့်သက်ရှိုက်၏။

"မေမေရယ် ...ကိုမော်ခမျာလည်း မျက်နှာမကောင်းရှာပါဘူး ပြုပြင်ထိန်းကျောင်းတယ်ဆိုပေမယ့်လည်း ဗီဇသန္ဓေဆိုတာရှိသေးတယ်မို့လား ...ခုမှ ခေါ်ဆူနေလည်း ဘာထူးတော့မှာလဲ ..မေမေ့





သားကိုပဲသည်းခံပြီး ပြုပြင်ထိန်းသိမ်းသွားဖို့ ..."

"ဘာ ...သားကိုဟုတ်လား ..."

ဒေါ်မိမိလွင်စကားမဆုံးဘဲရပ်တန့်သွား၏။

ထဘီစကို တစ်ဖက်က 'မ' ၍ ဒေါ်မိမိတင် အိမ်ပေါ်လှည့်တက်သွားရင်း . . .

"အဲဒါကို ရင်မောလွန်းလို့ပြောနေတာမိလွင် ..ကျုပ်သားဦးလေးကလည်း ရွှေလင်ဗန်းနဲ့အချင်းဆေးပြီး ကြေးပုခက်နဲ့ ကတ္တီပါစောက်ဇောနဲ့ အိပ်ပြီးမွေးထားတဲ့ကလေး ..."

"မေမေရယ် ..."

"ငါဖြစ်စေချင်တာက ဒီလိုပုံစံမဟုတ်ဘူး ဒီမိန်းကလေးဟာ သားတော်အတွက် အဘက်ဘက်က ပြည့်စုံအေးချမ်းစေမယ့် မိန်းကောင်း၊ မိန်းမမြတ် ကလေးဖြစ်လာဖို့ လုတိုင်းတန်ဖိုးရှိတာမှ မဟုတ်တာ၊ အခုကြည့်ရသလောက်ဆို ဒီကလေးမှာ မိန်းမတစ်ယောက်ရှိသင့်တဲ့ ဂုဏ်သိက္ခာဘာမှမရှိသေးဘူး .."

ဒေါ်မိမိလွင်က နောက်ကအသာ တက်လိုက်ခဲ့ရင်း ဆိုဖာမှာ အတူထိုင်ဖြစ်ကြ၏။

'လွင်က ထင်နေတာ မေမေက သသ ကိုတော့ ချစ်သားပဲလို့"

မရဲတရဲပြောကြည့်ရင်း ဒေါ်မိမိတင် မျက်နှာကိုလည်း ခိုးကြည့်၏။ ဒေါ်မိမိတင် မလှုံမလဲ မျက်နှာနှင့် မျက်တောင် တစ်ချက်စင်ချက်ခတ်နေသေးသည်။

ပြီးမှ မထူးစိတ်မွေးလိုက်ပုံမျိုးနှင့် ခေါင်းညိတ်ဝန်ခံ၏။

"သသက တော်တော်ကို ချစ်စရာကောင်းတဲ့ ကောင်မလေးပါ ...ခပ်ဝေးဝေးက တစ်ကြိမ်နှစ်ကြိမ်မြင်ဖူးပေမယ့် ဒီလောက်လှမယ်မထင်ဘူး ... ကိုယ့်သားကို မျက်စောင်းထိုးလိုက်တာ တွေ့သားနဲ့တောင် စိတ်ဆိုးလို့မရဘူး၊ မျက်တောင်ရှည်ကြီးတွေနဲ့ မျက်စောင်းထိုးတာတောင် အလှမပျက်တဲ့ မျက်နှာလေး ဒါပေမဲ့ ..."

"မေမေရယ် လှတိုင်း တန်ဖိုးရှိတာ မဟုတ်ဘူးဆိုပေမယ့် သသက အရိုင်းပန်းကလေးပါ ...သူ့ကိုယ်သူ မိဘမဲ့ကလေးဆိုတာလည်း ငယ်ငယ်တည်းကသိနေခဲ့တာ ...အားမငယ်တတ်ဘူး... သတ္တိရှိတယ် .... မိဘမဲ့ ဘာဖြစ်လဲဆိုတဲ့ မာနစိတ်လေးကို ချစ်တယ် နားလည်းလည်တယ် မောင်လေးနဲ့ သသ နီးစပ်ရင် ချစ်ချစ်ခင်ခင် ဖြစ်သွားကြမှာပဲလို့ လွင်ယုံတယ် ..."

"ဖြစ်နိုင်ပေမယ့် တော်တော့်ကိုမလွယ်တာ သားဦးကလည်း မာနသေးတာမဟုတ်ဘူး ..မိန်းကလေးက မလိမ္မာဘူး ..အခုကြည့်လေ ...လူကြီးတွေရှေ့မှာကိုပဲ တစ်ချက်မှခေါင်းငုံ့မနေတာ ကွယ်ရာမှာဆိုဘယ်လိုနေမလဲ ..."

"ဖင်လည်းရှိတာပဲ မေမေ ဖြစ်စရာရှိတော့လည်းဖြစ်ကြပစေပေါ့ ရန်ဖြစ်နေတိုင်း မုန်းကြတာမှမဟုတ်တာ မတဲ့အတူနေတဲ့ အေးတိအေးစက်ဆက်ဆံနေကြတာက ပိုတောင်ဝေးနိုင်သေးတယ်။ သသကို မေမေပဲ ရွေးမမဟုတ်ဘူး သမီးပဲဆို ဒါဆိုလည်း သားဆိုး





သမီးဆိုး ပစ်ရိုးထုံးစံမရှိဆိုတဲ့ အတိုင်းပြုပြင်ကြဖို့ပဲ စဉ်းစားရအောင်ပါ မောင်လေးကိုပဲ ကြပ်ကြပ်သတိပေးရတယ် ... သသဟာ သူလက်ဆပ်ရမယ့် မိန်းကလေးဆိုတာ သူကသိတယ် သသက ဘာမှမသိဘူး ..ကိုယ်လိုချင်တဲ့ ပုံစံဝင်လာအောင် ကြာလေနိုင်မြဲလေဖြစ်အောင် စည်းရုံးဖို့ သည်းခံဖို့က သူ့တာဝန် ..."

ဒေါ်မိမိတင် ဘာမှမပြောတော့ပါ ...

"မေမေ ..."

"ဘာလဲ .."

"မေမေ စိတ်မောနေရင်လည်း တစ်ခါတည်းပဲ ပေးစားလိုက်ပါလား ...ခုလိုကျတော့ လွင်တို့က ဖုံးဖိပြီး ဘေးလူလိုနေရတာ ပိုင်ပိုင်နိုင်နိုင်ဘာမှပြောဆိုလို့မရဘူး ..လွင်တို့ မေမေတို့ကြိုးစားတည်ဆောက်ခဲ့ကြတဲ့ အနာဂတ်အတွက် မျှော်လင့်ချက်ထုထည်ကြီးသာ တစ်စုံတစ်ယောက်ကြောင့် တိမ်းစောင်းလွဲချော်ကုန်ရင် ပုံအော ပေးဆပ်ခဲ့ရတဲ့ အချိန်တွေ အရင်းအနှီးတွေ ဒါတွေဘယ်လိုလုပ်မလဲ .."

"တိမ်းစောင်းဖို့တော့မရှိပါဘူး ...အဖြစ်မခံနိုင်လို့ပဲ အခုချက်ချင်း ကိုယ့်စည်းဝိုင်းထဲ ဆွဲသွင်းလိုက်တာပေါ့ ..ဒီကလေးမဟာ ငါ့သားဦးအတွက်ပဲ ..."

ဒေါ်မိမိတင် မျက်နှာပြုံးသွားသည်။

သေချာတာတစ်ခုတော့ရှိနေမှာပါ ...

♥ ♥ ♥

## အခန်း (၁၂)

"အန်တီဇင်ကလုတာပေါ့..ချစ်စရာလေး အိမ်မှာရှိလည်းသူ့အခန်းထဲမှာပဲ အနေများတာ အပြင်ထွက်နေတာနည်းပါတယ် .."

"ဘာလုပ်နေတာလဲ ..."

"စာသွားရေးနေတာလေ ...ကျန်းမာရေးလည်းသိပ်မကောင်းတော့ သူ့စိတ်ကူးဖြစ်လာတာနဲ့ စာသွားရေးနေရရင် စိတ်ချမ်းသာမယ်တဲ့ ...."

"ဩော် ..."

နှစ်ယောက်လုံးက ပြိုင်တူ ..'ဩော်' သံထွက်၏။

အင်ကြင်းက သစ်ခွကိုင်းတွေချည်းများပြားစွာရှိနေသည့် ပန်းခြံထဲမှာ ကိုယ်တစ်ပတ်လည်အောင် လျှောက်ကြည့်၍ ချီးမွမ်းမဆုံး

"သစ်ခွတွေက လှလိုက်တာဟယ် နိုင်ငံခြားပိုစတာတွေမှာမြင်ရတဲ့ ပန်းမျိုးတွေနော် အရောင်စုံ ဒီဇိုင်းစုံပဲ ရောနေတဲ့ အရောင်တွေက သဘာဝပန်းနဲ့ကိုမတူတာ .."





"ဟဲ့ ဟဲ့ မခူးနဲ့ ..."

သဘောကျကြောင်းလည်းပြောသည်။

အင်ကြင်းက လက်ကလည်းလှမ်း၏ သသက အင်ကြင်းလက်ကို ပုတ်ချပစ်လိုက်ပြီး အပေါ်ကို လက်ညှိုးထိုး၍ 'အထဲမှာ သက္ကရှိတယ် အဲဒါသူ့ဟာတွေ ဘာမှ သွားမကိုင်နဲ့

"ဟင် နေဆိုတာလား"

အင်ကြင်းက လက်လေးကပျာကယာ ပြန်ရုတ်၍ ထိတ်လန့်ဟန်လေးနဲ့မေးသည်။

"ဟုတ်တယ် ဟုတ်တယ် သူ့ပန်းတွေ အန်တီဇင်ခူးတာတောင် မကြိုက်ဘူး ..."

"ဒီလောက်အများကြီးကို ရောင်းလည်းစားတာမဟုတ်ဘဲနဲ့ ဘာလုပ်တာလဲ .."

ဖူးက မကျေမနပ် အသံလေးနှင့် ဝင်မေး၏။

သုံးယောက်သား လျှောက်ခဲ့ကြရင်း ဖွန်ပန်းရုံတွေရှိနေသည့်နားမှာထိုင်ဖြစ်ကြ၏။

ခုံတန်းလေးက နှစ်ယောက်ထိုင်သာရုံလေးမို့ အိမ်ရှင်ဖြစ်သည့်သသက မထိုင်တော့ဘဲ လက်ပိုက်လေးရပ်သည်။

"ပန်းတွေဘာလုပ်ရတာလဲ ပိုးကြေးပန်းကြေးပေးတာလေ ...ရောက်လာလိုက်ရင် သူငယ်ချင်းတွေဆိုလို့ မကြည့်လိုက်နဲ့ယောကျ်ားလေးမပါဘူး ..မိန်းကလေးတွေချည်းပဲ ခြံထဲကိုလိုက်ပြ

ဒါ...ဝန်းလေးပါနဲ့ ဒီထဲမှာ လက်ပံပင်ဆက်ရက်ကျတာကျနေတာပဲ"

"အဲဒါမျိုးတော့ ခူးခွင့်ပေးလား"

"အို ပေးလိုက်တာမှ သွားကြီးဖြဲနေလိုက်တာ နွားပြာကြီး ဆောက်သွားမရှိ ..."

"ဟယ် ကြားသွားဦးမယ် ..ခစ် ...ခစ်"

အင်ကြင်းက စိုးရိမ်စွာတားရင်း ခပ်ကြိတ်ကြိတ်ရယ်သည်။

"သူလား ကြားရင် ဒီလိုနေမှာ ယောကျ်ားဖြစ်ပြီး အိမ်ဂုဏ်က လည်းတက်ပါ့ စကားပြောတိုင်း ပိုင်ရှင်ဆိုတဲ့ လေလုံးကြီးနဲ့ ..."

ဒူးက ကြားထဲကမခံနိုင် ...

"ကိုယ်ကအခြေမဲ့အနေမဲ့မှမဟုတ်တာ နင်ကပြန်ပြောပါလား"

"ဟုတ်ပ သသ ရယ် နင့်ဘဘကလည်း ယောကျ်ားပေးစား မှာနဲ့ တစ်ဘက်က ခြောက်ပြီး ဘာမှမသိတဲ့ လူတွေထဲထိုးထည့် ထားတာတော့ လွန်ပါတယ် ...အဲဒါဘာသဘောတဲ့လဲ"

သသက လက်ပိုက်ကို ဆောင့်ခနဲ ဖြုတ်ချကာ ဇွန်ပန်းရုံဘက် လှည့်ရပ်လိုက်သည်။

မိုးမကျသေး၍ ဘာမှအဖူးအပွင့်မရှိသေးသော သစ်ရွက်စိမ်း ဖက်ကလေးတွေကို စိတ်ရှိလက်ရှိ ဆိတ်ချပစ်နေပြီးမှ ...

"အဖိုးကြီးလက်ထဲမှာထားပြီး ငါ့ပုံစံကို ပြုပြင်စေချင်လို့တဲ့ မေလေးကလည်း သူ့ကူညီသလိုလိုနဲ့ နောက်တော့လည်း ဘဘနဲ့ တိုင်ပင်ပြီးစီစဉ်တာပဲ နောက်ဆုံးမှာ ယောကျ်ားပေးစားဖို့ စီမံကိန်း





ာနေ လိမ္မာရေးခြားရှိလာဖို့ ဖြစ်သွားတာပေါ့"

"နင်က ခုတော့ ရာဇဝင်လူဆိုးလား ..."

"ဟုတ်လို့နေမှာပေါ့ .."

သုံးယောက်သားရယ်ကြပြန်သည်။

ဒီအိမ်ရောက်ခဲ့တာ တစ်ပတ်ရှိပါပြီ

ညစာစားတိုင် မျက်နှာစုံညီရှိခဲ့ပေမယ့် နေ့ဘက်ဆို သသက ကျောင်းသွား အန်တီဇင်က အပြင်ထွက် ...

နေကတော့ မိဘလုပ်ငန်းတွေကျန်ခဲ့သမျှ တစ်ယောက် ဘည်းဦးစီးနေ သူတို့အိမ်ပြန်ချိန်မမှန် ...

ထို့ကြောင့် ထမင်းစားချိန်ကို လူစုံချိန်သတ်မှတ်၍ ညစနစ်နာရီ ခွဲမှာပဲ စားဖြစ်ကြ၏။

"မောင်လေးက ထမင်းစားချိန်တော့ ရောက်အောင်ပြန်နော်"

အန်တီဇင်က အန်တီလွင့်လို စကားမသွက်ပါ ...

ဒါပေမဲ့ နူးညံ့အေးဆေးစွာနေတတ်ပြီး တစ်ခုခုအမြင်မတော် လျှင် ဥပမာလေးတစ်စုံတစ်ရာနှင့် အစချီ၍ နားလည်အောင်ပြော ရင်း စည်းရုံးနိုင်သူဖြစ်သည်။

နောက်ထပ်လူ အန်တီဇင့်ကိုလည်း သသ ချစ်ပြန်လေသည်။

"ဟော့ ...တာ့တာ .."

"ဘိုင် .."

ပြန်သွားကြသည့် သူတွေကိုလက်ပြနှုတ်ဆက်ပြီး အိမ်ပေါ် ပြန်

တက်လာခဲ့လျှင် ...

"လာစမ်းပါဦး ခင်ဗျားဒီကို ..."

ညှော်ခန်းကိုဖြတ်ဝင်ခဲ့တာလူမရှိ ... အသံဘယ်ကထွက်လာမှန်းမသိသဖြင့် နောက်လှည့်ကြည့်လိုက်တော့ ခြံထဲကတက်လာသည့် နေမျက်နှာကအခြေအနေမကောင်း ...

သသ နားလည်လိုက်သည်။

ငါပြောတာတွေ ဒီလူကြားသွားပြီ ...

နေက ရေညှိစိမ်းရောင်ပုဆိုးကွက်စိပ်နှင့် ကန့်လန့်စင်းပါ သောမိတ်ကပ်ရောင်စပို့ရှပ်ကိုဝတ်ထားသည်။

ဖြူဝင်းသည့်မျက်နှာက အကျီရောင်နှင့် ရောထွေးနေသလိုရှိကာ ထူနက်သောမျက်ခုံးတန်းနှစ်ဖက်က ထင်းနေသည်။

"ပြုံးလိုက်စမ်းပါ နွားပြာကြီးအောက်သွားမရှိဆိုတဲ့အပြုံးမျိုး"

သသက ဂရုမစိုက်သလို အောက်မေးဖျားလှုပ်ရုံလေးမဲ့ပစ်လိုက်၏ ...

"ဒါဆို သူများတွေပြောနေကြတဲ့ ငါးစူပြုံးဆိုတာမျိုး ခင်ဗျားပြုံးပြမလား မျှမျှတတပေါ့ ..."

အေးစက်စက် မျက်နှာက ချက်ချင်းတင်းခနဲဖြစ်သွားသည်။

"ဘာမျှမျှတတလဲ ငါက မင်းကို မျှမျှတတဖြစ်ဖို့တောင်းဆိုနေတာ မဟုတ်ဘူး ...မင်းနဲ့ မျှတရအောင် မင်းလိုလည်းသူများအတင်းမပြောဘူး ...





ပြောရင်း နေက ရှေ့ထပ်တိုးသည်။

သသနဲ့ နီးကပ်သွား၏။

"စကားပြောတိုင်း ပိုင်ရှင်ဆိုတဲ့ လေလုံးကြီးနဲ့ဆိုတာဘာလဲ
း်ကိုငါက ဘာတွေပါဝါပြနေလို့လဲ ဘာပြောခဲ့ဖူးလဲ"

"ဘာတွေလာဖြစ်နေတာလဲ ဟွန်း ယောကျ်ားဖြစ်ပြီး သူများ
ွေစကားပြောတာကို ခိုးနားထောင်တာကျတော့ မရှက်ဘူး ...
ူယ်ရာမှာဆိုတော့ လွတ်လွတ်လပ်လပ်ပြောချင်တာပြောကြတာ
ဘာလို့ ခိုးနားထောင်လဲ တခြားဘာညာ ဘာညာ မိန်းကလေး
ံခွဲဘာပါရီရတွေများပြောနေမိရင် ဒုက္ခ ... အန်တီဇင်နဲ့ကို တိုင်
ပြောမယ် ..."

"ဟော့"

သသ ကိုယ့်အပြစ်ကို သူ့အပြစ်ဖြစ်အောင်ပြောပစ်လိုက်ပြီး
ံယ်လွတ်ရုန်းပြေးဖို့ ဖျတ်ခနဲလှည့်၏။

နေက လက်ကိုဖမ်းဆွဲလိုက်သည်။

"ဘာလုပ်တာလဲ လွှတ်နော် အန်တီဇင်ကြားအောင် လှမ်း
အော်လိုက်ရမလား"

"အော်လိုက်စမ်း မင်းဘာဖြစ်သွားမလဲ သိချင်ရင်"

"အား ..ခင်ဗျား ခင်ဗျားနော်"

စကားပြောလည်လွန်းသည့် သသကို သူဘယ်လိုမှ နိုင်အောင်
ပြောနိုင် မိန်းကလေးတွေလိုလည်း ရန်မဖြစ်တတ်သဖြင့် ထကြွ

လာသည့်ဒေါသတွေက သသလက်ကလေးကို ဒရွတ်တိုက်ဆွဲချလာခဲ့၏။

"တောက် လွှတ်နော်"

ရုန်းနေရင်းပဲ သသ သူ့လက်ထဲပါသွားခဲ့သည်။

တကယ်တမ်းကျတော့ နေအရပ်ကြီးက သသ ခေါင်းလေးပေါ်ထိ ထိုးတက်စီးမိုးလျက် အရပ်ပုသော သသဟာသူ့ကိုမော့ကြည့်နေရသည့်အဖြစ်၊ ဖိဆုပ်ထားသည့်လက်ကိုလည်း ဘယ်လိုမှရုန်းလို့မရ....

"လာခဲ့ အဲဒီမှာထိုင်"

"ဘာလဲ ဘာလုပ်"

စကားသံက ဝုန်းခနဲပစ်ကျသွားသည့် အရှိန်နှင့် ရောထွေးသွားသည်။ သူမ ပါလာသည်က နေ အခန်း ...

စာကြည့်စားပွဲက ကုလားထိုင်လို လက်ကာစ်ဖက်နှင့် ဒီဘက်ကိုလှည့်ယူလိုက်ပြီး သသကိုယ်လေးကို ထိုင်လျက်ဖြစ်အောင် တွန်းချပစ်လိုက်ခြင်းဖြစ်သည်။

ကုလားထိုင်ပေါ် နောက်ပြန်ပင်ဆောင့်ကျကာ သသရပ်ပျက်ဆင်းပျက် နာကျင်သွားခဲ့စဉ် ဘယ်တုန်းကတည်းက အဆင်သင့်ရှိနေခဲ့မှန်းမသိသော နိုင်လွန်ကြိုးတစ်ချွေနှင့်

"အား အား.... ဘာလုပ်တာလဲ လွှတ်နော် အန်တီဇင်ရေ"

သသ လှမ်းအော်သည်။





နေလှုပ်ရှားတာကမြန်၏။

လက်နှစ်ဖက်ကို ကုလားထိုင်လက်တန်းနှင့် ပူးတွဲကြိုးတုပ်ဉ်သူ့ပခုံးစောင်းနှင့် သသ မျက်နှာကိုလိုက်ဖိသည်။

သေချာဖိပိတ်တာမဟုတ်ပေမယ့် သသအော်သံက အောင်မြင်ုးရှစွာ မထွက်နိုင်ခဲ့ဘဲရှိလေသည်။

ပြီးတော့ ဘယ်လိုမှ မထင်မှတ်ရုန်းထွက်လို့မရဘဲ ပါးစပ်ကိုပါဝါပါးကလေးတစ်စနှင့် ပတ်စည်းပစ်လိုက်ခြင်းခံလိုက်ရင်း

"အင်း ...ဝူး..."

သသ လက်ကို အတင်းရုန်းသည်။

ခေါင်းကိုတအားခါယမ်းပစ်၏။

သို့သော် လက်ကလည်းမလွတ်သည့်အပြင်ပိုနာလာသည်။

ပါးစပ်ကို ပိတ်စည်းထားသည့် အဝတ်ကလည်း ဖြေကျမသွား၊

နေက အားလုံးစိတ်ကြိုက်ချုပ်နှောင်ထားလိုက်ပြီးမှ နောက်ဆုတ်ရပ်သည်။

လက်ဖဝါးနှစ်ဖက်ကို ဟန်ပါပါ ပွတ်နေပြီး အနည်းငယ်မျှ ညှာတာလိုစိတ်ရှိမနေသည့် မျက်ဝန်းများနှင့် စိုက်ကြည့်၏။

"အဲဒီမှာ ခဏနေလိုက်ဦး မင်းပါးစပ်ကို ငါကပြိုင်မပြောနိုင်တော့ မင်းရဲ့မဟုတ်ကဟုတ်ကစကားတွေ မဖေင့်ဆီမရောက်ခင်ငါတစ်ယောက်တည်း တင်ပြခွင့်ရဖို့လိုတယ် ..."

သသ၏ ရုန်းဖယ်မရ၍ တင်းကျပ်စွာ ဆုပ်ခဲထားသည့်

လက်သီးဆုပ်လေးနှစ်ဖက် ...

ပြီးတော့ စကားပြောနိုင်ခြင်းမရှိသော်လည်း လှုသတ်ချင်နေသော စူးရဲလက်တောက်နေသည့် မျက်ဝန်းလေးတွေ

"ဟွန်း..."

နေက အားလုံးကို ခြုံငုံကြည့်ကာ ခပ်မဲ့မဲ့ရယ်၏။

သူချာခနဲလှည့်ထွက်သွားတော့ သသဒေါသဖြစ်လွန်းသဖြင့် အသက်ရှုနေသည့် ရင်အုံမို့မို့လေးက ပြင်းထန်မှုလှိုင်းထနေ၏။

အစကတည်းက အမြဲနိုင်ချင်ခဲ့သူ၏ ရင်ထဲကအရှုံးသည် ....

❤❤❤





အခန်း (၁၃)

"ကြည့်စမ်း ..."

ပြုံးတာပဲဖြစ်ဖြစ် ဒေါသကြောင့်မဲ့တာဖြစ်ဖြစ် အလွန်နူးညံ့တည်ငြိမ်တတ်သောမျက်နှာသည် သွေးတွေစိမ့်ထွက်၍ ပွန်းပဲ့နေသည့် ဒဏ်ရာတွေကို မြင်သောအခါ ဘယ်လိုမှ ဣန္ဒြေမဆည်နိုင်ခဲ့ဘဲ မျက်မျက်နှာပျက်လျက် ထိတ်ထိတ်လန့်လန့် ....

"သသ အမလေး ဖြစ်ရလေကွယ် ..."

သသ လက်ကောက်ဝတ်လေးနှစ်ဖက်ကိုကိုင်ကြည့်လိုက် ပြန်လိုက်ကယောင်ကတမ်းဖြစ်နေပြီးမှ နေယူလာပေးသည့် ဆေးသေတ္တာလေးကိုမြင်မှ ကမန်းကတမ်း လှမ်းယူလိုက်သည်။

"မောင်မောင်က ခဏလေးချည်ပစ်ခဲ့တာဖြစ်မှာပါ အန်တီဇင့်ကို သူလာပြောပြီး ချက်ချင်းပြန်ဆင်းသွားတာပဲ ..."

သသမျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလျက်နှင့် နေကိုဆံပင်တွေခါထွက်သွားအောင် မော့ကြည့်၏။

နေက ပြန်ငုံ့ကြည့်၍ မျက်ခုံးနှစ်ဖက်ပင့်ပြသည်။ မျက်နှာပေး အပြုံးအရယ်မရှိပေမယ့် မဲ့ရွဲ့ပြသွားတာထက် ဆိုးသေးသည်။

သသ က ကလေးငယ်လေးလို အောက်နှုတ်ခမ်းတစ်ခုလုံးကို ဖိကိုက်ပစ်လိုက်ပြီး မျက်စောင်းထိုး၏။

"အဲဒီလူကြီးကို မုန်းတယ် အန်တီဇင် သူ့ကိုအပြစ်ပေးအောင် သသ လုပ်ပစ်မယ်သိလား ...ဒီကြိုးတွေချည်ပစ်ခဲ့လို့ သသ ရှန်းနေတာ ရှန်းလို့ ပွန်းပဲ့ကုန်တာ လူကို ပြန်ပေးဆွဲသလို ဖမ်းထားစရာလား ဒီလောက်အနာခံပြီး လုပ်ပြထားတာတောင် အန်တီဇင် အပြစ်မပေးရင် သသမကျေနပ်ဘူး ..."

"ပေါ် တင်ကြီးပါလား"

မကြားတကြားပြော၍ မဲ့လိုက်တာကိုမြင်အောင်ပြပြီးမှ ထွက်သွား၏။

ထိုအချိန်မှာ သူမဟာ ဒီအိမ်မှာ ဘာမှမဟုတ်ဘဲရောက်လာနေရသည့်ဘဝကိုကော သွေးမတော်သားမစပ်ကြသည့် လူတွေပါလား ဆိုသော အဖြစ်ကိုပါ ဘာမှသတိမရ ...

အလွန်အလိုလိုက်ခံထားရသော မိသားစုထဲက ရင်သွေးရတနာလေးတစ်ဦးကဲ့သို့ ဒေါသထွက်နေပုံက စိတ်လွတ်ကိုယ်လွတ် –

"သမီးရယ်"

ဒေါ်မိမိဇင် လက်ဖျားခါသွားသည်။





ရောက်လာကတည်းက ကလေးဆန်တာလေးကို ချစ်ခဲ့သည်။

ဆိုးတာလေးတွေရှိလည်း ခွင့်လွှတ်ဖို့ စိတ်ကအလိုလိုပဲ လိုသားစွာဖြစ်ခဲ့မိ၏။

ဒီလောက်ထိ ဆိုးတတ်လိမ့်မည်ဟုတော့ တွေးပင်မတွေးမိခဲ့။ လှုပ်တာနဲ့ပေါက်ပြဲကုန်ရလောက်အောင် မောင်မောင် မလုပ်ခဲ့ဘူးဆိုတာသိသည်။

ဒါကို တမင်အနာခံပြီး ကြိုးနဲ့တိုက်၍ ဒဏ်ရာဖြစ်အောင်လုပ်ရဲသည်။

သူ့ကြောင့် လုပ်ခဲ့တာ သူ့ကိုအပြစ်ပေးပါတဲ့ ...

သူမကြံစည်ခဲ့တာကိုလည်း ဖွင့်ပြောရဲပြန်သည်။

အလွန်ချစ်ဖို့ကောင်းပြီး ဒေါ်မိမိဇင်ကြောက်လည်းကြောက်သွား၏ တကယ်တော့ မွေးစားခံခဲ့ရတာချင်းအတူတူမှာ သူမနဲ့ အလွင်တို့က တူမတော်နေပေမယ့် အပြင်လူပါ ...

'သမီးဦး' လို့ ကိုယ်တိုင်နာမည်ပေးပြီး မွေးစားခဲ့သည့် ဒီမိန်းကလေးကတော့ သူ့ဒေါ်မိမိတင်၏ ရင်သွေးရတနာနှင့် ထိမ်းမြားဖို့ဖြစ်ခဲ့သော တစ်ပင်တိုင်မြနန်းနှင့် တယုတယမွေးမြူခဲ့ရသည့် ရွှေမင်းသမီး ...

ဒါကို ဒီမိန်းကလေးမသိပေမယ့် အားလုံးက သိကြသည်။

သူတို့က သိလို့ခွင့်လွှတ်အလိုလိုက်ထားကြသော်လည်း သူမ

[illegible] သေိဘဲလည်း ဆိုးရဲလှပါ၏။

"အန်တီဇင် ဟိုမှာထွက်သွားပြီ မတားဘူးလား"

"ဩော် ...ဟို ..."

ဒေါ်မိမိဇင် ဒဏ်ရာကိုဆေးထည့်ပတ်တီးစည်းပေးပြီး သသ မျက်နှာလေးကို မော့ယူကာ မျက်ရည်တွေ သုတ်ပေးမိသည်။

"ဆုရမှာပေါ့ သမီးရယ် အန်တီဇင်တင်မကဘူး ..မေမေ့ကိုပါ လှမ်းတိုင်ပေးမှာ ..မငိုနဲ့တော့နော် ..."

"ဒါဆို ခုနကတော့ မောင်မောင်က ခဏလေးချည်ပစ်ခဲ့တာပါ လို့ ဘာလို့ပြောလဲ ..."

ဒေါ်မိမိဇင် ရုတ်တရက်ဆွံ့အသွားပြီးမှ ကမန်းကတန်းပြုံး၍

"အဲဒါက သမီးလေးကို နည်းနည်းဖြစ်ဖြစ်စိတ်ပြေမလားလို့ ဖျက် ဖြေပေးကြည့်တာလေ ..ဘာပဲဖြစ်ဖြစ် ကြီးတဲ့လူနဲ့ ငယ်တဲ့လူဆိုတာ ငယ်သူကိုပဲ အလျှော့ပေးရမှာပေါ့ ..."

ကလေးချော့သလိုချော့မော့ပြောတာကိုသိသည်။

သိပ်မကျေနပ်သေးပေမယ့်သသ ဘာမှမပြောဘဲ နေလိုက်၏။

ဒါကို ဒေါ်မိမိဇင်ကလည်းသိနေ၏။

ခက်ပါလား ...

ဒီနှစ်ယောက်ကိုဘယ်လိုသင့်မြတ်အောင်လုပ်ပေးရမလဲ....

သူမဘုရားခန်းက အထွက်မှာ နေရောက်လာပြီး ဆံပင်တွေ တစ်ချက်သပ် မျက်နှာမဲ့လျက်ပြောပြသည်။





"အဲဒါပဲ မေဇင် ..တကယ်စိတ်ပျက်တယ် ...သူတကယ်တက် ာပြီး တိုင်ရင် မေဇင် ကျွန်တော့်ကို တောင်ထင်မြောက်ထင်မျက် ားကြီးနဲ့ကြည့်ဦးမှာ ..."

"ဩော် ဖြစ်ရလေ ..."

ဟု စိတ်ထဲက ညည်းမိရင်း သူမ သက်ပြင်းချတော့ နေက ြိမ်သံနှင့်ပြောသေးသည်။

"ပြောပြီးပြီးနော် အဲဒီကောင်မလေးသိပ်စကားတတ်တာ ောက်လည်း ခဏခဏ ပလီစိချောက်ချက်တွေ ထွက်လာနိုင် ယ်။ အရင်ရောက်လာပြီးပြောတိုင်းမယုံနဲ့ ..."

"မောင်မောင်ရယ် အဲဒီမိန်းကလေးက မင်းလက်ထပ်ရမယ့် ်းကလေး"

ဟုပြောတော့ မျက်နှာကြီးပျက်ကျသွားလိုက်တာ ပြောစရာ ...

"အဲဒီ သတ်မှတ်ချက်တွေ ဘာတွေ ဘယ်လိုစဖြစ်လာတာလဲ ော့မသိဘူး ..ငယ်ငယ်ရွယ်ရွယ်သာဆိုကျောပိုးအိတ်တစ်လုံး ဆွဲ ီး ထွက်ပြေးမိမှာသေချာတယ် ..."

"ဟုတ်တယ် မင်းအသက်မငယ်တော့ဘူး ကိုယ်တိုင်သိရင် ည်းနေရာတကာ ဒေါသတွေမာနတွေပြိုင်မနေနဲ့ သသက ချစ်စ ာလေးပါ ..."

"ကြိုးတုပ်ပြီး ရိုက်သတ်ပစ်ဖို့ကောင်းတာ ..."

ဟု နေက အတည်ပြုသွားပါ၏။

သသကလည်း မကျေမချမ်းနှင့် မျက်နှာလေးက မကြည် သေး။

နေကလည်း ဂရုမစိုက် ...

အဲဒီလို ရေစက်ဆုံကြတာများရှိခဲ့ဖူးသလား ...

❤❤❤





အခန်း (၁၄)

"ရေစက်ရှိရှိ မရှိရှိ ... နဖူးစာရွာကိုလည်မလည်စခဲ့ပြီးမှ ဆုံးအောင်လျှောက်ရမှာပဲ ...တစ်နေ့နေ့မှာ ဒီကလေး ဘယ်လိုစရိုက် ဘယ်လိုပုံစံနဲ့ပဲ ရောက်လာလာ ကိုယ့်ကလေး ကိုယ့်ရင်သွေးလို သက်ခံဖို့ကလည်း ဆုံးဖြတ်ထားပြီးသား ..."

ဒေါ်မိမိတင်က ချက်အောက်ထိရှည်တွဲနေသော ပလက်တီနံကြိုးပြားကြီး လှုပ်ခတ်နွဲ့ခါနေသည်အထိ ခြေသုံးလှမ်းခန့် နှစ်ကြိမ်ခန့်ခေါက်တုံ့ခေါက်ပြန် လျှောက်လိုက်ပြီးမှ ရပ်သည်။

ဆိုဖာမှာ ထိုင်နေသည့် ဦးမြမော်ကို ခပ်စောင်းစောင်းငဲ့ကြည့်ကာ

"ကံကိုပဲယုံပြီး ဆူးချုံနင်းလို့တော့မရဘူးမောင်မြမော် ဘာဖြစ်ဖြစ် သူ့ကံ သူ့ဗီဇအတိုင်းဖြစ်လာမှာပဲလို့ သဘောထားပြီး မင်းဒီကလေးကို မွေးထားခဲ့တာလား.."

"ဟာ ...မဟုတ်ပါဘူး ..."

ဦးမြမော် ပျာပျာသလဲ ခေါင်းမော့ငြင်း၏။

ဒါပေမဲ့ ရှေ့ဆက်ပြီးဘယ်လို အကြောင်းပြဖို့က ပါးစပ်ထဲ ရောက်မလာ ...ဒေါ်မိမိလွင်လည်းရှိနေသည်။

ဒီကလေးကို မွေးဖို့ ခွဲထုတ်မပစ်မီအထိ ဦးမြမော်နဲ့ သူမတို့ ညီအစ်မက အလုပ်ရှင်နဲ့ အလုပ်သမားလိုမဟုတ်ဘဲ ဆွေမျိုးရင်းချာလို ခင်မင်နေခဲ့ကြတာဖြစ်သည်။

ရင်းနှီးကြ၍လည်း မေမေက သူမ၏ မျှော်လင့်ချက်အားလုံးကို ဝကွက်အပ်နှင်းပစ်ခဲ့တာပင် ....”

ဒေါ်ခင်ဆင့်ကိုတော့ အစက သူမတို့မသိခဲ့ပါ ...

ဒါပေမဲ့ သသကို အလွန်ချစ်သော နို့ထိန်းမိခင်အဖြစ် နောက်ပိုင်းမှာ သိခဲ့ရသည်။

ဒေါ်ခင်ဆင့်လည်း မနောဖြူသူပါပဲ ..

နှစ်ယောက်လုံး မျက်နှာတွေငယ်နေကြတာကိုကြည့်၍ ဒေါ်မိမိလွင်စိတ်မကောင်းဖြစ်နေမိ၏။

ဒေါ်မိမိတင်ကလည်း နှစ်ယောက်လုံးကို ဝေ့ကြည့်တတ်ပေမယ့် ဦးမြမော်ကိုပဲ ရည်ရွယ်၍ပြောသည်။

“ခု ကြည့်စမ်း ‘သမီးဦး ...’ ဆိုတဲ့ မိန်းကလေးကြီးပြင်းလာတဲ့ ပုံ ...”

‘အဲ့ အဲ့ဒါက ကလေး ...ကျွန်မအပြစ်ပါ မမကြီးရယ် ....”

ဒေါ်ခင်ဆင့် မရဲတရဲဝင်ပြောရှာသည် ....။

“အဖေကြီးက စည်းကမ်းထားတယ် ကြပ်မတ်ပါတယ်။ အမြ





မ်းအနီးကပ်အတူရှိနေတဲ့ ကျွန်မက ချစ်လွန်းလို့ အလိုလိုက်ခဲ့ တယ် ဒါပေမဲ့ သမီးလေး ..အဲ ကလေးက ဆိုးနွဲ့တတ်တာကလွဲလို့ ကြီးသူမကို ရိုင်းစိုင်းပြောဆိုတတ်တဲ့ အကျင့်တော့မရှိပါဘူးရှင် ဆိုးပေမယ့် ...ခေါင်းမမာပါဘူး .. အနိုင်ယူတတ်ပေမယ့် မမောက် ပါဘူး ...”

ဒေါ်မိမိတင်က နားထောင်နေပြီးမှ မျက်နှာပြန်လွှဲ၍ ရှေ့ကို လျှောက်ထွက်သွားပြန်သည် ...

“ပြီးခဲ့တာတွေကို ထားခဲ့တော့ အခု မင်းတို့နှစ်ယောက်ကို ရတဲ့ကိစ္စက ...”

ဟု စလိုက်ပြီး နောက်ပြန်လျှောက်လာသည်။

ဒီတစ်ခါ နှစ်ယောက်လုံးရှေ့မှာ ဝင်ထိုက်လိုက်ပြီး ...

“မောင်မြမော် ...”

“ပြောပါ မမကြီး ..”

“မင်းကို သိပ်တော့မကျေနပ်သေးဘူး ဒါပေမဲ့ ဘာမှပြန်လုပ်လို့ တော့တဲ့ အတိတ်ကို ထားခဲ့လိုက်တော့ အခုပြောမှာက တို့ရှေ့ ရှိနေတဲ့ အနီးဆုံးအနာဂတ်တစ်ခုအတွက်ပဲ ...”

“ဟုတ်ကဲ့ ...”

ဒေါ်မိမိတင်က ဒေါ်မိမိလွင်ကိုလှမ်းကြည့်လိုက်ပြီးမှ ...

“အခုက စပြီး ကလေးဆီကို အသွားအလာသိပ်မလုပ်ပါနဲ့ ခြေ မ်းချပစ်လိုက်ပြီးရင် ရပ်ပစ်ဖို့ကြိုးစားရမယ် ဘာဖြစ်လို့လဲဆို တော့

ကလေးကဆိုးတယ် ထစ်ခနဲရှိတာနဲ့ အားကိုးရှိတဲ့ဆီ ပြန်ပြေးဖို့ရှိနေတယ် ဒီတော့ မင်းတို့မရှိမှဖြစ်မှာ ....”

ဦးမြမော်က ကြိုသိပြီးဖြစ်ပေမယ့် ဒေါ်ခင်ဆင့်မျက်နှာပျက်ကာ ဖျတ်ခနဲမော့ကြည့်၏။

ခုလည်း ဦးမြမော်က သမီးလေးဆီ ခဏသွားကြည့်ချင်တယ်ဆိုတာတောင် ‘မသွားနဲ့ဦး ...’ လို့တားထားခဲ့တာပါ ...

ဒါပေမဲ့ ခုလိုတကယ်စွန့်လွှတ်ရတော့မယ်လို့မထင်မိခဲ့ ...

“ငါတို့က နို့ထိန်းတွေပဲ အချိန်တန်ရင် သူ့မိခင်ရင်ခွင်ထဲပြန်ထည့်ပေးရမှာ” ဟု ခဏခဏ ပြောတတ်သော ဦးမြမော်ငကားတို့ကိုသတိရကာ ဒေါ်ခင်ဆင့် ခေါင်းပြန်ငုံ့ရှာသည်။

ရင်ထဲမှာတော့ ဆို့နင့်ကြေကွဲလျက်ပါ ...

“ကံကြမ္မာကိုဖန်တီးလို့ရတာမရတာ ငါမယုံဘူး ..ငါကတော့ဖြစ်အောင်လုပ်မှာပဲ ယုတ်စွအဆုံးသားနဲ့ လက်ထပ်ဖို့ကိစ္စလွဲသွားရင်တောင် ငါ့သမီးအဖြစ်ပဲရှိရမှာ .... ဆိုတော့ အဖြစ်မှန်တွေကိုကလေးမသိခင် သားနဲ့လက်မထပ်ရသေးခင်အထိပေါ့ ...”

ပြောရင်း ဒေါ်မိမိတင်က ဒေါ်ခင်ဆင့်ဘက်လှည့်၍ မေးဆတ်ညွှန်ပြကာ

“ဟောဒီမိန်းကလေးကို သူ့ဇာတိကိုအလည်လိုက်ပို့ပေးသလိုလို ဟိုမှာပဲကြာနေသလိုလို ခဏတော့ ...မင်းတို့မရှိမှဖြစ်မယ် ...”

ဦးမြမော် ခေါင်းညိတ်လိုက်၏။





“ကျွန်တော် အားလုံးနားလည်ပါတယ် မမကြီး စိတ်ချပါ ..မမကြီးစိတ်ကြိုက်အားလုံးကွက်တိဖြစ်ရပါ့မယ် ...”

“အေး ကောင်းတယ် ငါကတိရှိခဲ့တဲ့အတိုင်း စီမံခွဲခြမ်းပေးတဲ့လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးလိုအပ်တာဘာရှိသေးလဲ ...စိတ်ထဲမထားနဲ့နော်”

‘မရှိပါဘူး မမကြီး ဒါတွေရရ မရရ မမကြီးတို့ မိသားစုအတွက်ကျွန်တော်က ကျေကျေနပ်နပ်ဆောင်ရွက်ပေးမှာပါ ...”

ဦးမြမော် လှိုက်လှဲစွာပြောသည်ကို ဒေါ်မိမိတင်က ကျေနပ်သွား၏။ ဒီတော့မှပဲ ဒေါ်မိမိလွင်လည်း ပြုံးနိုင်တော့သည်။

“လွင် ...”

“ရှင် မေမေ ...”

“ဇင့်ဆီ ဖုန်းဆက်စမ်း ...ကလေးကျောင်းကောသွားလာရတာအဆင်ပြေရဲ့လားလို့ ...”

“ဟုတ်ကဲ့ ...”

ဒေါ်မိမိလွင် ဖုန်းဆီထလျှောက်သွားတော့ လိုက်ကြည့်မိသောဒေါ်ခင်ဆင့်မျက်လုံးတို့က ဖုန်းစင်လေး၏ အပေါ်တည့်တည့်မှာချိတ်ထားသည့်ဓာတ်ပုံတစ်ပုံဆီရောက်သွားသည်။

ခင်စောင်းစောင်းရပ်နေရာမှ ပြန်ငဲ့ကြည့်နေသည့် ကိုယ်တစ်ပိုင်းပုံ ပခုံးစောင်လေးမှ ဖြတ်ရိုက်ထားသည့်ပုံမို့ မျက်နှာကိုပဲ အသားပေးထားသလိုဖြစ်နေသည်။

ပြုံးရယ်နေတာမဟုတ်ဘဲ မျက်မှောင်ကုတ်ထားတာလည်းမ
ဟုတ် သို့သော် တည်ငြိမ်ချောမောသည့် မျက်ဝန်းအိမ်နှင့် စေ့ပိတ်
ထားသည့် နှုတ်ခမ်းလွှာတို့က ဆွဲဆောင်မှုရှိနေသည်။

သမီးလေးနဲ့ အလွန်လိုက်ဖက်တင့်တယ်မည့်ဟု တွေးမိကာ
ရင်ထဲမှာ ကြေကွဲဆင်ရဲနေသမျှ ဖြေကျသွားခဲ့၏။

ပြီးတော့ သမီးလေးထက် အသက်ကြီးတယ်ဆိုတာက ဆယ်
နှစ်လောက်ထိကွာနေတာမျိုးလည်းမဟုတ် ....

တစ်နေ့နေ့မှာ သမီးလေးနဲ့ လက်ထပ်ဖြစ်ပြီး ချစ်ကြည်ဖြူနိုင်
ပါစေ ...

♥♥♥





အခန်း (၁၅)

ရှေ့တိုးမည့်ခြေလှမ်းတို့က သူရှိနေတတ်သည့် သစ်ပင်လေး
အား အရောက်မှာ အလိုလိုနှေးကျသွား၏။

ဖျတ်ခနဲလှည့်ကြည့်လိုက်တော့ သူရှိနေသည်။

"ဟဲ့ ဟိုမှာကြည့်နေတယ်နော် ...သနားပါတယ် ..."

အင်ကြင်းက ပြောနေကျအတိုင်း ထိုဝါကျတစ်ကြောင်းကိုပဲ
ရွတ်၏။

"အမလေး သသရယ် ဒုတိယနှစ်ကတည်းက နင်ဖွဲ့ဆုတော့
ပေးဖို့ကောင်းနေပြီ ..."

မျက်နှာပြန်လွှဲ ခြေလှမ်းပြန်စကာ သသကရပ်လိုက်၏။

"ဘာလဲ ငါ့ကို နင်တို့က ပြန်ကြိုက်ခိုင်းနေတာလား ..."

"ဒီလိုလည်းမဟုတ်ပါဘူး ... ကျောင်းတွေမပြီးခင် အားကိုး
တစ်ခုတော့ရှိထားဖို့လိုတယ်လေဟာ ..."

ဖူးက လူတတ်ကြီးဝင်လုပ်၏။

သူရပ်ငေးကျန်ခဲ့သည့်ဆီ သမင်လည်ပြန်ကြည့်လိုက်၍

"ကျောင်းတွေပြီးတဲ့အထိ ကိုယ့်မှာ ချစ်သူမရှိခဲ့ရင် မိဘက

သဘောတူလို့ကိုယ်မကြိုက်ဘဲ အတင်းပေးစားတဲ့ ယောကျာ်းကို ယူရမှာ ...”

“သိပ်မဆိုင်သလိုပဲ”

သိသားနဲ့ သသက ပေကပ်ကပ်ပြန်မေး၏။

“ဘာလို့ မဆိုင်ရမှာလဲ မိဘဆိုတာက ဆင်စီးပြီး မြင်းရံတာကို ပြာပူထဲခုန်ချမှာစိုးလို့ နတ်ပြည်တင်တာတို့ ..သူတို့ဇယားထဲမှာ ပြည့်စုံချမ်းသာဖို့ပဲလေ ...အချစ်ကို သိပ်ထည့်တာမှမဟုတ်တာ ပေးစားတဲ့သူက အသက်ကြီးကြီး ပုံတုံးတုံး ကြည့်မပျော် ရှုမပျော်ရုပ်ကြီးဆို ကိုယ့်မှာရည်စားရှိထားတော့ စာလေးတစ်စောင်လောက် ရေးပြီး ချိန်း ...အထုပ်လေးပိုက် လိုက်ပြေးရုံပဲ ....”

“သူ့အမေမူးလဲလို့ လမ်းမှာ သေခါနီး လူနာတွေ့ပြီး ဆေးရုံ ပေးနေရလို့ ဘာဲညာနဲ့ အဲဒီတစ်ယောက်ရောက်မလာရင်ကော-”

အင်ကြင်းကမေးတော့ ရှူးလည်းနင်သွားသည်။

“သေလိုက်တော့လေ ...ပေးစားတဲ့ ဘူတားကြီးကိုပဲ ယူလိုက်တော့ ...”

“မဟုတ်ရင်လည်း အနားမှာရှိတဲ့ ဖြတ်လျှောက်တစ်ယောက်နဲ့ လိုက်သွား ..”

ပြောလည်ပြော၍ အင်ကြင်းကို လိုက်ထုသည်။

အင်ကြင်း တခွိခွိရယ်ပြီး ဆုတ်ပြေး၏။

“အမလေး ...”





“အယ် ...”

ကျောနောက်မှာ မျက်စိမပါတာမှန်ပေမယ့် ဒီလိုနောက်ပြန် ဘိုက်မိလျှင် ထုချေလွှာမရှိ ...

အင်ကြင်း ပျာပျာသလဲထခုန်ကာ နောက်ပြန်တိုက်မိလိုက် သည်။ တစ်ယောက်ကို တောင်းပန်ဖို့လှည့်၏။

ယဉ်မဒီ ...

ကိုယ်လုံးအလွန်လှကာ အရပ်ကလည်းမြင့်သည်။

အဆင်အပြင်ကျနကာ ရက်ရက်စက်စက်လှသည်ဟု ပြောယူရ လောက်အောင်ဆွဲဆောင်မှုရှိ၏။

ထို့ပြင် ကိုယ်ပိုင်ကားတွေ ထည်လဲစီးနိုင်သူ ...

သူမသည် တက္ကသိုလ်မှာ ကွင်းဟု သတ်မှတ်ခံရသော အလှဘု ရင်မ ဖြစ်လေသည်။

ယဉ်နဒီက ဘာမှမဖြစ်ဘဲ အင်္ကျီခါးစကို ပြန်ဆွဲချသည်။ မနင်း ဲဘဲ ခဲပုတ်ရောင်ပြောင်လက်နေသည့်ဒေါက်ချွန်ဖိနပ်ကို ခြေဆောင့် ၍ ခါထုတ်၏။

“ဘာဖြစ်လာတာလဲ ...”

ဟုဒေါသသံနှင့် ပြန်မော့ပြောကာ သသတို့ဆီကိုပါ အထင်မြင် သေးသော မျက်ဝန်းများနှင့် ကြည့်၏။

အင်ကြင်းက ဗွေမယူသည့် အပြုံးနှင့်။

“ဒီမှာအစလွန်သွားလို့ပါ အမှတ်တမဲ့ နောက်ကို သတိမထား

လိုက်မိဘူး ဆောရီးနော် ...”

“မလိုပါဘူး ...”

ခပ်ကြောကြောပဲ ခြေဆောင့်ထွက်သွားသည်။

“အံမာ ...”

သသ မခံနိုင်စွာ သမင်လည်ပြန်လိုက်ကြည့်၏။

“ထားလိုက်စမ်းပါဟာ ရန်မများစမ်းပါနဲ့ ...”

အင်ကြင်းက သသ မျက်နှာကို လက်ဖဝါးနှင့် ဒီဖက်ပါအောင် ပြန်ဆွဲယူကာ ရန်များတော့မည့်အရေးကို တားဆီသည်။

“အဲဒီတစ်ယောက်က ယောကျ်ားလေးအပေါင်းအသင်းတွေနဲ့ပဲကြာရှည်တာဟ မိန်းကလေးအချင်းချင်းဆို ဘယ်သူနဲ့မှ ကြာရှည်တာမရှိဘူးတဲ့ ...”

“အဲဒါကြောင့် ရည်းစားများတာနေမှာပေ့ါ ...”

ဖူးနဲ့ အင်ကြင်း တစ်လှည့်စီပြောနေတာကို သသစိတ်မဝင်စားတော့ပါ။ သူမမျက်လုံးတွေက သူမတို့ထံသို့တည့်တည့်လျှောက်လာနေသည့် တစ်ယောက်ထံမှာ မယုံနိုင်စွာ ...

“ဟဲ့ ငေးလှချေလား ဘာကိုငေး ...ဟင် ..”

မေး၍ လှည့်ကြည့်လိုက်သော အင်ကြင်းစကားမဆက်နိုင်ဘဲ ဖြစ်သွား၏။

“နေဝေ ...”

ဟုရေရွတ်ရင်း သသကိုပြန်ကြည့်၍ နောက်ကိုအသာဆုတ်ရပ်





၏။

“သသ နင့်ဆီကို နေဝေးလာနေပြီ ဒီနေ့ နေသာမယ်သိလား ...”

ဖူးက ကပ်ပြောရင်း အသံထွက်အောင် တမင်ရယ်လိုက်၏။

နေဝေးသည် သသကို လာနေကျ သွားနေကျ နေရာတိုင်း လမ်းတိုင်းမှာစောင့်ကြည့်ငေးမောနေတတ်သော်လည်း အနားသို့ မလာခဲ့ဘူးပါ ...

အနီးအနားက ဖြတ်လျှောက်ဖူးခဲ့တာပင်မရှိ ...

မိဘက ချမ်းသာပုံရသည်။

အဖြူရောင်ကားလေးနှင့် ကျောင်းဝင်းထဲမှာ သေချာချပေးခဲ့ပြီးမှ ကားကပြန်သည်ကျောင်းမဆင်းခင် ထိုနေရာမှာပဲ အတိအကျကြိုရောက်နေတတ်၏။

သမီးမိန်းကလေးကို ဂရုစိုက်စောင့်ကြပ်သလိုမျိုးပါ ....

ပြီးတော့ နေဝေးကို မြင်လိုက်တိုင်းလည်း သူငယ်ချင်းအပေါင်းအသင်းများနှင့် ရယ်မောသွားလာနေတာမျိုးမရှိ ...

သူငယ်ချင်းမရှိတာလား ...မထားတာလား ဘာမှန်းတော့မသိ မြင်လိုက်ရတိုင်း တစ်ယောက်တည်းပဲဖြစ်သည်။

သူအမြင်မှာရှိနေတိုင်း ရှိနေတတ်သည် အကြောင်းက သသကို စောင့်နေငေးနေဖို့သာ ...

“သသ ကောင်းကောင်းပြောပါဟယ် သနားပါတယ် ...”

အမြဲတမ်း ရုပ်အကျီလက်ရှည်နှင့် ပုဆိုးတိုတိုဝတ်တတ်သော အပေါ်ယံအားဖြင့် ခပ်တုံးတုံးပုံစံပေါက်နေသော နေဝေးကို သသက ပြောင်ပြောင်ရပ်ကြည့်နေလိုက်၏။

နေဝေးကလည်း သူ့အရှေ့ကိုပဲ ရောက်လာကာ ...

"သမီးဦး ..."

သသက 'ဟင်' ဟု မထူးလိုက်ပေမယ့် မျက်ခုံးလေးအနည်းငယ်ပင့်၍ ထူးဟန်ပြုသည်။

"ကျွန်တော် ကျွန်တော် စကားနည်းနည်းလောက်ပြောချင်တယ် အဲဒါလေး ..."

သူ့ရှက်ကိုးရှက်ကန်းပုံနှင့် လည်ဂုတ်ကို တစ်ချက်ပွတ်သည်။

ပြီးတော့ မျက်နှာမမော့ဘဲ စိုက်ချထားသည့် မျက်နှာတို့က အင်ကြင်းတို့ရှိသည့် ခြေထောက်များဆီဝေ့ကြည့်လာလျက်

"ဩော် တို့နှစ်ယောက်ခဏရှောင်ပေးရမှာလား ..ရတယ် ...ရတယ်"

အင်ကြင်းက ဖူးလက်ကိုဆွဲလိုက်ပြီးမှ ...

"သသ ...ကလေးလိပ်ပြာလွင့်သွားအောင်မလုပ်နဲ့နော် .."

"အဟွန်း ..."

သသကရယ်တော့ သူက ရှက်ပြုံးနှင့် သသမျက်နှာကိုငေးနေပြန်၏။

သူ့မျက်ဝန်းများသည် သသဟာ ထိကိုင်ရက်ဖွယ်မရှိအောင်





လှပလွန်းနေသော ရွှေစင်ရုပ်ထုလေးလို တယုတယ မြတ်နိုးလွန်း၏။

"ရှင် ဘာပြောချင်လို့လဲ ..."

မိန်းလမ်းမကြီးမဟုတ်ပေမယ့် သွားလာနေကြသူတွေနှင့်မို့ ဘာမှမပြောဘဲရပ်နေမြဲရှိနေသည့် သူ့ကို သသကပဲ စပေးရသည်။

ထိုအခါကျမှ နေဝေးက သတိဝင်လာသူလို မျက်နှာ ဖျတ်ခနဲ လွှဲလိုက်ပြီး ....

"ဟို ဟိုလေ သမီးဦး ကျွန်တော့်နောက်လိုက်မလား ..."

"ဘာ .."

သသ ၏ ဘာသံမှာ သူ့ကိုယ် ကတုန်ကယင်ဖြစ်သွားကာ

"မဟုတ်ဘူး အဲဒီလိုမဟုတ်ပါဘူး ..ဟို ဒါဆို သမီးဦး နောက်ကို ကျွန်တော်လိုက်ခဲ့မယ်လေ ...."

"ဘာပြောတယ် ..."

"ဟာ ...အဲဒါ ကျွတ် ...သွားပြီး ..."

နေဝေး သူ့ဆံပင်တွေကို လက်တစ်ဖက်နဲ့ သပ်ခါချ၍ မျက်လုံးတွေပါ မှိတ်ပစ်ကာ ရှုံ့မဲ့ညည်းသည်။

သူပြောတဲ့ သဘောကို အတိအကျမသိပေမယ့် ဘယ်လိုအဓိပ္ပာယ်ဆိုတာကို သသ တွေးမိပါသည်။

တမင်တကာ စိတ်ရှုပ်သွားသည့် မျက်နှာမျိုးနှင့် နေဝေး ဖြေရှင်းလာမှာကို စောင့်ကြိုနေလိုက်တာဖြစ်သည်။

"ကျွန်တော်ပြောတာက ဟို သမီးဦးနဲ့ စကားခဏလေး ပြောချင်တာလေ ...အဲဒါ ဟိုနေရာ ဒီနေရာ ကျွန်တော်မခေါ်ရဲလို့ပါ သမီးဦး ဘယ်နေရာကိုရွေးမလဲဆိုတာ အဲ ...အဲ့ဒါ ကျွန်တော် ပြောတာအဲ့ဒါပါ။ သမီးဦး ဘယ်ကိုသွားမလဲ ကျွန်တော်လိုက်ပို့မယ်လို့"

"တော်ပါပြီရှင် ရှင်းမှပဲ ပိုရှုပ်ကုန်ပြီ ..."

အသားညိုညို အရုပ်မနိမ့်မမြင့်နှင့် ချောတယ်ဟုမဆိုသာသော်လည်း ရုပ်မဆိုးလှသည့် နေဝေးကို သေချာကြည့်ပြီး သသ စိတ်ပျက်သွား၏။

သူ့ခများ စွန့်စားလာရှာမှန်းသိတော့ ပစ်ပစ်ခါခါ ပြောမထွက်ရက်ဘဲ ဖြစ်နေပြန်သည်။

ဒါပေမဲ့ ဘယ်ယောကျ်ားလေးကိုမှ အထင်တကြီးစိတ်မဝင်စားသော ရင်ထဲမှာ နေဝေးကြောင့် ထူးခြားစိတ်လှုပ်ရှားခြင်းမဖြစ်တာလည်း သေချာ၏။

"ဘယ်ကိုမှ မလိုက်ချင်ဘူး ကိုနေဝေး ...သသလည်းဦးမဆောင်တတ်ဘူး .. ယောကျ်ားလေးအပေါင်းအသင်းထားတာ ဝါသနာကိုမပါတာ ...သူငယ်ချင်းဆိုပြီး ရည်းစားစကားပြောကြတာတွေလည်း စိတ်ညစ်လို့ ..."

သသက မျက်နှာကို သေချာကြည့်ပြောနေပေမယ့် နေဝေးက မျက်နှာကြီး နီရဲကာ စိုက်ချထားသည့် မျက်တောင်များတို့က အနည်းငယ်မျှပင်မော့တက်မလာပေ ...





သသ ပြောနေရင်းစိတ်မကောင်းဖြစ်သွား၏။

"ရှင် ဘာပြောစရာရှိလို့လဲ ဒီလိုလုပ်လေ ဖုန်းနံပါတ်ပေးမယ် ...ဘက်ကျဆက်ပေါ့ ..."

"ဟင် တကယ် တကယ်ပေးမှာလားဟင် ဒါဆို ကျွန်တော်"

"ဖုန်းထဲကနေ ရည်းစားစကားမပြောဖို့တော့ ကတိပေးမှာဖြစ် ...ာ"

"ဟာ ...ဗျာ"

လှုပ်လှုပ်ရှားရှား ဖြစ်ကျန်ခဲ့သည့် နေဝေးပုံစံကို မျက်လုံးထဲမှာ ...ယောင်ကာ သသ လှည့်ထွက်လာရင်း ပြုံးလိုက်မိသည်။

နေဝေးရယ် ...

ရှင်က ဘာဖြစ်လို့ နေဝေးဖြစ်နေရတာလဲ ...

♥♥♥

အခန်း (၁၆)

"ဟင် ..ဘယ်သူ ..."

ဖုန်းကိုင်နေသည့် ဒေါ်မိမိဇင်ထံသို့ အလုပ်စားပွဲကနေ နေကလည်း လှမ်းကြည့်သည်။

အပေါ်ထပ်တက်ဖို့ လှေခါးပေါ် ခြေလှမ်းလိုက်ပြီးသည့် သသတို့ခနဲဖြစ်သွား၏။

"ဘယ်သူနဲ့တွေ့ချင်တာလဲ"

ဆိုသည့် မေးခွန်းအဆုံးမှာ သသက လှည့်ကြည့်တာနှင့် ဒေါ်မိမိဇင်လှမ်းကြည့်လိုက်တာ တစ်ထပ်တည်း ...

"နေဝေးတဲ့ သမီးသိလို့လား"

စကားပြောခွက်ကို တစ်ဖက်နဲ့ပိတ်ထားပြီး လှမ်းမေးတော့ သသက ခေါင်းညိတ်၍ ခပ်သွက်သွက်လေး လျှောက်လာသည်။

ဒေါ်မိမိဇင်က ဖုန်းပေးလိုက်သော်လည်း နေရာမှ မရွေ့ပဲ သသဖုန်းဆက်တာကို တည့်တည့်ပဲရပ်ကြည့်နေ၏။

"ဟဲလို ..."

" ..... "

"သြော် သသရဲ့ အန်တီပါ ..."





"သြော် သသရဲ့ အန်တီပါ ..."

ပြောရင်း မျက်လုံးဝင့်ကြည့်တော့လည်း ဒေါ်မိမိဇင်က စိုက်ကြည့်နေဆဲဖြစ်သည်။

မလိုလားသည့် မျက်ဝန်းများက အမြန်နှုန်းညံ့တတ်သော ဒေါ်မိမိဇင်၏ အသွင်ကိုတောင် ပျောက်ကွယ်သွားစေခဲ့၏။

"အင်း ဒါပဲနော် ...."

သသဖုန်းချလိုက်သည်အထိ ကြည့်နေပြီးမှ ပင့်သက်တစ်ရှိုက်နှင့်အတူ ဒေါ်မိမိဇင်က စကားစ၏။

"သမီးမှာ ယောကျ်ားလေးသူငယ်ချင်းဘယ်နှစ်ယောက်ရှိသလဲ ..."

"ဟင့်အင်း ..မရှိပါဘူး .."

"ဒါဆိုသူကကော ..."

"မခင်သေးပါဘူး ..မနေ့ကမှ သိကြတာ .."

ဒေါ်မိမိဇင်က သသ မျက်နှာလေးကို စူးစိုက်ကြည့်၏။

သသ မျက်ဝန်းလေးတွေမှာ အရှုံ့တိုက်ပြောနေတာလည်းမဟုတ် ..

ဘာမေးမေး မပြောရဲတာဘာမှ မရှိဘူးဆိုသည့် ပွင့်လင်းမှုများနှင့် သူမရှေ့မှာ အေးဆေးစွာ ရပ်နေပေးတာမျိုး ...

"ငယ်သူငယ်ချင်းဆိုတာတွေတောင်မှ အရွယ်ရောက်လာကြရင် ငြိတွယ်မှုတွေက မရှိးသားတော့ဘူး ...အခု သမီးကိုခင်မင်ဖို့

ကြိုးစားလာတဲ့ ကောင်လေးက သူငယ်ချင်းလိုခင်ဖို့ဆိုတာယုံလား"

"မယုံပါဘူး"

"ဘာဖြစ်လို့ လက်ခံစကားပြောတာလဲ"

မျက်ဝန်းချင်းဖျတ်ခနဲ ဆုံ၏။

ကဲ ဖြေစမ်းဆိုသည့် မျက်ဝန်းတွေကို သသ သိမ်ငယ်မှုနှင့်မကြည့် ....

"သူက လူရမ်းကားမဟုတ်ပါဘူး အန်တီဇင် ..ကိုယ်လိုလားတဲ့ လူတစ်ယောက်မို့ သသက အကောင်းထင်ပေးတာလည်းမဟုတ်ပါဘူး ..သူမရှိးသားရင်တောင် 'ပါးစပ်ပိတ်ထားပေးပါ ...' လို့ တားဆီးထားရင် တစ်သက်လုံးကြိတ်မှိတ်မျိုသိပ်သွားမယ့် လူမျိုးပါ ...သူနဲ့ သိနေကြရုံလောက်နဲ့ သသမှာ ဘာအန္တရာယ်မှ မရှိနိုင်ဘူးဆိုတာ သိလို့ ဖုန်းနံပါတ်ပေးခဲ့တာပါ ...."

"ကောင်းပြီ ဒါက သူ့အပိုင်း သမီးကကော ...ယောကျ်ားလေး သူငယ်ချင်းလည်း မထားခဲ့ဖူးဘူးဘဲနဲ့ သူ့ကိုမှ ခင်မင်ခွင့်ပြုတယ်ဆိုတော့ ..."

"သသ ဘက်က ရိုးသားပါတယ်"

"သူ အဲဒီလို ခေါင်းညိတ်နာခံတတ်တဲ့ လိုက်လျောမှုတွေအပေါ်မှာ သနားစိတ်တွေဖြစ်ပြီး တစ်နေ့နေ့ဆိုတာ ရှိလာခဲ့ရင်ရော"

သသ ခဏတော့ ငြိမ်သက်သွား၏။

ကိုယ့်ကိုယ်ကို ပြန်မေးကြည့်သည်မှာ နေဝေးနှင့် ပတ်သက်





သော ပစ္စုပ္ပန် အနာဂတ်အားလုံးဘာဆိုဘာမှ ရင်ထဲမှာမရှိဟု အဖြေ တွေ့က်၏။

ဒါပေမဲ့ သသ ဘာမှမပြောရသေးမီ ဒေါ်မိမိဇင်က ဆက်ပြော ပြ်က်၏။

"အန်တီဇင်ကလေ ကိုယ်ချင်းမစာတာတော့မဟုတ်ဘူး .. ဒါပေမဲ့ အပျိုကြီးလုပ်လာခဲ့လို့လားမသိဘူး ..ဒီလိုပြဿနာတွေကို တော့ နားလည်မပေးချင်တာအမှန်ပဲ ...သမီးကို သိပ်ကိုဖြူစင်ပြီး ချစ်စရာကောင်းတဲ့ မိန်းမငယ်လေးလို့ပဲ မြင်နေချင်တယ် ... ယောကျ်ားလေးသူငယ်ချင်းလည်း သမီးမထားပါနဲ့"

ဒေါ်မိမိဇင်က အဆုံးသတ်မှာ တည့်တည့်ပြော၏။

"ဒီနေ့ ဖုန်းဝင်လာလိုက်လို့ အန်တီသိသွားတာပဲဆိုပြီး ကွယ် ရာမှာရှဲ့ချင်တာမျိုး တမင်စိတ်ပါလို့ မသိတာအောင်တွဲတာမျိုး သမီး ဆီမှာမဟုတ်ဘူးလို့ အန်တီဇင်ယုံတယ် ... ဘာဖြစ်လို့လဲဆိုတော့ သမီးကကြောက်တတ်တဲ့ ကလေးမှမဟုတ်တာပြီးတော့ အန်တီ တို့က သမီးအတွက်ဆို သူစိမ်း ...သမီးဘက်က ဂရုမစိုက်ဘူးဆိုရင် နေတာပဲလေ ... အန်တီဇင်ကလည်း ကြီးကြီးကျယ်ကျယ် အမိန့် ပေးနေတာ မဟုတ်ဘူး ..ဖြစ်စေချင်တာကိုပဲပြောတာ ... သမီးရဲ့ ဖြူစင်သွက်လက်မှုလေးတွေကို ညစ်နွမ်းသွားမှာ နှမြောတယ် ဒီ တော့ အခု ဘာဖြစ်နေနေ သမီးရပ်လိုက်ပါ"

အန်တီဇင် စကားဘာကိုဆိုလိုက်တာလဲဆိုတာ သသ နား

ထည်သည်။ နေဝေးဆိုတဲ့ ယောကျ်ားကို မှန်းမရ မေ့မရဖြစ်ရအောင် ကလည်း ရင်ထဲမှာ ရှိနေခဲ့တာမဟုတ် ...

ဒါပေမဲ့ ဟိုလူ့ရှေ့မှာ အဆူခံရတော့ မာနနှင့် အလွယ်တကူ မနာခံချင်ဘဲဖြစ်နေခဲ့၏။

ထိုစဉ် နေကလည်း ဒီဘက်လှည့်ကြည့်လိုက်သဖြင့် မျက်လုံးချင်းဆုံမိသွားကြသည်။

နှစ်ယောက်ကို ဒေါ်မိမိဇင်က အကဲခတ်၍ ...

"နောက်နေ့ကစပြီး သမီးလေးကို မောင်မောင်ကြို့ပေးရမယ်"

"ဗျာ"

နေ ဟင်ခနဲဖြစ်သွားသည်။

"သူ့ကို ..."

"ဟုတ်တယ် ...အသွားကိုတော့ ဒရိုင်ဘာနဲ့ပဲပို့ခိုင်းမယ် ...အပြန်သားဝင်ကြိုလာခဲ့ ... အတူနေကြတဲ့လူချင်း စောင့်ရှောက်ရမယ်"

"မဟုတ်ဘူးလေ မေဇင့်ကို ကျွန်တော်"

နေ မတ်တပ်ရပ်လိုက်ပြီး အင်တိုက်အားတိုက် ထုချေဖို့ကြိုးစားပေမယ့် မအောင်မြင် ..

"တော်ပြီ မောင်မောင် ဒီအိမ်မှာ မေဇင်အကြီးဆုံး မင်းဒီမှာပဲ နေမယ်ဆိုလို့ မင်းရဲ့ အုပ်ထိန်းသူအဖြစ် မေဇင်လာနေတာ မေဇင့်စကားကို မင်းမနာခံဘူးလား ...ဒါဆိုရင် မေဇင်က သသကို ဘယ်လိုဆုံးမရမလဲ"





နေ ခေါင်းယမ်းဖြစ်သွား၏။

မေဇင်တို့ခြေလှမ်းစကုန်ပြီ ...

ဒီကောင်မလေးကိုက ပွေပွေရှုပ်ရှုပ်လုပ်ချင်တာ ...မကျေမနပ်မျက်လုံးက ဒိုင်းခနဲ ရောက်သွား၏။

သသကလည်း မဲ့ရွဲ့ပစ်ပြီးမျက်စောင်းပြန်ထိုးသည်။

"အဲဒီလိုကြီးလုပ်တော့ သသ ကို သူများတွေယုံထင်ကြောင်သင်ဖြစ်ပြီး အထင်သေးကုန်မှာပေါ့ အန်တီဇင် ..."

"ဘယ်ဟုတ်မလဲ သမီးရယ် ...မိန်းကလေးတစ်ယောက်အဘက်က အုပ်ထိန်းမှုမရှိရင်သာ အထင်မြင်သေးခံရတာပါ။ ဒါကမှဘကယ့် ဂုဏ်သိက္ခာ ..."

သသ ဘယ်လိုပြန်ချေပရမှန်းမသိ ...

ဒီထက်မက ငြင်းဆန်လျှင် အတိုက်အခံဖြစ်ဖို့သာရှိတော့သည်။

သူရော ကိုယ်ရော ငြင်းကြတာချင်းတူနေလျှင် ကိုယ်ကအရင် ငြင်းပြီးသားဖြစ်ချင်၏။

"ဒါဆိုလည်း ဒရိုင်ဘာနဲ့ပဲ အသွားအပြန်လုပ်ပေးပါ အန်တီဇင် သူနဲ့ သသ မသွားဘူး ..."

"မင်းကိုရော ဘယ်သူကပို့ပါရစေ ကြိုပါရစေပြောနေလို့လဲ အလုပ်ရှုပ်ရတဲ့အထဲ ဒေါသဖြစ်ရတဲ့အကုသိုလ်ကပိုဦးမယ်"

"ပိုဦးမှာ၊ ဒေါသတင်မကဘူး ...လူသတ်ပွဲပါ ဖြစ်ဖို့ရှိသေးတယ် ... ပို့ဖို့ကြိုဖို့ တာဝန်မယူရအောင် ရှောင်နိုင်သမျှရှောင် ..."

"ဟဲ့ တော်ကြစမ်း ..."

ဒေါ်မိမိဇင် အသံကျယ်ကျယ် မပြောစဖူး အော်ပစ်လိုက်တော့ သသက လက်မောင်းကို ဆုပ်ကိုင်လိုက်ကာ ...

"အန်တီဇင့်ကို သသ ကလန်ကဆန်လုပ်တာမဟုတ်ဘူး ဟို လူကြီးကိုမုန်းလို့ ..."

"ခင်ဗျားကိုတော့ ကျွန်တော်ကချစ်လွန်းလို့ပါ ...ဟွန်း .."

"မောင်မောင် ..."

နေက ကိုင်ထားသည့် ဆော့ပင်န်ကို လက်ဖဝါးနှင့် စားပွဲပေါ် ဖြန်းခနဲဆောင့်ချလိုက်သည်။

ပြီးတော့ ဘယ်သူ့မှ မကြည့်ဘဲလှည့်ထွက်သွား၏။

'သေလိုက် ..."

သသ ဆတ်ခနဲမေးငေါ့၍ သတိလက်လွတ်ပြောလိုက်ပြီးမှ ဒေါ်မိမိဇင်မျက်လုံးများနှင့် ဆုံကာ ...

"အယ် ..ကန်တော့ .ကန်တော့အန်တီဇင် ..."

စကားမဆုံးမီ လှစ်ခနဲ ထွက်ပြေးသွား၏။

အဲဒီ နှစ်ယောက်ဆုံဆည်းဖို့များ ခက်လိုက်ပါဘိ ...ဒေါ်မိမိဇင် ခေါင်းခါမိလေသည်။





♥♥♥

အခန်း (၁၇)

ကျောင်းသွားခါနီးတိုင်း လုပ်နေကျအတိုင်း ဒေါ်မိမိဇင်က ၁တ်စုံရွေးပေး၏။

"ဒီစကတ်က ပေါင်တစ်ခြမ်းဖုံးရုံပဲရှိတာ မကောင်းဘူးသမီး ရော့ ဒါလေးဝတ် ..."

"မရှိင်းပါဘူး အန်တီဇင်ရဲ့ ခြေလှမ်းလိုက်မှ ခြေသလုံးနည်း နည်းပဲ ပေါ်တာ အဲဒါကမှ သွားရလှမ်းရလွယ်တာ ..."

သသကလည်း စောဒက တက်မြဲတိုင်း တက်တာပဲဖြစ်၏။ ဒါပေမဲ့ ထွက်သွားတော့လည်း ဒေါ်မိမိဇင် ရွေးပေးသည့်အတိုင်း ၁တ်ဖြစ်ခဲ့ရသည်သာ ...

"သမီးဖိနပ်က ဟီးလ်ဒေါက်ကြီး သမီးက အရပ်မြင့်ပြီးသားပဲ နည်းနည်းနိမ့်တာစီးကြည့်ပါလား ..."

ဆိုတာမျိုးကရှိသေးသည်။

"တီရှပ် ရှိုင်းပြတ် ခါးတိုလေးတွေက ဗိုက်ပေါ်ချက်ပေါ်နဲ့ လက်မြှောက်ခြေမြှောက်ခံတာမဟုတ်ဘူး ...စပို့ရှပ်လက်စကတွေ လက်တိုတွေ သမီးဝတ်ကြည့်ပါလား ..."

ဆိုတာတွေ ...

"ဟောဒီမှာ ရှပ်အင်္ကျီဒီဇိုင်းဆန်းလေးတွေ အန်တီဝယ်လာတယ်"

ဟုထုတ်ပြပြီးဆို ဘယ်လိုဖြစ်ဖြစ်ဝတ်ရတော့မှာပဲဆိုတာ သိလိုက်ပြီ တကယ်တမ်းကျတော့ အန်တီဇင်ဟာ ဟိုအိမ်က လူတွေထက် တော်ပါသည်။

မေလေးထက်လည်း စည်းရုံးနိုင်၏...

သူမမှာလည်း မေလေးကိုဆို ခြေဆောင့်ကျောခိုင်းနေလို့ရသေးသည်။ ဒီမှာကျတော့ ဆင်ခြင်နေရ၏။

မေလေးတို့ ရက်ရက်စက်စက်မလာဘဲနေနိုင်ရက်လေခြင်းဟု မကြာခဏတွေး၍မျှော်နေမိသေးသည်။

ဘယ်သူမှ ရောက်မလာတော့ ကျောင်းလစ်ပြီးလိုက်သွားကြည့်မိ၏။ တစ်အိမ်လုံး ပိတ်ဆို့၍ ခြံဝန်းတံခါးကြီးက သော့တန်းလန်းနှင့် ...

သသ မျက်ရည် ဝေ့ဝေ့နှင့်ပဲ ပြန်လာခဲ့ရသည်။

သူမဘဝဟာ ငယ်စဉ်ကတည်းက မိဘမဲ့ ...





အောင်ကြောက်ခဲ့သည်။ လေးစားခဲ့သည်။

ဒေါ်မိမိဇင်တို့ မိသားစုတွေဆီမှာလည်း ဘဘက အံ့သြစရာကောင်းလောက်အောင် လေးစားကြောက်ရွံ့နေခဲ့ပြန်သည်။

သမီးဦးဆိုသော သူမ၏ ဘဝဟာ အဆစ်အပိုင်းများစွာနှင့် တစ်ကန့်စီ သပ်သပ်စီရှင်နေခဲ့ရ၏။

သူမအတွက် မသက်ဆိုင်သူများဟူသော ခေါင်းစဉ်အောက်မှာရှိနေကြသူအားလုံး၏ စောင့်ရှောက်မှုတွေကဘာလဲ ..

သသ မျက်စိလည်နေပါပြီ ...

မေလေးတို့က ဒီမှာ ပို့ခဲ့ပြီး ပျောက်ကွယ်သွားခဲ့ကြပြီ ....

နောက်ထပ် သူမ ဘာတွေ ထူးဆန်းစွာဖြစ်ဖို့ရှိနေသေးလဲ ...

ကိုယ့်အတွက် ဘာမှမဆိုင်ဟု သတ်မှတ်ထားခဲ့သလောက် သူတို့ကတော့ သူမအပေါ် ရင်းနှီးချစ်ခင်နေကြသည်။

အလွန်ဆိုးသော 'သမီးဦး' ဆိုသည့် သူမ၏ စရိုက်သဏ္ဍာန် တို့က မဆိုင်သူတို့အပေါ် ဆင့်ပွားစေရမည်လား ရုတ်သိမ်းရမှာလား။

မကျေနပ်မှုသိပ်ထားနေရတာတွေကတော့ များပါပြီ ...

အထူးသဖြင့် နေ ဆိုသည့်လူ ...

"ဟိတ် ...ဘယ်ကိုလဲ ရှေ့မှာလာထိုင်"

"ဘာဖြစ်လဲ ဘယ်မှာထိုင်ထိုင်"

သသက ခြေသံမထွက်စေဘဲ မကြည့်တာကိုလည်း ပြချင်၍ ဘောက်ဆတ်ဆတ်ထွက်လာပြီး ကားတံခါးဆွဲဖွင့်ကာ သိမ့်ခနဲ ဝင်

ထိုင်၏။

"မင်းက အဲဒီမှာ အခန့်သားထိုင်လိုက်ရအောင် ငါကမင်းရဲ့ ဒရိုင်ဘာလား"

သသက ဂရုမစိုက်စွာရှေ့က ဆံပင်တွေကို ကြော့ကြော့မော့မော့လေးဖွတင်လိုက်ပြီးမှ မဲ့ကာ

"ဒရိုင်ဘာ မဖြစ်ချင်ကားမမောင်းနဲ့ပေါ့ စတီယာရင်ရှေ့မှာထိုင်ရင် ဒရိုင်ဘာပဲ ပိုင်ရှင်က မောင်းတော့ နဖူးမှာ အုံနာလို့ရေးပြီးမောင်းလား ..သိပ်ကြွားချင်ရင်တော့ သွားရေးလိုက်လေ ... စောင့်ပေးပါ့မယ်"

"သသ"

"ဘာတုံး .."

"မင်း ငါ့ကို ဘာကောင်မှတ်နေလဲ စကားပြောတာ တစ်စက်မှလေးစားမှုမရှိဘူး ..."

မှန်ထဲက ကြည့်ပြောနေရတာ အားမရနိုင်ဘဲ နေက ကူရှင်မှာတံတောင်တစ်ဖက်တင်ပြီး နောက်လှည့်အံကြိတ်သည်။

"ခင်ဗျားက လေးစားခံချင်လို့လား ...ဒါဆိုလွယ်ပါတယ် ...ရန်ကုန်မှာရှိသမျှ ဟိုတယ်တွေ တစ်နေကုန်စုံအောင်သွားလိုက်လေ ... တံခါးဝမှာရပ်တာနဲ့ အလေးပြုတောင်ခံရဦးမယ် ..အပျွန်း ..."

"တောက် ဆွဲထိုးမိရင် သေဦးမယ် ..."

ကူရှင်ကို ထုချလိုက်တာမြင်တော့ သသက ဇွေ့ခနဲရှေ့တိုး၏





"ထိုးလေ ..ထိုးကြည့်လိုက် ယောကျ်ားနဲ့ မိန်းမဆိုပြီး ဖြုသွားယ်မှတ်လို့လား ..."

"မောင်မောင် ခုထိမသွားသေးဘူးလား ...."

ဒေါ်မိမိဇင်ထွက်လာမှ ကားက ဝေါခနဲဆောင့်ထွက်၏ ....

အပြန်ကြိုဖို့ကို ဘယ်လိုမှ ငြင်းမရလို့ လက်ခံလိုက်တော့လည်းတစ်ရက်တော့ ပို့ပေးလိုက်ဦး ...ဒရိုင်ဘာမလာသေးလို့' တဲ့ ...

♥♥♥

"နင့်ဘေးမှာကားဟဲ့"

တစ်ယောက်ကပြေးပြီးလက်ကိုဆွဲလိုက်မှ ကိုယ်လည်း

သွားသည်။

ဘေးက ပွတ်ကပ်သွားသည့်ကားကိုလည်း လှည့်ကြည့်

အို ...

ယဉ်နဒီ မျက်ခုံလှလှလေးတွေပင့်တက်သွား၏။

အပြာနုရောင်ရှပ်လက်ရှည် ပြာလဲ့သော မျက်မှန်နှင့်

သည့် နီးမြန်းမြန်းနှုတ်ခမ်းအစုံကို အငေးသားလိုက်ကြည့်မိ

"တကယ်မိတာပဲ ..."

"ဘာမိတာလဲ ..."

"ဟိုကားမောင်းသွားတဲ့တစ်ယောက် ..."

"အဲဒီတစ်ယောက်ငါသိတယ် ..."





သုသုကို ယဉ်နဒီက အံ့ဩဟန်နှင့် လှည့်ကြည့်၏။

"တကယ်လား ..."

"တကယ်ပြောတာ ငါတို့ ဖိုင်နယ်က တစ်ယောက်ကို လာ

ာ ကြိုတာ တစ်ပတ်လောက်ရှိပြီ ..."

"ဟင် ဘယ်သူလဲ ဒီကား ငါလည်း သတိထားမိတယ် ...လူကို

မမြင်လိုက်တာ ..."

သုသုက မသိရန်ကောဆိုသည့် အကြည့်နှင့် ယဉ်နဒီကိုကြည့်

ပြတ်တောင်နဲ့တွက်သည်။

"နှာမည်ဆန်းဆန်း ချောချောလေးဟာ 'သမီးဦး' ဆိုတာ"

"ဩော် ...."

ယဉ်နဒီမျက်ခုံးလေးတွန့်သွား၏ ....

ကင်န်တင်းမှာ ခဏခဏ ဆုံဖူးသည်။

သူများကို အထင်တကြီး မရှိတတ်ပေမယ့် စားသောက်ရင်း

တစ်သျှူးနဲ့ မျက်နှာကို မကြာခဏပွတ်ချပစ်တတ်တာကို သတိ

ထားမိခဲ့တာဖြစ်၏။

စားပြီးတော့လည်း တစ်သျှူးကိုလက်ဖဝါးနှစ်ဖက်ပေါ် မှာဖြန့်

ာတ်ပြီး မျက်နှာကိုအုပ်ချပွတ်ပစ်လိုက်တာ လည်တိုင်နားရွက်တို့

နောက်ထိ နှံ့နှံ့စပ်စပ် ....

ထိုတစ်ယောက်၏ မျက်နှာဟာ ဘယ်အချိန်ကြည့်ကြည့် နုအိ

ဲရဲနေတတ်လေသည်။

မျက်တောင်ကော့လေးတွေကလည်း နက်နက်ထူထူ ...

အိုင်းရှဲဒိုးဘာမှမတင်ဘဲလှနေတာမှန်း ကင်န်တင်းမှာ ခဏခဏ ဆုံဖူးသောကြောင့် သိခဲ့ရ၏။

မညာမတာ ပွင့်ချပစ်တတ်သည့် မျက်နှာဟာ တကယ်ဘာမှလိမ်းကျံမထားတဲ့သူ ...

စားသောက်ပြီး ပေကျံသည့် နှုတ်ခမ်းကို သူမတို့ ခပ်ဖွဖွတို့သုတ်ရသည်။

ချွေးပြန်လာလည်း တစ်သျှူးနဲ့အသာတို့ရုံသာ ...

သမီးဦးဆိုသည့် ထိုတစ်ယောက်ကတော့ ပွတ်လည်းပွတ်တိုက်နေတတ်ကာ ဘယ်လိုပဲ နေနေ နုရဲလာတတ်သည့် မျက်နှာက ပို၍သာလှနေခဲ့၏။

ထိုအဖြစ်တို့ မကြာခဏ ဆုံဆည်းဖြစ်ခဲ့ရတိုင်း သူမဟာ 'သမီးဦး' ပဲဆို သိခဲ့ရသည်။

သုသု ကိုယ်တိုင်လည်း တစ်ခါက ပြောဖူးသည်။

'နဒီ အဲဒီတစ်ယောက် တစ်ကယ်လှတာသိလား .. နှာမည်ကလည်းဆန်းတယ် ပုံစံလေးပြုံပြင်ပေးလိုက်တာနဲ့ ရုပ်လုံးပိုကြွလာမှာပဲ ...' တဲ့ အလှဘုရင်မ ဆိုသည့် ဘွဲ့ထူးကိုမက်မောနေခဲ့မိသည့် သူမအတွက် 'သမီးဦး' မျက်နှာကို မကြာခဏမြင်တတ်ခဲ့သော ခင်မင်ချင်၍တော့မဟုတ်ခဲ့ပေ ....။

အခုဒီလိုတွေ တိုက်ဆိုင်လေတော့ စိတ်ထဲမှာ မျက်ခနဲဖြစ်သွား





၏။

'သူတို့က ဘယ်လိုပတ်သက်တာလဲမသိဘူး ...'

ဟုတိုးတိုးလေးပြောမိတော့ သုသုကလှည့်ကြည့်၏...

"ဘာလဲ စိတ်ဝင်စားနေပြီးလား ...ခဏလေးမြင်လိုက်ရတာနဲ့ပဲ"

"တအားချောတာပဲ ..."

ယဉ်နဒီက ထပ်ပြောသည်။

သုသုက ခေါင်းညိတ်၏။

"ဟုတ်တယ် ငါလည်းမြင်လိုက်သားပဲ ငါအထင်တော့ ဆွေမျိုးတစ်ခုခုတော်တာဖြစ်မှာပါ ...'သမီးဦး' ဆိုတဲ့တစ်ယောက် က တေမိနဲ့အခုတွဲနေတာဟာ ..."

တေမိဆိုတာက အလွန်ရိုးစင်းပွာနေတတ်သည့် နေဝေးကို ပြောခြင်းဖြစ်သည်။

ယဉ်နဒီ မျက်နှာခုကျုမှ ပြုံးနိုင်ရယ်နိုင်ဖြစ်သွားရကာ...

"ဟုတ်လား ဒါဆို သူ့ကို ငါတို့ တေမိလို့ မခေါ်သင့်တော့ဘူးပေါ့ ..."

"ဟဲ ဟဲ မသေချာသေးဘူးလေ ကြည့်ရဦးမှာ ..."

"သုသု ..."

"ဟာင် .."

နှစ်ယောက်အတူ ကျောင်းဝင်းထဲလှမ်းဝင်ခဲ့ကြရင်း ယဉ်နဒီက လွယ်ထားသည့် အိတ်လေးကို ရင်ခွင်ထဲမှာ ပိုက်လိုက်ပြီး ...

"ငါ တကယ်ရင်ခုန်သွားတာ ..."

'လုပ်ပြီ ...'

နှစ်ယောက်သား ပခုံးချင်းတိုက်၍ ခိုးခိုးခစ်ခစ်ရယ်လိုက်မိကြ၏။

ယဉ်နဒီတို့က အဲဒီလိုပွင့်လင်းလေသည်။

♥♥♥





(အခန်း ၁၈)

"သသ ဘယ်သွားမလို့လဲ ဟင် ..."

သသခြေလှမ်းတွေ နှေးကျသွားသည်။

လှည့်ကြည့်လိုက်တော့ နေဝေး ...

"သသက လမ်းဆက်လျှောက်ရင်း ပြုံးပြလိုက်၏။

"သွားစရာရှိတာနဲ့ အတန်းလစ်လာတာ ရှင်ကတောဘယ်လဲ ..."

"သသ ထွက်သွားတာမြင်လို့လိုက်လာတာ ...အဲဒီသွားစရာဆိုတဲ့နေရာကို ကျွန်တော် အဖော်လိုက်ပေးလို့ရမလားဟင် ..."

သသက မျက်မှောင်ကလေး ကုတ်၍ ပြန်ကြည့်၏။

လမ်းမပေါ် ထွက်လာကြတော့ နေဝေးက သူမဘေးမှာ ယှဉ်လျက်ပါလာခဲ့၏။

"လိုက်လို့ကတော့ရပါတယ် ဒါပေမဲ့ ဝေးတယ် လိုင်းကားတိုးစီးရမှာ ..."

"ကောင်းတာပေါ့ အတွေ့အကြုံသစ်ပဲ ..."

နေဝေးရယ်လိုက်တာလို သသက အထူးအဆန်းကြည့်သည်။ ဘယ်တော့မှ နေဝေးရယ်မောနေတာမရှိခဲ့ဘူးထင်သည်။

သူမတို့ အုပ်စုနှင့် ရောနှောမိကာမှ နေဝေးပုံစံက တက်ကြွရွှင်လန်းလို့..

"သသ နင့်အန်တီမသိအောင် စွန့်စားရကျိုးတော့နပ်ပါတယ် ဟာ သူများကို စိတ်ချမ်းသာစေလို့လေ ...နေဝေး အရမ်းကိုပြောင်းလဲသွားတာ ..."

ဟု အင်ကြင်းက ပြောဖူးသည်။

သူမရင်ထဲမှာလည်း နေဝေးနှင့် ပတ်သက်၍ ဘာမှလှုပ်ခတ်သာယာတာမရှိခဲ့ပေမယ့် သူမကြောင့်နဲ့ ရယ်မောပျော်ရွှင်နေတာမြင်ရတော့ ကျေနပ်မိခဲ့သ်ည။

ခုလည်း သူမနဲ့အတူလိုင်းကား တိုးစီးဖို့ကို တက်ကြွနေပြန်သည်။

"ရှင် လိုင်းကားစီးဖူးရဲ့လား .."

မှတ်တိုင်ထိ လျှောက်ခဲ့ကြပြီး နှစ်ယောက်လုံးရပ်လိုက်မိမှ သသက မေးသည်။

နေဝေးဘယ်လိုဖြေရမလဲဆိုတာကိုစဉ်းစားသည်။

စီးဖူးတာ မစီးဖူးတာက အဖြေရှိပြီးသားဖြစ်ပေမယ့် သသက ဘယ်လိုအဖြေကိုမျှော်လင့်ထားသလဲ ...





ပြောမှား ဆိုမှားဖြစ်ခဲ့လျှင် အထင်သေးသွားမလား ..စိတ်ဆိုးမလား ....

"ဘာလဲအတိတ်မေ့သွားလို့လား ..."

ရယ်နေသည့် သသ မျက်နှာကို ပြန်ကြည့်ပြီး နေဝေး တံတွေးမျိုချ၏ သူဟာ စကားတစ်ခွန်းခြေတစ်လှမ်းအတွက် စဉ်းစားချင့်ချိန်လွန်းသော ပျော့ညံ့တွေဝေလွန်းသည့်ယောကျ်ား ....

"ဒါပျော့ညံ့တာမဟုတ်ဘူး သားသား၊ စဉ်းစားတယ်ဆိုတာမှားတာမရှိဘူး ..."

မေမေက ဤသို့ထောက်ခံကာ

"ယောကျ်ားပဲကွ ကြောက်တတ်တာမိန်းမအလုပ် ..."တဲ့

အိမ်မှာ ဖေဖေနဲ့ မေမေက သူ့ဘဝကို တစ်ပိုင်းစီပုံသွင်းကြ၏။ ထို့ပြင် ဖေဖေ နားနေတဲ့ သူက ဖေဖေပြောတာမှန်တယ် ...

မေမေ့နားကလူက မေမေမှန်တယ် စသော ထောက်ခံခဲ့ကြသူများဟာ ဖေဖေသေဆုံးခဲ့သည့် နောက်ပိုင်းမှာတော့ မေမေ့ပုံစံတိုင်းတစ်စုတစ်ဝေးတည်းထောက်ခံကြပြန်၏။

အားလုံး၏အလယ်မှာ နေဝေးသည်အရွယ်ရောက်လာတော့ ဤသို့ဤပုံအယူအဆများနှင့် မပြတ်သားနိုင်ခဲ့သော ....

"သသ"

"ဟင်ပြောစမ်း စဉ်းစားလို့ရပြီလား ..ဟိုးမှာ ကားလာနေပြီနော် တိုးကြိတ်မစီးရဲရင် လှည့်ပြန်သွားလို့ရတယ် အားနာဖို့မလိုဘူး"

သသ ပြုံးနေတာကို သူဘယ်လိုမှ အဖြေရှာထုတ်လို့မရဘဲ ပင့်သက်ရှိုက်တော့ ....

"လိုင်းကားစီးဖူးတာ မစီးဘူးတာကိုမမေးဘဲ သသ ဘယ်သွားသွား ကျွန်တော့်ကိုလိုက်ခွင့်ပြုဖို့ အခွင့်အရေးတစ်ခုပဲလိုချင်ပါတယ်။"

"အံမယ် ...မဆိုးဘူး"

သသ နေဝေးကို သနားသွားမိသည်။

ထို့ကြောင့် ဘာမှမမေးတော့ဘဲ ကားပေါ် တိုးကြိတ်တက်ကြတော့ ...

"ဟိုအကျႌအဖြူနဲ့ ညီလေး တိုးပါဗျာ ဘယ့်နှယ်ဒီလိုတိုင်းဖွတ်တိုးနေရတာလဲ ကိုယ်ကိုတစောင်းတိုးမှပေါ့ ..."

"အိုး ...တိုးလိုက်တာ ကိုယ်တစောင်းထားတိုးလေ ..."

"အား တက်နင်းလိုက်တာ ...သေပါပြီ ..."

သသ နောက်လှည့်ကြည့်လိုက်တော့ ကားအတက်အဆင်းနားမှ ရှေ့ကို မတက်နိုင်ဘဲ ဟိုကတံတောင်နဲ့ တွတ်လိုက်၊ ဒီကကျောကို တိုးလိုက် နေဝေး သူမကို အပီအပြင်ရှက်ကိုးရှက်ကန်းပြုံးပြလျက် ချွေးသီးကြီးတွေ သီးထနေရှာ၏။

ဖြစ်ရလေ ....

♥♥♥





## အခန်း (၁၉)

ကျောင်းထဲမှာ ကျောင်းသားတွေ တော်တော်ရှင်းသွားပြီ ..

သူကတော့ နောက်ကျမှရောက်လာရတာမို့ ကားကိုတောင်အပြင်မှာရပ်ပစ်ခဲ့တာဖြစ်သည်။

သသကိုရှာတာမတွေ့ ....

"ဟာ ..."

"အယ် ..ဆောရီး ..."

ရှေ့ကိုပဲ အာရုံရောက်နေတုန်း ပခုံးတစ်ခြမ်း နောက်ကိုလန်ထွက်သွားအောင် လူလည်း ယိုင်ထွက်သွား၏။

ကိုယ့်ဇောနဲ့ကိုယ်ဒေါသက ထောင်းခနဲဖြစ်သွားသည်။

"ဆောရီးနော် ..."

မျက်နှာလေးတစ်ခု သူ့ရှေ့ရောက်လာ၏။

တင်းခဲထားသည့် မျက်နှာကို အားတုံ့အားနာဖြေချလိုက်မိသည်အထိ ထိုမျက်နှာလေးက ရယ်မြူးရိပ်များနှင့် လှချင်းတိုင်လှနေ

သည်။

ဆံပင်တွေ ကျောတစ်ဝက်လောက်ထိရှည်ကာ ဆေးသား ပြေပြေတင်ထားသည့် မျက်နှာလေးက တမင်လိမ်းခြယ်ထားမှန်း မသိသာစေဘဲလှ၏။

သူမနှင့်အေးက မိန်းကလေးတစ်ယောက်က သူ့ရှေ့မှာရပ်ကာ ...

"အစ်ကိုက ဘယ်သူ့ကိုရှာနေတာလဲ ..."

ဩော် ကိုယ်ရှာနေတာကိုလည်းသိနေတာပဲလား ...

ဒါဟာ တမင်တကာဆိုတာ သေချာသွားသည်။

နေက မပြုံးမရယ်မျက်နှာနှင့် သူမကိုစိုက်ကြည့်လိုက်ပြီး ခေါင်းခါ၏။

"လက်တို့မေးမြန်းရလောက်အောင် တကူသိုလ်ကမကျယ်ပါဘူး ...ရတယ် ..."

ရှိရှိ မရှိရှိ ကားပေါ်ကပဲ ထိုင်စောင့်တော့ဖို့ စိတ်ကူးနှင့် လှည့်ထွက်လာခဲ့သည်။

စိတ်ထဲမှာ ခိုးလိုခုလုဖြစ်လာခဲ့တာတော့ အတိအကျပဲဖြစ်၏။ အထူးတလည်လှလွန်းနေသည့် မိန်းကလေး ....

ပုံစံ ကိုယ်ဟန်ကလည်း ကြွကြွလှလှလေးနှင့် ယဉ်နေပြန်သည်။တော်ရုံကိစ္စလောက်ကို စိတ်မဝင်စားတတ်သည် ခေါင်းထဲမှာထို မိန်းကလေးနှင့် သသကို နှိုင်းယှဉ်ကြည့်မိ၏။





သသက အလှအပမပြင်တတ်ပါ။

သွားလာနေထိုင်ပုံကအစ နူးညံ့မှုလည်းမရှိ ....

ပြီးတော့ သွက်လွန်းထက်လွန်းကာ မပြောရဲတာ မလုပ်ဝံ့တာဘာမှမရှိ ...

သသဆိုရင်ကော အခုဖြစ်သလိုမျိုး ဖန်တီးတတ်မလား ...

ပိုချင်ပိုလိမ့်ဦးမည် ...

သူ့ပခုံးကိုဝင်တိုက်ပစ်လိုက်သည့် မိန်းမလှလေးကို သတိရနေဘာက သူမကိုမေ့မရတာမဟုတ်ပါ ...။

သသကို တွေးမိလိုက်၍ဖြစ်သည်။

"သသ ကျောင်းပြီးတာနဲ့ လက်ထပ်ပေးမယ့် သသက မင်းသက်ထပ်ရမယ့် ဇနီးလောင်းနော်မောင်မောင် ..အဲဒါမမေ့နဲ့ .. မင်းကိုကြိုခိုင်းပို့ခိုင်းနေတာ တစ်နည်းအားဖြင့် အနီးကပ် စောင့်ရှောက်ဖို့ဲ ကိုယ်ပျိုးခဲ့တဲ့ပန်း ပျားတစ်ကောင်တောင် လာမနားစေနဲ့ ..."

မေဇင်က မကြာခဏ လာပြောတတ်၏။

ခုတလော အတန်းထဲကထွက်လာပြီဆို ကောင်လေးတစ်ယောက်နဲ့ စကားရယ်မောပြောလာတာတွေ့တာလည်း နှစ်ခါရှိပြီး

တစ်ခါကတော့ ပြဿနာမရှိ ...

နောက်တစ်ခါကျတော့ မျက်နှာပူသလိုလို ...

သူကမသိပေမယ့် ကိုယ်က သိနေခဲ့သည့်အပြင်မှာ ဒီကောင်မလေးတွဲနေပျော်နေတာကို ခပ်ပေါ့ပေါ့ထိုင်ကြည့်နေသင့် သလား ...

မေမေတို့ မေဇင်တို့သိလျှင် ရင်ဘတ်ထုသွားနိုင်သည်။

"မင်း ဒီလောက်တောင် အသုံးမကျရသလား "ဟု အပြစ်တ
နိုင်၏။

ခုလည်း အတန်းလစ်နေတာက သေချာပါပြီ ....

ကားနားပြန်ရောက်လာတော့ နာရီတစ်ချက်ကြည့်၍ အထဲ
ထိုင်လိုက်သည်။

ထိုအခါ မျက်လုံးက နောက်ကြည့်မှန်သို့ရောက်သွား၏။

"ဟင်"

နေ မျက်ခုံးတွေ တွန့်ခနဲဖြစ်သွားကာ စူးစိုက်ကြည့်နေမိသ
သသနဲ့ ဟိုတစ်ယောက် ...

ကားတစ်စီး၏ ဘေးမှာ စကားရပ်ပြောနေကြသည်။

သေချာတာတစ်ခုက မေဇင်ပြောခဲ့သော နေဝေးဆိုသူ
ဒီကောင်လေးပဲဖြစ်လိမ့်မည်။

သသကို သူနဲ့သာမြင်နေရလျှက်ခုလည်း ဘယ်ကနေအတူ
လာကြသည်မသိ။

သသက ကော်ဖီရောင် ထမီစကတ်နှင့် တီရှပ်အဖြူကို
ထားကာတိုက်ဆိုင်တယ်လား တမင်တကာလားမသိနိုင်သော
တစ်ယောက်၏ ပုဆိုး အကျီနှင့်အရောင်တူတွေ့မြင်နေကြ၏

သူကြည့်နေဆဲမှာ သသက နေဝေးပခုံးကို တို့လိုက်ပြီး
ဘက်က ကွမ်းယာဆိုင်လေးထဲလှည့်ဝင်သည်။





နေဝေးက ကားထဲကို တစ်စုံတစ်ရာနဲ့ပြောပြီး သသနောက်
လိုက်၏ ဘယ်လိုပြဿနာတွေရှင်းနေကြတာမသိ ...

ဒေါသက အလိပ်လိုက်တက်လာ၏။

သူတောင် လှမ်းမြင်နေရတာ သသက ဒီကားတစ်စီးလုံးကို
မမြင်ဘဲနေမလား ...

ဒါကိုစာစ်ချက်မှ ဂရုစိုက် ပုန်းကွယ်ဟန်မပြဘဲ တစ်သျှူးထုပ်
လေးဖြုတ်၍ နေဝေးလက်ထဲထည့်ပေးနေသည်။

နေ ထိုနေရာသို့ ဘယ်လိုပုံစံနှင့် ရောက်သွားမှန်းကိုယ်တိုင်ပင်
သတိမထားမိလိုက်ပေ ...

"ဘာလုပ်နေတာလဲ ဒါ လာခဲ့ ..."

သသဖျတ်ခနဲမော့ကြည့်သည်။

အံ့သြသွားပုံလေးနှင့် ငေးခနဲဖြစ်ပြီးမှ နေ ကိုင်ထားသည့်လက်
ကို ဖြုတ်ချလိုက်ကာ ...

"လာမယ် ..ခဏလေး .."

"မလိုချင်ဘူး လာခဲ့ ..."

"အား ..ဘာလဲ နေ ခင်ဗျားနော် ..."

နေဝေးမျက်နှာပျက်ပျက်နှင့် ရပ်ကျန်ခဲ့သည်။

ဘေးမှာရှိသမျှ လူတွေစိုက်ကြည့်နေကြ၏။

သူဆွဲချသွားသည့်အတိုင်း သသပြေးပြေးလွှားလွှားလေးပါနေ
ခဲ့ရင်း ရှက်စိတ်ကြောင့် တအားဆောင့်ရုန်းမိသည်။

"မရုန်းနဲ့နော် နည်းနည်းမှ မလှုပ်ဘဲလိုက်ခဲ့ မင်းထက်ငါက ပိုရှက်တတ်တယ် ..."

ကားထဲသို့သိမ့်ခနဲဆောင့်တွန်းပစ်ကာ တံခါးကို ဆောင့်ပိတ်ပစ်၏။ သသ ကားထဲမှာ ခွေခေါက်ကျသွားပြီး ချက်ချင်းပြန်ထကာ တံခါးကို မရမကဖွင့်၏။

အရှိန်ကြောင့် လော့ခ်ကျသွားပြီဖြစ်သည့် တံခါးက ဘယ်လို ဖွင့်လို့မှမရတော့ ....

သသ လော့ခ်ဖွင့်ဖို့ သတိရချိန်တွင် နေက တစ်ဖက်ကနေ ဆောင့်ဆွဲပစ်လိုက်၏။

"သသ မင်း မင်းဘယ်လိုဟာလေးလဲဟင် ကလေးမဟုတ် ..ဘာမဟုတ် မင်းဆိုးလွန်းတာ ငါဘယ်လိုမှ သည်းခံလို့မရတော့ဘူး .."

"မခံနဲ့လေ ခင်ဗျားကြီးကို ဘယ်သူက သည်းခံခိုင်းနေလို့လဲ ဘယ်သူမှ သည်းမခံနိုင်လို့ အဲဒီ 'စိမ့်ရေ' ဆိုတဲ့ အိမ်ပေါ်ကနေ ဗျွမ်း ပြန်ဆင်းရလည်း ဂရုမစိုက်ဘူးသိလား။ သသတို့က လမ်းပေါ်မှာ လိမ့်နေရလေကြိုက်လေပဲ ..."

"ဘာပြောတယ် .."

"ဟန်ကြီး ပန်ကြီးနေတဲ့လူတွေနဲ့ မနေချင်ဘူး စည်းတွေကမ်းတွေနဲ့ ဘာလဲ သသမုန်းတယ် ..ဖယ် လွှတ်နော် ...အဲဒါကြောင့် မေလေးတို့ကို သွားရှာတာ တစ်နေကုန်လျှောက်ရှာနေတာ ခင်ဗျား





ကြီးရောက်နေတယ်ဆိုတာ သိသားပဲ ဂရုမစိုက်လို့ကိုသွားတာ ဟို မှာ တံခါးပိတ်ထားလို့ ပြန်လာရတာသိလား ..သွားဦးမှာ နေ့တိုင်း သွားရှာမှာ ..."

"သွားကြည့်လိုက်လေ ..."

"သွားမယ် ..ခင်ဗျားက ဘာမို့လို့လဲ ဘာဆိုင်လို့ ပါဝါပြနေတာ လဲ"

စိတ်က တင်းခနဲဖြစ်သွားသည်။

မင်းယောကျ်ားဖြစ်မယ့်လူလို့ပြောချလိုက်ချင်တာ ပါးစပ်ထဲမှာ ယားနေ၏။

မေဇင်တို့ကိုက မတရားတာ ...

သူ့ကျတော့ ဘာကိုမှ အသိပေးမထားဘဲ လွှတ်လွှတ်လပ်လပ် ကြီးလူလည်လုပ်ခိုင်းထားသည်။

ကိုယ့်ကျတော့ မျိုးသိပ်ရထိန်းချုပ်ရ ...

မမြင်ချင်လို့လည်း ကျောခိုင်းနေတော့လည်း မင်းနဲ့ ပေးစား မယ့် မိန်းကလေးမို့ စောင့်ရှောက်ရမယ်တဲ့ ...

ကိုယ်ကပြောတာဆိုတာကျတော့ ဒီဟာလေးက ပြေပြေပြစ် ပြစ်တုံ့ပြန်နာခံတာဘာမှမရှိ ...

"ဖွင့် ..တံခါးဖွင့်ပေး ကိုယ့်ဘာသာဘယ်ရောက်ရောက် ..."

သသက သူ့လက်ကို ကိုက်ဆွဲတော့မလို ငုံ့လာသဖြင့် သူကိုင် ထားသည့်လက်ကို လွှတ်ကာ သသ မေးဖျားလေးကို ဆုပ်ညှစ်၍

မော့ပစ်လိုက်၏။

"ဘယ်ရောက်ရောက် ဘယ်ကိုသွားမှာလဲ ဘာဆိုင်လို့လဲဆိုတဲ့ စကားကိုမင်း နောက်ထပ်မပြောဖို့ ဆင်ခြင်သသ ...ဦးမော်တို့ကော မင်းနဲ့ဘာဆိုင်သလဲ ..မေလေးဆိုတဲ့ ဒေါ်ခင်ဆင့်ကကော မင်းရဲ့ အမေလား ..ကဲပြော ..."

သသ မျက်နှာမော့လျက်သားနှင့် ငိုင်ကျသွား၏။

နေက မျက်နှာချင်းထိမတတ်ငုံ့မိုးစိုက်ကြည့်ကာ

"ဘယ်သူက ဆိုင်တဲ့လူလဲ ..."

ဟု အံကြိတ်သံနှင့်မေး၏။

ဟုတ်သည် သသဟာ မိဘမဲ့ပဲ။ မေလေးပြောပြခဲ့သည့် ဇာတ်လမ်းကလေးတစ်ခုမှ လွဲ၍ သသမှာ ကိုယ်ပိုင်ခဲ့သော အတိတ် မရှိခဲ့ပါ။

မျက်ရည်တွေ တရစ်ချင်းတအိအိပြည့်တက်လာ၏။

နေ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်၍ တလှုပ်လှုပ် တဖိတ်ဖိတ် ပြိုးပြက်လက်နေသော မျက်ရည်တို့က လိမ့်ခနဲ နွေးခနဲ ပြေးဆင်းလာကြသည်။

နေ ဒေါသဖြစ်ဖြစ်နှင့် ဖိညှစ်ထားခဲ့သည့်လက်တို့တဖြည်း ဖြည်း ပြေကျသွားသည်။

သူမှားသွားပြီထင်သည်။

လက်ကို လွှတ်လိုက်ပြီး နေရာမှာ မတ်မတ်ပြင်ထိုင်ပြီးသည်





အထိ ကားမမောင်းဖြစ်ခဲ့ပေ ....

ငြိမ်သက်တိတ်ဆိတ်သွားသည့် သသ မျက်နှာကိုလည်း ပြန်မကြည့်မိတော့ စတီယာရင်ကို ဖိဆုပ်မိလိုက် ...

ပြန်လျှော့မိလိုက် ...

♥♥♥

အခန်း (၂၀)

သသထမင်းစားနေတော့ ဒေါ်မိမိဇင်က ကြက်သားကြော်ကို အသားတွေချည်းဖဲ့ယူပြီး ပန်းကန်ထဲမှာထည့်ပုံပေးသည်။

"စားသမီး ငါးသလောက်ပေါင်းတွေချည်းသိပ်မစားနဲ့ ..ကိုယ်လက်ထိုင်းမှိုင်းလိမ့်မယ် ..."

သသကတော့ ထမင်းစားဖို့ကို သိပ်စိတ်မပါပါ ...

သူမ မေးတာကို မဖြေသေးဘဲ ရပ်ပစ်ခဲ့သည့် ဦးလွဲသွားသော စကား လမ်းကြောင်းကို ပြန်၍ ဆုပ်ဖမ်းဖို့သာ စဉ်းစားနေမိသည်။

ဒီရောက်လာတည်းက ထမင်းစားတိုင်း ဒေါ်မိမိဇင်ကပဲ စားနှင့်ပြီးဖြစ်တတ်ကာ နေနဲ့ သသတို့စားကြတာကို အနားမှာထိုင်ကြည့်သည်။

နေကိုလည်း ဂရုစိုက်ကာ သသကိုလည်း တယုတယရှိတတ်၏။

ဒီလူတွေ ကိုယ့်အပေါ် ဒီလိုဂရုစိုက် ယုယနေသည့်အဖြစ်အား နားမလည်ပေမယ့် ဘဘတို့ရဲ့ အကြောင်းရှိခဲ့ဖူးကြလို့ပဲဟု မှတ်ခဲ့၏။





ဒါပေမဲ့ ခုကျတော့ ဘဘတို့မရှိကြတော့ပေ ....

အစကတည်းက အရိပ်မဲ့သလိုဖြစ်ခဲ့သည့် ဘဝကိုမနေ့က တစ်နေ့က ချိုးဖဲ့ကြိမ်းမောင်းခဲ့သေးသည်။

သသ ဒေါ်မိမိဇင်ဂရုစိုက်ကျွေးမွေးနေတာကို စိတ်ပါသာယာ င်းမရှိတော့ပါ ...။

"ဘဘတို့က သသမသိအောင် ထွက်သွားကြတာ ဘာဖြစ်လို့

ဟုမေးလိုက်ကာမှ ဒေါ်မိမိဇင်က စကားတွေ ဟိုပြောဒီပြော

"အန်တီဇင် .."

"ဟင် ..."

သသ အန်တီဇင်ကိုခေါ် လိုက်တော့ ထမင်းစားပြီးလို့ထထွက် ားသည့် နေက တံခါးဝရောက်မှပြန်လှည့်ကြည့်၏။

ပြီးတော့ ဘာမှမဟုတ်ဘဲ ဆက်ထွက်သွားသည်။

သသ သူ့ကို မကြည့်ဘဲသိနေသည်။

သူထွက်သွားမှ ...

"သသ နဲ့ပတ်သက်ပြီး လူတွေအားလုံးက သိနေရင်းနှီးနေကြ ယ်နော် ...သသကျတော့ တလောကလုံးမှာ တစ်ကောင်ကြွက် တာပဲ ..."

ဒေါ်မိမိဇင် မျက်နှာပျက်သွားလျက် သသကို စကားဆုံးအောင် ပြောခွင့်မပေး ..."

"ဆွေမျိုးမဲ့ပဲဖြစ်ဖြစ်၊ ဆွေမျိုးတွေနဲ့ပဲဖြစ်ဖြစ် တစ်ဦးတည်းသောသား၊ တစ်ဦးတည်းသောသမီးဆိုရင် တစ်ကောင်ကြွက်လို့ သတ်မှတ်ကြတာပဲ မိဘမဲ့ဆိုတော့ ပိုဆိုးတာပေါ့ ဒါပေမဲ့ အားလုံးဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ဖို့ မွေးလာပြီဆိုကတည်းက ခြေလှုပ်လက်လှုပ်နဲ့ အရှိန်ယူကြိုးစားလာခဲ့ကြတာ မဟုတ်ဘူးလားကွယ် ညောင်ခြေထောက်ပင်ကြီးက သူ့အမျိုးသူ့အနွယ်နဲ့ အုပ်အုပ်ခဲခဲ မားမားမတ်မတ် ရပ်နိုင်သလို ကိုယ့်အမျိုးအနွယ်မဟုတ်ဘဲလည်း တစ်ပင်ကိုတစ်ပင်ယှက်ပြီး နှစ်ကြာရှည်အောင် ရပ်တည်နိုင်ခဲ့တဲ့ သစ်ပင်မျိုးတွေအများကြီးပါပဲ ..."

ဒေါ်မိမိဇင်က ဖွှန်းခရင်းကိုင်ရင်း မျက်နှာတည်တည်လေးနှင့် ငိုင်နေသည့် သသ မေးဖျားလေးကို အသာဆွဲယူ၍ ပြုံးပြကာ

"လူတစ်ယောက်အတွက် အတိတ်က အရေးကြီးသလား၊ ပစ္စုပ္ပန်က အရေးကြီးသလား ...သမီး ..."

"သသ သိပါတယ် ဒါပေမဲ့ ..."

"သမီး ဘာဘနဲ့ မေလေးတို့ သမီးကို ထားသွားကြတာကို သမီးဝမ်းနည်းနေသလား ..အခု အန်တီဇင်တို့ရဲ့ စံအိမ်ကြီးမှာရှိနေတဲ့ မေမေတို့တွေရယ်ကရော သမီးလေးကို မချစ်ကြဘူးလား ..သူတို့လို မဟုတ်ရင်တောင် သူတို့လိုပဲထားနိုင်တဲ့ မေတ္တာမျိုးပေါ့ ..."

သသ ဘာမှမဖြေပါ ...

ဒါပေမဲ့ ဒေါ်မိမိဇင်ကနားလည်သည်။





ဒါပေမဲ့ ဒေါ်မိမိဇင်ကနားလည်သည်။

ဟိုမှာက ဒီမှာထက်ပိုပြီးဆိုးနဲ့ခွင့်ရတာတွေ ဒီထက်ပိုအလိုလိုက်ခံရလို့ ပိုလွတ်လပ်တာမျိုးကို တမ်းတမိတာလည်းဖြစ်နိုင်၏။

ထို့ကြောင့်

"သမီးလေးရယ် လူတွေတောင်မှ ပုံသဏ္ဌာန်လွဲကြသေးတာ ချစ်တတ်ကြပုံချင်းတော့ တူချင်မှတူမှာပေါ့ ဒါပေမဲ့ သမီးဟာမွေးလာကတည်းက ခြွေရံသင်းပင်းနဲ့ ကြီးပြင်းခဲ့ရတယ် ...ရတနာစည်းစိမ်နဲ့ ပြည့်စုံမှုတွေရှိခဲ့တယ် ..မိဘဆွေမျိုးတွေမဟုတ်ကြပေမယ့် အဲလို သမီးကိုချစ်ကြတယ် ..အလိုလိုက်ကြတယ် ..ဒါကိုတစ်ကောင်ကြွက်လို့ခေါ် နိုင်မလား ...သွေးသားပဲဖြစ်ဖြစ် တစိမ်းဖြစ်ဖြစ် ခင်ရာဆွေမျိုးတဲ့ ...သမီးဟာ ညောင်မြစ်ကြီးလိုကုတ်တွယ်ခဲ့တာ မဟုတ်ပေမယ့် ပင်ချင်းယှက်နေတဲ့ကြားက ရွှေးထုတ်ဖျက်ဆီးဖို့မလွယ်ကူတဲ့ ပင်ပျိုလေးပါ ..."

ဒေါ်မိမိဇင်က တစိမ့်စိမ့်ကြည့်တိုင်းလှနေသည့် သသ၏ နီမြန်းသော မျက်နှာ မွတ်မွတ်လေးကို လက်ဖဝါးနှင့် ဖွဖွပွတ်သပ်၍

"သမီးကိုလေ သွက်သွက်လက်လက် ချစ်စရာလေးမို့ မြင်တဲ့လူတိုင်းက မချစ်ဘဲကိုမနေနိုင်ခဲ့တာသိလား သိပ်ကိုကံထူးတဲ့ကလေး ...ကိုယ့်ဘဝကို ပြန်ကြည့်ပြီး စိတ်ပျက်ဖွယ်ရှိတာတွေချည်းပဲ ဘာဖြစ်လို့ ရွှေးထုတ်ခံစားနေရတာလဲကွယ် ...အခု သမီးကို ပြုစုစောင့်ရှောက်ကြတဲ့ လူတွေအားလုံးဟာ သန့်စင်တည်ကြည်တဲ့

လူတွေ မြင့်မြတ်တဲ့အသိုင်းအဝိုင်းအားလုံးရဲ့ သမီးလေးပဲ ဘာလို သေးလို့လဲ ...”

သသက ဖွန်းနဲ့ခက်ရင်းကို အသာချလိုက်ပြီး ဒေါ်မိမိဇင်ဘက်ကို သေချာလှည့်ထိုင်လိုက်သည်။

ပြီးတော့ လက်ဖဝါးချင်းထပ်ဆုပ်ထားလိုက်ပြီး ....

“လူတစ်ယောက်အတွက် ဇာတိဇာစ်မြစ်ဆိုတာ မလိုအပ်ဘူးလား အန်တီဇင် သသ ဘဝဘယ်ကစခဲ့တယ်ဆိုတာ သသ သိချင်တယ် ...”

“သမီးက သမီးရဲ့မေးလေးပြောခဲ့သမျှကို မယုံကြည်ဘူးလို့ဆိုချင်တာလား ...”

နောက်ဆုံးအလဲထိုးပစ်လိုက်သည့် ဒေါ်မိမိဇင် မေးခွန်းကြောင့် သသ နှုတ်ခမ်းလေး ဟလျက်နှင့် ဘာမှမပြောနိုင် ....

ဒေါ်မိမိဇင်က နှစ်သိမ့်သောအပြုံးတစ်ပွင့်နှင့် ...

“အားလုံးကို ယုံကြည်မှုနဲ့အတူ ထားခဲ့လိုက်နိုင်အောင်ကြိုးစားပါသမီးရယ် သမီးဟာ တစ်ကောင်ကြွက်အဖြစ်မျိုးနဲ့ မျက်နှာငယ်ရတာရှိသလား ..အထင်မြင်သေးလို့ နှိမ့်ချဆက်ဆံကြတာရောရှိခဲ့လား ...”

မရှိပါဘူးလို့ မပြောမိဘဲ နေ မျက်နှာကြီးကိုပြန်မြင်လာသည်။

သူ တူးဖော်ပစ်လိုက်တာလည်း ဒီသဘောပဲမဟုတ်ဘူးလား..

“မောင်မောင်ဆိုရင်လေ မိဘတွေရှိပေမယ့် သိပ်ဆိုးနွဲ့ခဲ့တာ





ချို့ဘူး အရွယ်ရောက်လာတော့လည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ဖို့ဇွတ်ခွဲထွက်တော့တာပဲ ...သူ့ကိုယ်သူယုံကြည်ပေမယ့် မိဘကတော့ ဘယ်စိတ်ချနိုင်မလဲကွယ် ...အသက်လေးက ဘာရှိသေးလို့လဲ ဒါပေမဲ့ မောင်မောင်က ဆယ်တန်းအောင်ကတည်းက စီးပွားရေးလုပ်နေပြီ သူက လောဘတကြီးဖြစ်နေတာမျိုးမဟုတ်ဘဲ သူဟာ မိဘအရိပ်အောက်မှာ ခိုလှုံနေတဲ့သူမဖြစ်ချင်တဲ့ ခံယူချက်နဲ့ဖွဲ့ကြီးတာ ..”

သသက အထင်မကြီးနိုင်သည့် မျက်နှာလေးနှင့် ခပ်လွှဲလွှဲလုပ်ပစ်တော့ ဒေါ်မိမိဇင်ကပြုံးသည်။

“သူ့ကိုယ်သူယုံကြည်တယ် ဘာလုပ်လုပ်အောင်မြင်တာပဲ နောက်ကျတော့ သူ့အဖေကော ဦးလေးရော စံအိမ်ကိုဦးစီးမယ့်သူ ဘယ်သူမှမရှိတော့မှ မိဘပိုင်လုပ်ငန်းတွေကို သူဝင်ကူလာတာ တစ်ခုတော့ရှိတယ် မောင်မောင်က မာနကြီးပေမယ့် သူ့အမေကိုတော့ညာတယ် နှာခံတတ်တဲ့အကျင့်လေးရှိတော့ မေမေ စိတ်မကောင်းရဲခဲ့ရဘူးပေါ့ ...”

ပြောရင်းဒေါ်မိမိဇင်က ပြုံး၍

“အဟွန်း ပြောမရဆိုမရ ခုလို သီးခြားခွဲထွက်နေတာ တစ်ခုလွဲရင်ပေါ့ ...ဒါကလည်း သူ့ယုံကြည်ချက်နဲ့သူဆိုတော့ မေမေ နားလည်ပေးခဲ့တယ်”

“သူက အန်တီဇင့်ကို အန်တီလို့မခေါ်ဘဲ ဘာဖြစ်လို့ မေဇင်လို့

ခေါ်တာလဲ ..”

“အန်တီတော်တာမှမဟုတ်ဘဲ သမီးရဲ့ မေမေ့ကို အန်တီတို့က မေမေလို့ခေါ်ပေမယ့် တကယ်က တူဝရီးတော်တာ မောင်မောင်နဲ့ဆိုတော့ မောင်နှမပဲတော်တာ အသက်ကျတော့ တအားကွာ နေပြန်ရော ...”

“ဘာဖြစ်လို့လဲ ဟင် ...”

“အန်တီတို့မာမီက အန်တီတို့ကို အသက်နှစ်ဆယ်ကျော်မှာမွေးခဲ့တာလေ ..မောင်မောင့်ကိုကျတော့ မေမေက အသက်လေးဆယ်ရောက်မှ ကံထူးလို့ရခဲ့တာ ...မေမေ့ခမျာ သားဦးလေးလို့ခေါ်ခဲ့တဲ့ အထိ တုန်နေအောင်ချစ်တာ ..ဒါပေမဲ့ မောင်မောင်ကသူ့စိတ်ကိုက သီးခြားဆန်ခဲ့တာဆိုတော့ မေမေက အထီးကျန်နေရတာပေါ့ ..ဒါကြောင့်ပဲထင်ပါတယ် တူမတွေပေမယ့် မေမေက အန်တီဇင်တို့ကိုသိပ်ချစ်တာ အန်တီဇင်တို့ ညီအစ်မကလည်း မောင်မောင့်ကို ချစ်တဲ့စိတ်နဲ့ မေမေကိုလည်း သနားတာရောအားလုံးကြောင့်ဘယ်သူမှ အိမ်ထောင်ပြုဖို့မစဉ်းစားခဲ့ကြတာဒီနေ့ထိပဲ ....

ဩော် ဟုပြောလိုက်ပြီး မေးခွန်းတို့ကို အဆုံးသတ်လိုက်တော့မလို့ မျက်လွှာချခဲ့ပြီးမှ

“အန်တီဇင် ..”

သသ ဖျတ်ခနဲပြန်မော့၍

“သူက သားဦးလို့ နာမည်တွင်ခဲ့တာ သဘာဝကျပါတယ်၊





ဟင် ပြီးတော့ သူနဲ့ သသဘာမှမဆိုင်ခဲ့ဘဲ နာမည်ရဲ့ သက်ရောက်မှုတွေ ဘာလို့လာတူနေရတာလဲ ...”

“တိုက်ဆိုင်ကြတာဖြစ်မှာပေါ့ကွယ် ...တော်ရုံအသေးအဖွဲတွေအတွက်တန်ဖိုးရှိတဲ့ ကိုယ့်ရဲ့ အတွေးတွေ စိတ်ကူးတွေ အပျက်မခံပါနဲ့ ...ကဲ ထမင်းစားလိုက်ဦး အေးစက်စက်ကြီးတွေဖြစ်ကုန်တော့မယ် ..”

ခွံကျွေးတော့မလို ဟန်ပြင်နေသဖြင့် သသ ဇွန်းကိုစိတ်မပါစွာပြန်ကိုင်မိသည် ....

ဘယ်လိုတွေးလို့မေးလို့မှ လိုရာမရောက်နိုင်ပါလား ...

♥ ♥ ♥

အခန်း (၂၁)

"ဟင် .. တကယ်လား ..."

သသ အံ့ဩသွားခဲ့၏။

"တကယ်ပြောတာ လုံးဝကိုသေချာတာ အဲဒီနေ့က သူ့ကို လှမ်းမြင်လိုက်တော့ နင်ဘယ်မှာလဲလို့ မေးတော့မှာပဲဆိုပြီး ငါနဲ့ ဖူး ဘယ်လမ်းကြားထဲဝင်ပြေးရမှန်းမသိဖြစ်သွားတာပေါ့ ..."

"ဟုတ်ပ .. အဲဒီအချိန်မှာ ယဉ်နုဒီက တာမင်တကာကြီးဝင်တိုက် ချလိုက်တာ ရှင်းရှင်းကြီး ..."

သသခေါင်းညိတ်နားထောင်နေမိသည် ...

"ပြီးကျတော့ သူလည်းပြန်လှည့်သွားရော သုသုဆိုတဲ့ တစ် ယောက်နဲ့ ပခုံးချင်းတိုက်ပြီးရယ်ကြပါရော .. နောက်တစ်နေ့ သူ





ရောက်လာတော့လည်း ကားပါကင်နေရာမှာ ရပ်စကားပြောနေကြ တာတွေ့တယ်သိလား အဆင်ပြေသွားပြီထင်တယ် နင့်လူကြီးက လည်း သူ့ကို ကောင်မလေးတွေ သတိထားမိနေကြတာကို ဘဝင် ကိုင်နေတဲ့ ရုပ်ကြီးနဲ့ ပြုံးဖေါ်တော့ရသား ..."

အင်ကြင်းက ဆက်ပြောရင်း ရှမ်းခေါက်ဆွဲကိုလည်းအစားမ ပျက် ဖူးနဲ့ သသကတော့ အအေးပဲ သောက်ကြတာမို့ အင်ကြင်းလို စားလိုက်ပြောလိုက်အလုပ်ရှုပ်တာမျိုးမဖြစ် ...

"သူတို့အဆင်ပြေသွားရင်လည်းကောင်းတာပဲ .. ယဉ်နုဒီကြည့် ရတာ .. ဇတ်တော့ကို အသေအလဲကြိုးပမ်းမယ့်ပုံပဲ ကြာရင် နင့်လူ ကြီးလည်းပါမှာပဲ"

"ဘာ နင့်လူကြီးလဲ ဆင်ခြင်ပြော ..."

သသက အအေးပုလင်းကိုဆောင့်ချပြီး ဒေါသနှင့် ကြိတ်ဆူ သည်။ အင်ကြင်းက စားစရာကို နောက်ဆုံးလက်စသတ်၍ ပြုံးပြ ကာ ..

"ဆောရီး .. တို့သူငယ်ချင်းက ရှိပြီးသားကို ..."

"ဟုတ်တယ် သသ သူအဆင်ပြေသွားရင် နင်နဲ့နေဝေးသွားရ သာရတာ အနှောင့်အယှက်ကင်းတာပေါ့ ... တစ်ယောက်တစ်တွဲ ဒီလေ ..."

သသ မျက်နှာလေးရှုံ့မဲ့သွားသည်။

"ခက်တော့တာပဲ ...."

"ဘာဖြစ်လို့လဲ ..."

"နေဝေးကို ငါလုံးဝရင်မခုန်ဘူး .."

"သူက ပြောပြီလား ..."

"မပြောဖြစ်အောင် ကာကွယ်ထားရတာပေ့ါ ..ငါသနားတော့ သနားတယ် .."

ဖူးက နှုတ်ခမ်းမှာတပ်ထားသည့် ပိုက်တံလေးကို ဖြုတ်၍ ခေါ်ခနဲရယ်သည်။

"သနားနေရင်လုံလောက်ပါတယ် သသရယ် ..ဒီတိုင်းနေခွင့်လေးပဲဆက်ပေးလိုက်ပါ ..အချစ်ကို နင်ဖန်တီးယူစရာမလိုပါဘူး .."

"နင်တို့က ငါ့ကို နေဝေးနဲ့ပဲ ဖြစ်စေချင်နေကြတယ်မဟုတ်လား"

"သိပ်မချောပေမယ့် နေဝေးက အရမ်းချမ်းသာတာဟ...ကိုယ်နဲ့ ဂုဏ်ရည်တူဆိုတော့ နှစ်ဖက်မိဘ သဘောမတူစရာမရှိတော့ဘူး"

"အမလေး တော်ပါတော့ ..."

သသ ခပ်ကျယ်ကျယ် ပိတ်ပစ်လိုက်ပြီး မျက်နှာမော့လိုက်လျှင်

"ဟာင် နေဝေး ..."

"ဟော ..."

သုံးယောက်လုံးအမှတ်တမဲ့ရယ်မောနေမိချိန် စားပွဲဘေးရောက်လာခဲ့သည့် နေဝေးကို တအံ့တဩမော့ကြည့်မိကြ၏။

သို့သော် ချက်ချင်းပဲ မတ်တပ်တွေရပ်ကုန်ကာ..





"နေဝေး ရှင်ဘာဖြစ်လာတာလဲ ..ဟင်..."

နေဝေးက ခပ်တောင့်တောင့်ကြီးရပ်လျက် မျက်ဝန်းမှာ မျက်ရည်တွေဝေ့နေသလို ဝင်းလက်နေသည်။

"နေဝေး ..."

သသ ထရပ်လိုက်ရင်း လက်ကလည်း လွယ်အိတ်ကြိုးကို ဆွဲကိုင်ထားပြီးသားဖြစ်သွားသည်။

သူမတို့သုံးယောက် နောက်ဆုံးချိန်မှာ လစ်၍ စားသောက်ရင်းကျောင်းဆင်းချိန်ကိုထိုင်စောင့်နေကြခြင်းဖြစ်သည်။

နေဝေးနဲ့က မေဂျာချင်းတူတာမဟုတ်ပါ ...။

သူဘာလို့ ထွက်လာတာလဲ ...

"သသ ..."

"ဟင် ပြောလေ ..."

"ကျွန်တော်နဲ့ ဆေးရုံကို ခဏလေးလိုက်ခဲ့ပါလားဟင်"

"ဟင် ဆေးရုံကို .."

"ဘာလုပ်ဖို့လဲ ..."

နေဝေးက ခေါင်းညိတ်တော့ အင်ကြင်းကဝင်မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော် မေမေ အသည်းအသန်ဖြစ်နေလို့ပါ ...."

"ဟယ် ..."

"အို ..ဟုတ်လား ..."

သသတို့ သုံးယောက်လုံးပဲစိတ်မကောင်းဖြစ်သွားကြ၏။ နေဝေးက သူ့အကြောင်းအားလုံးနီးပါးလောက်ကိုပြောပြထားခဲ့ဖူး၏။

သူ့အိမ်တွင်ရေးက အမွေကိစ္စများနှင့် ရှုပ်ထွေးနေသည်တဲ့ နေဝေး၏ အဖေဆုံးသွားပြီးနောက်မှာ မိခင်ဖြစ်သူဟာ အိမ်မှာ စုဝေးရှိနေကြသည့် နှစ်ဖက်ဆွေမျိုးတို့၏ ခြယ်လှယ်မှုအောက်မှာ တစ်စစပိပြားနေခဲ့သည်။

နောက်ဆုံး သားအမိနှစ်ယောက်၏ ဆုံးဖြတ်ခွင့်ရပိုင်ခွင့် အမွေကိစ္စများကိုပါ ချုပ်ကိုင်လာခဲ့သည်။

သူ့အမေမှာလည်း ထိုပြဿနာကြောင့်ပဲ စိတ်ထောင်းကိုယ်ကြေနှင့် ကျန်ကျန်းမာမာဖြစ်လာသည်ဟူ၍ မရှိခဲ့....

"ကိုယ်က ယောကျ်ားလေးပဲ နေဝေးရဲ့ ကိုယ့်အမေနဲ့ မားမားမတ်မတ်ရင်ဆိုင်ပေ့ါ ကိုယ့်ခြံကိုယ့်ဝင်းမှာ ကိုယ့်ပစ္စည်းနဲ့ကိုယ်ပဲ" သသ ကိုယ်တိုင် မခံချင်စိတ်နှင့်ပြောဖူးသည်။

ဒါပေမဲ့ နေဝေးကတော့ ဘာတစ်ခုမှ ပြတ်သားရဲခဲ့သည်မရှိပါ။

"မေမေတောင်မှ ချုပ်ကိုင်ခံနေရတာ ဒီအရှုပ်အထွေးတွေကို ကျွန်တော် ဘာမှမရှင်းတတ်ဘူး..အခု မေမေနဲ့တောင် ကျွန်တော် တစ်ခါတစ်လေမှ တွေ့ရတာ ...တဲ့ ..."

နေဝေးကို ဘယ်လိုမှရင်ဘတ်ထဲထည့်လို့မရခဲ့တာ ဒါတွေပဲ ထင်သည်။ အေးဆေးတွေဝေလွန်းတော့လည်း နုံသည်ပဲ ခေါ်မလား

နေဝေး ပျော့ညံ့လွန်းတာကို သသ အားမရနိုင် ...





သနားစာနာစိတ်ဟာ အချစ်စိတ်တွေဖြစ်တတ်သည်တဲ့ ဘယ်တော့ချစ်လာနိုင်မလဲတော့မသိပေ....

နေဝေးကိုတော့ သသကြာလေ နားမလည်နိုင်လေပါ ...

အိမ်ကပုဂ္ဂိုလ်ကြီးမျိုးကျတော့လည်း မြင့်မားလိုက်သည့်ဘဝင်ကြီးလိုက်တဲ့မာန ...

သူငယ်ငယ်ကတည်းက လဲကျသွားလို့ ပြေးထူတာတောင် မကြိုက်ခဲ့ဘူးဟုသိရသည်။

နေဝေးဟာ ဘယ်လိုယောကျ်ားလဲ ...

"အခု သသ ကလိုက်ပြီးဘာလုပ်ရမှာလဲ ..."

"အေးလေ ...ကျောင်းဆင်းဖို့ ဆယ်မိနစ်လောက်ပဲလိုတော့တာ ဟိုတစ်ခါကလည်း သသ ပြဿနာတက်ရတာ ရှင်သိသားနဲ့"

ဖူးက စိုးရိမ်သံလေးနှင့်ပြောရင်း ခေါင်းကုတ်သည်။

ကျောင်းချိန်မှာ လစ်သွားတာက သွားချိန်ပြန်ချိန် အတိအကျ လှုပ်ရှားနိုင်လျှင် ပြဿနာမရှိ ...

အတန်းချိန်လစ်သွားကြတော့ အချိန်လွန်မှပြန်လာသည်။ အခုကျတော့ အချိန်ကုန်နေမှထွက်မည်တဲ့ ...

"ဒီလိုပါ သသက စကားပြောသွက်ပါတယ် မေမေရဲ့ မိတ်ဆွေဘက်ကဧည့်သည်အဖြစ် မေမေ့ကိုတွေ့ခွင့်တောင်းပေးရုံပါပဲ ကျွန်တော် မေမေ့ကိုတွေ့ချင်လို့ပါ ..."

"ဘယ်လို ..."

သသ တအံ့တသြကြီးဖြစ်သွား၏။

ဖူးက ရင်ဘတ်ထုသည်။

"ကိုယ့်အမေအသည်းအသန်ဖြစ်နေလို့ သားက ဝင်တွေ့တာကို ရှင်က မတွေ့ရဲဘူး ဟုတ်လား ..အံ့ရော အံ့ရော ..."

"ကျွန်တော်တို့ အိမ်တွင်းရေးက ..."

အင်ကြင်းက စကားဆက်မခံဘဲ ထရပ်လိုက်ကာ ...

"အိမ်တွင်းရေး ဘာဖြစ်ဖြစ် နေဝေးရယ် ရှင့်လည်း ကျောင်းပြီးတော့မှာ ဘွဲ့လည်းရတော့မယ်...ဖြစ်သင့်တာကို လုပ်ရဲရမှာပေါ့ ...ကိုယ်ပိုင်တာမှ ကိုယ်ကောက်မယူရဲဘူးဆိုရင် ရှင့်ဘဝကို ရှင်ဘယ်လိုစခန်းသွားမလဲ နောင်အခါ ချစ်သူကြင်ဖော်နဲ့ လက်တွဲကြမယ် .... မိသားစုဘဝတစ်ခု ထူထောင်ကြမယ်ဆိုရင်ကော ..ရှင်ဘယ်လိုဦးစီးဦးဆောင်လုပ်မလဲ ..."

နေဝေး သသ မျက်နှာကို ဖျတ်ခနဲကြည့်၏။

သသ ပင့်သက်ရှိုက်၍ မျက်နှာလွှဲလိုက်မိသည်။

အင်ကြင်းစိတ်မကောင်းသလို လေသံကိုပြန်လျော့သွား၍ ..

"အင်ကြင်းတို့က စာနာစိတ်နဲ့ ပြောတာပါ ...ရှင်အတွက် ဒေါသဖြစ်လို့ စိတ်မဆိုးနဲ့နော် ..."

နေဝေး မချိပြုံးလေးတောင်မပြုံးနိုင်ခဲ့ပေ ...

သသ မျက်နှာကို ဆွေးငေးစွာကြည့်ကာ ဘုံးဆိုလဲကျတော့မတတ်ဖြစ်နေရှာသည်။





"ကဲ ...ကဲ သသလိုက်သွားမှာလား ..."

"နင်တို့ကော ..."

"ငါက ပြန်ရောက်တာနဲ့ မာမီနဲ့ ပါတီပွဲလိုက်သွားရမှာ နင့်ကို ပြောထားသားနဲ့ ..."

"ငါ့ကိုတော့မခေါ်နဲ့နော် ..ငါ့ဦးလေးအကြောင်းနင်သိသားနဲ့"

အင်ကြင်းနဲ့ဖူးက တလေသံတည်းဖြစ်ကြ၏။

သသ နေနဲ့ ပြဿနာဖြစ်ရမှာကိုသိသည်။

အိမ်ကိုပြန်မတိုင်ခဲ့ပေမယ့် နေကလည်း သူမအပေါ် သက်ညှာခဲ့တာမဟုတ် ...

နေပစေတော့ ...

သသခေါင်းညိတ်လိုက်သည်။

ကျောင်းဆင်းတော့မည် ...

ကံမကောင်းလျှင် ခုလောက်ဆို နေ ရောက်နေနိုင်သေး၏။

ဘာပဲဖြစ်ဖြစ် တစ်ယောက်တည်းလှည့်ပြန်သွားရမည့် နေဝေးအဖြစ်ကို ထိုင်ကြည့်မနေရက်ပါ ....

"သွားမယ် ..."

အင်ကြင်းတို့ သက်ပြင်းချလျက်ကျန်နေခဲ့ကြသည်။

နေဝေးနှင့် သသတို့အပြင်ထွက်လာကြတော့ အတန်းတချို့မှ ကျောင်းသားတွေထွက်လာနေကြပြီဖြစ်၏။

ဂရုမစိုက်ဘူးဟု အားတင်းထားသည့်ကြားမှ စိတ်ထဲမှာစိုးရိမ်မှု

လေးတွေဖြစ်လာသည်။

ခုနေများ နေ ရောက်နေပြီဆိုလျှင် ...

"ရှင့်ကားက ဘယ်နားမှာလဲ ..."

"ဟိုမှာလေ ..."

သသပါလာတော့ နေဝေး၏လှုပ်ရှားမှုတွေက တတ်ကြွနေကြ၏။

သို့သော်

မျက်စိရှေ့လေးတင်ကွေ့ဝင်လာသည့်ကားကြောင့် သသ ခြေလှမ်းတွေတုံ့ခနဲရပ်သွား၏။

နေက ကားကိုနှစ်ယောက်ရှေ့မှာရပ်၍ ချက်ချင်းဆင်းသည်။

အလုပ်ပင်ပန်းလာ၍လား နှစ်ယောက်တွဲနေတာကို ဒေါသဖြစ်၍လား ဘာမှန်းတော့မသိ ...

နေ မျက်နှာက ခါတိုင်းထက်ပို၍ နီနေသည်။

တည်တည်နေတတ်သည်ထက်ပိုတင်းနေ၏။

တောင်းဘီရှည်နက်ပြာခိုပြာရောင်နုနု ရှပ်လက်တိုနှင့် နက်ပြာစင်းပါသည့် နက်ခ်တိုင်ကိုတပ်ထားသည်။

သူသည်ကြီးရင့်သည်မဟုတ်ဘဲ ကျောင်းသားတစ်ယောက်မဟုတ်မှန်းလည်းသိသာတော့ အရပ်အမြင့်နှင့် ဝတ်ထားပုံကထင်းနေ၏။

မျက်နှာချင်းဆိုင်မိသည်နှင့် သူမမေးရသေးဘဲ သသက





အရင်ပြောလိုက်သည်။

"သသ လူနာသွားမေးချင်လို့ နာရီဝက်လောက်လိုက်သွားမယ်"

နေက နေဝေးကို ဖျတ်ခနဲကြည့်ပြီး ဒီဘက်ပြန်လှည့်ကာ ....

"မိနစ်ဝက်လောက်တောင်ခွင့်မပြုနိုင်ဘူး ..ကားပေါ်တတ် .."

"အို ခဏလေးလို့ပြောနေတာပဲ ..."

နေက ဘာမှမပြောတော့ဘဲ သသလက်ကို ဖျတ်ခနဲ ဆုပ်ကိုင်၍ ကားထဲထွန်းထည့်သည်။

"မင်း ပြန်ဆင်းဖို့ထိမမိုက်မဲဘူးလို့ပါတင်ကာယ် ..ဂရုမစိုက်ရင်ဆင်းကြည့် ..."

တံခါးကိုဆောင့်ပိတ်ပစ်လိုက်ပြီး နေဝေးကိုလည်း တစ်ချက်မှမကြည့်ဘဲ ကားကိုပတ်ကွေ့၏။

"ဘယ်လိုလဲ နှုတ်ဆက်ဖေါ်တောင်မရဘူး ..."

သူတံခါးကိုကိုင်လိုက်ပြီးမှ အသံကြောင့် ပြန်လှည့်ကြည့်၏။ ယဉ်နဒီက မြင်နေကျအတိုင်းအဖော်တစ်ယောက်နှင့် သူ့နားကိုရောက်နေပြီဖြစ်၏။

နှင်းဆီပွင့်ခက်လေးကို ပန်းရောင်နုလွှနေသည့် ဝတ်စုံကလေးနှင့် တစ်ကိုယ်လုံး ပန်းနုရောင်လွှင်နေသည်။

စိုအိ၍အရောင်ရင့်သော နှုတ်ခမ်းလေးတွေကပြုံးနေသည်။

"ကျွန်တော်မမြင်လို့ပါ ..သွားလိုက်ပါဦးမယ် ..."

ခေါင်းညိတ်ပြတာတောင် အလွန်ကြည့်ကောင်းအောင်နွဲ့တတ်ငဲ့တတ်သည့် ယဉ်နဒီ

ဘယ်လိုပဲ လှုပ်ရှားနေနေလှနေလေသည်။

ကားထဲကနေဘဲ ကြိတ်ကြည့်ရင်း သသ လက်သီးလေးကို ဆုပ်ထားမိ၏။

ကားထွက်လာတော့ ပြန်နေကျအတိုင်းမဟုတ်ဘဲ ကားက လမ်းဆုံတစ်ခုမှာ တစ်ဘက်ကိုကွေ့ဝင်သွားသဖြင့် ...

"ဒါက ဘယ်ကိုမောင်းတာလဲ ဒီမှာဆင်းနေခဲ့မယ် ချပေးခဲ့ .."

နေက လှည့်ကြည့်ပြီး ဘာမှမဖြေဘဲ ကားကို ပိုးထည်ဆိုင်တစ်ဆိုင်ရှေ့မှာရပ်လိုက်သည်။

"ဆင်း ..."

"မဆင်းဘူး ..."

"မင်းကို မေဇင်ခိုင်းလိုက်တာ အရောင်နုနုသုံးစလောက်ဖြတ်ခဲ့ပါတဲ့ ..."

သသ မလှုပ်မယှက်လေးဖြစ်သွားပြီးခဏနေမှ

"နေ"

နေဟု ခေါ်လိုက်တိုင်း မျက်နှာပျက်သွားတတ်သည့် နေက မျက်မှောင်ကုတ်နှင့်လှည့်ကြည့်၏။

"သသ လူနာသွားကြည့်ပါရစေ ..."

"ဟား ..."





တံခါးဖွင့်ထွက်တော့မတတ်ဖြစ်နေသည့် နေကိုယ်က ဆိုဖာပေါ် အိခနဲပြန်ကျလာ၏။

"သသ မင်းစိတ်က ဟိုတစ်ယောက်ဆီမှာ အကုန်ကျန်ခဲ့ပြီလား ..."

"ဘာကျန်ခဲ့တာလဲ ခင်ဗျားတို့ အဆင်ပြေနေတိုင်း သူများကို ဒီလိုပဲမှတ်နေသလား ... နေဝေးနဲ့ သသ ..."

"ဘာဖြစ်ဖြစ် မသွားရဘူးလို့ပြောပြီးပြီ ... ဆင်း"

သသ သူ့မျက်နှာကို စေ့စေ့ကြည့်၍ တက်ခေါက်လိုက်သည်။

သူက သသ ပခုံးလေးတစ်ဖက်ကို ဆောင့်ကိုင်လိုက်ပြီး ...

"ဘာတက်ခေါက်တာလဲ သသ မင်းထက် ငါအသက်အများကြီးကြီးတယ်နော် ... မင်းပုံစံကိုပြင် နေလို့ခေါ်တာကိုဖျောက် .."

"မဖျောက်ဘူး .. ပြင်လည်းမပြင်ဘူး .. သသက မိဘမရှိတဲ့အခြေမဲ့အနေမဲ့ဆိုပြီး အနိုင်မကျင့်နဲ့ ကိုယ့်သဘောနဲ့ကိုယ်စိတ်ချမ်းသာတာလုပ်ခွင့်မရှိရင် သသ ဘာကိုမှ ဂရုစိုက်မှာမဟုတ်ဘူး .. ခင်ဗျားလူလည်ကျလို့ မရဘူးသိလား .. ပြောပြီးသား လမ်းပေါ် ရောက်သွားလည်း ဂရုမစိုက်ဘူးလို့ ...."

"တိတ်စမ်း ..."

နောက်ထပ်ဆောင့်ခါလိုက်တော့ သသ ပခုံးမှာ နာကျင်လွန်းသဖြင့် သူ့ကို တအား ပြန်တွန်းပစ်လိုက်မိသည်။

လွတ်ထွက်မသွားသည့်အပြင် သူ့လက်ထဲမှာ သသ ပခုံးလေး

နှစ်ဖက်ကို ကိုင်ဖိဆုပ်ကိုင်ခြင်းခံလိုက်ရ၏။

"ကျက်သရေမဲ့တဲ့စကား နောက်ထပ်မင်းပြောကြည့်စမ်း ...မိန်းကလေး တစ်ယောက်ရဲ့ ပါးစပ်က ဒီစကားမျိုးခဏခဏ ပြောထွက်နေတာ သိပ်ကိုဂုဏ်ယူနေသလား"

"ဂုဏ်ယူယူ မယူယူ ...ဒါသသ ဘဝပဲ သသတို့က အမှန်တရားကို ရင်ဆိုင်ဖို့ သတ္တိအပြည့်ရှိတယ် ဘာဖြစ်လဲ ကလေကချေက ကလေကချေပေါ့ ...,"

"စိမ့်ရေ စံအိမ်" က လူတွေကိုမင်းကဘာထင်နေသလဲ .."

မျက်နှာချင်းဆွဲကပ်ပစ်လိုက်တော့ သသ ခေါင်းကိုမော့ထားလိုက်၏။

"မင်းသိပ်ကို ကလေကချေဖြစ်ချင်နေလည်း ဖြစ်ခွင့်မပေးဘူး ..စိမ့်ရေ ဟာ ဇွတ္တသမ္ဘလူကိုအိမ်ပေါ်ဆွဲတင်မွေးတတ်တဲ့ အမျိုးသမီးထိန်းသိမ်းရေးဂေဟာ မှတ်နေသလား ..မင်းကိုယ်မင်း ကလေကချေလို့ပြောတိုင်း အားလုံး အလကားလူတွေဖြစ်ကုန်ကြမှာပေါ့ ..မလိမ္မာလို့ဆုံးမတာကို နာခံရမယ် ... မင်းကလေးမှမဟုတ်တော့ဘဲ ဆိုးတာကိုသိပ်ကောင်းတယ်ထင်နေသလား ..."

"ဘာလဲ ဘာဆိုးတာလဲ သသက ဘာတွေလုပ်နေလို့လဲ ကျောင်းမှာနေတာ မိန်းကလေးဖြစ်ဖြစ် ယောကျ်ားလေးဖြစ်ဖြစ် ခင်ဖို့ကောင်းရင်ခင်မှာပဲ ယောကျ်ားမိတ်ဆွေရှိတာနဲ့ပဲ သသက ဆိုးနေပြီလား ..."





သသတစ်ခွန်းမကျန်ပြန်အော်သည်။

နေ ဒေါသဖြစ်လွန်းသဖြင့် လက်မောင်းသားလေးတွေကို ဖျစ်ညှစ်ဖိဆုပ်ထားမိ၏။

"မင်း သူငယ်ချင်းထားနေတာကို ငါဘာပြောခဲ့သလဲ အခု မင်းအဒီသူငယ်ချင်းဆိုတဲ့ တစ်ယောက်နဲ့ အတန်းလစ်တတ်လာပြီ နှစ်ယောက်တည်း တစ်နေကုန်လည်ပတ်နေတာကို သူငယ်ချင်းလို့ဆက်ပြီး သတ်မှတ်ပေးရဦးမလား ..."

"လည်တာမဟုတ်ဘူး ..ဟိုတစ်ခါက သသ မေလေးတို့ဆီသွားချင်လို့ သူအဖော်လိုက်ပေးတာ အခုက သူ့မေမေ အသည်းအသန်ဖြစ်နေလို့ သူ့တို့အိမ်တွင်းရေးက ရှုပ်နေလို့ပါ ..အဲဒါ သသမပါလို့မဖြစ်ဘူး ..."

သသ လေသံကို လျှော့၍ နေဝေးနှင့်ပတ်သက်တာတွေကို ကတိုက်ကရိုက်လေးရှင်းပြသည်။

ဂရုမစိုက်ချင်ပေမယ့် တကယ်တမ်းချုပ်ကိုင်လာတော့ နေကိုကျော်လွှားလို့မရမှန်း သသသိသည်။

ဒီနေ့ သွားချင်တာမို့လည်း သသ မတောင်းပန်ပေမယ့် လေသံပျော့ပျော့နှင့် ပြောနေမိသည်။

သသမျက်နှာလေးကို စူးစိုက်ကြည့်၍ နားထောင်ရင်း ပခုံးမှဆုပ်ကိုင်ထားသည့် နေလက်တွေပြေကျသွား၏။

"သူ သသကိုအကူအညီတောင်းခဲ့တာပါ ခဏလေးပဲဟာ

သွားပါရစေ ...”

သသပြောသမျှကို နားထောင်ပြီး နေက ခေါင်းခါလိုက်၏။

“အဓိပ္ပာယ်ကိုမရှိဘူး ယောကျ်ားလေးတစ်ယောက်က ဒီလောက်ညှဲ့ဖျင်းနေတာဘာဖြစ်လာမှာလဲ ဒီလိုလူနဲ့ ပတ်သက်ပြီး မင်းကူညီနေတော့ရော တစ်ခါတည်းနဲ့ပြီးသွားလား ... နောက်တစ်ခါ ဒီလိုပဲ ထပ်ပြောလာရင် မင်းထပ်သနားနေရဦးမှာ ... ခဏခဏ သနားလိုက် ဝင်ပါလိုက်နဲ့ ကျွတ် ...”

နေ ကျွတ်ခနဲ စုတ်သပ်ပြီး တံခါးဖွင့်ဆင်းသည်။

“ကဲ ..ဆင်း ...”

သသ မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့်ကျလာ၏။

သူများပြောပြတောင်းပန်ပြီးမှ ...

မာနနှင့် ရောထွေးသော ဒေါသများက ဖိကြိတ်သွန်ချလိုက်သောအခါ မျက်ရည်စက်တို့ဖြစ်လာကြ၏။

နေဝေးနှင့် မပတ်သက်တော့ဘဲ နေကို မခံချင် မုန်းတီးသော မျက်ရည်များဖြစ်လေသည်။

ကားပေါ်ကနေ ဆောင့်ဆောင့်ဆင်းကာ နေ ရှေ့မှာတည့်တည့်ရပ်၍

“ခင်ဗျား ဟိုတစ်ယောက်နဲ့ မြန်မြန်အဆင်ပြေအောင်လုပ် ခင်ဗျားလိုပဲ လိုက်ဖျက်ပြမယ်ကြည့်နေ ...”

“ဘာ ဘယ်သူ ...”





ပြောပြီးလှည့်ထွက်သွားသည့် သသ လက်ဖဝါးလေးကို နေက ဖမ်းဆွဲလိုက်ပြီး ...

“မင်း ဘာပြောတာလဲသသ”

သသ သူ့လက်ကိုဖြုတ်ချသည်။ ဒါပေမဲ့ ဖိအုပ်ထားသည့်လက်က ပြုတ်ကျမသွားခဲ့ပေ။

“ဘာပြောတာလဲဟုတ်လား ..ခင်ဗျားနဲ့ကြည်နေတဲ့ ယဉ်နဒီဆိုတဲ့ တစ်ယောက်လေ ခင်ဗျားဆက်ကြိုးစားလိုက် အဆင်ပြေတဲ့တစ်နေ့ သသ ထက်အဖြစ်ဆိုးပြီဆိုတာမှတ်ထား ...”

နေ ရုတ်တရက် ဘာမှန်းကိုမသိလိုက်ပေ ...

မျက်နှာကို ဆတ်ခနဲမော့ ဆံပင်တွေကို ခါထုတ်၍ သူ့လက်ကို ကိုယ်နဲ့ပါဖိချ ရုန်းထွက်သွားသည့် သသကို တားဆီဖို့ပင်မေ့သွား၏။

ယဉ်နဒီ ..

“နဒီက ယဉ်နဒီပါ သူက သုသုလွင်တဲ့ ...”

သသကိုသွားကြိုရင်း မကြာခဏ ဆုံဖြစ်ခဲ့သည့် အလွန်လှသော မျက်နှာလေးတစ်ခုကို သတိရလိုက်သည်။

ယဉ်နဒီကို သူကြိုးစားနေသည်ဟု သသထင်သွားမှန်းခုမှ သဘောပေါက်၏ ပိုးထည်ဆိုင်ထဲ ဆောင့်ဆောင့်အောင့်အောင့်လေး ဝင်သွားသည့် သသ ကျောပြင်ကိုလှမ်းကြည့်ကာ နေ ပြုံးလိုက်မိ၏။

ကိုယ်က သူ့ကို မျက်စိအောက်က ပျောက်မှာစိုးလို့ကာကွယ်

နေရတဲ့အဖြစ်မှာ ကိုယ့်ကိုပဲ တခြားမိန်းကလေးနဲ့ ထင်နေသေးသည်။

သသ မင်းတော်တော်လည်ပါတယ် ...

ဒါပေမဲ့ ရိုးလွန်းတော့လည်းမင်းပဲ ....

♥♥♥





အခန်း (၂၂)

တိုက်တိုက်ဆိုင်ဆိုင် ကားပေါ်တက်ကြခါနီးမှ လေးယောက်သား မလှမ်းမကမ်းအနေအထားများနှင့် ဆုံမိကြ၏။

နေနဲ့ သသ ဘယ်လိုတော်စပ်ပတ်သက်မှန်းမသိသော်လည်း သသ နေကို မလွန်ဆန်နိုင်မှန်းသိနေသဖြင့် နေဝေး အတော်လေး လက်မှိုင်ချသွားခဲ့၏။

သူ့မိခင်လည်းဆုံးသွားပြီဖြစ်သည်။

ဒါတွေကိုလည်း ကင်န်တင်းမှာဆုံမှ ပြောပြဖို့စောင့်ရင်း ကျောင်းဆင်းသွားခဲ့၏။ ကျောင်းဝင်းထဲကို ဝင်ချိန်ထွက်ချိန်များမှာ သသနားကို နေဝေးမကပ်ရဲရှာတော့ပေ ...

"သူက ဘာတော်လဲဟင် ... " ဟုမေးဖူးတော့ သသက ..

"သသ့ရဲ့ အုပ်ထိန်းသူပေါ့ " ဟုပြန်ဖြေသည်။

အဖြေက ဒါပဲပေမယ့် နေဝေး ပို၍မစပ်စုရဲပေ ...

ထိုသို့ မပြတ်သားသော ပဟေဠိများစွာကို ရင်ဘတ်ကြီးထဲမှာ စုဆောင်းမျိုသိပ်ထားတတ်တာလည်း နေဝေးအကျင့်ပါနေပါပြီ ...

ပြီးတော့ ဘယ်သောအခါ ကြည်နူးရွှင်လန်းခဲ့ခြင်းမရှိသော သူ့စိတ်အစဉ်ကြောင့်နေဝေးမျက်နှာပြင်မှာ တက်ကြွကြည်စင်နေတယ်ဆိုတာ ဘယ်သောအခါမှ မတွေ့ရတော့ဘဲရှိသည်။

ခုလည်းသူနောက်ဆုံးအတန်းချိန်မှာ တစ်ချိန်လုံးအားနေသည်။ ဟိုအရင်ကလို ကျောင်းမလစ်တတ်ပေမယ့် အတန်းစောစောအားသွားခဲ့သည့်အခါများမှာ အိမ်ကိုပြန်ခဲ့သည်သာ ...

မပြန်နိုင်ဘဲ ကျောင်းတွေဆင်းတဲ့အထိစောင့်နေမိတာက မေမေဆုံးသွားပြီဆိုတဲ့အကြောင်းသသကိုပြောချင်၍ဖြစ်သည်။

ဒါပေမဲ့ ကျောင်းသာဆင်းသွားပြီး ပြောခွင့်မသာခဲ့ ...

ကျောင်းမဆင်းမီ ဆယ်မိနစ်လောက်ကတည်းက နေ ရောက်လာသည်။

နောက်ငါးမိနစ်မှာ သူ့အိမ်ကကားရောက်လာ၏။

တိုက်ဆိုင်စွာ ကားနှစ်စီးက အလယ်မှာ တစ်စီးခြားရပ်နေခဲ့ကြ၏။ နေ ကားဘေးမှာ လက်ပိုက်မှီရပ်နေစဉ် နေဝေးကားဆီလျှောက်လာခဲ့၏။ မျက်နှာကို ငုံ့လျှောက်ခဲ့သော်လည်း မျက်လုံးက အလိုက်ကမ်းဆိုးမသိ နေထံ ဝင့်ခနဲ ပြေးတက်သွားမိသည်။

နေက လက်ပိုက်ရပ်လျက်မှ သူ့ကို စိုက်ကြည့်နေတာတွေ့၏။

နေဝေး ကပျာကယာ မျက်နှာပြန်လွှဲကာ ကားနားရောက်





တော့ ဟိုကြည့်သလို ဒီကြည့်သလို လုပ်ရင်းရပ်နေမိသည်။

ကျောင်းသားတွေ အတွဲလိုက် အုပ်စုလိုက် ထွက်လာနေကြသည့်ဆီ လှမ်းကြည့်ကာ နောက်ထပ် နေကို ခိုးကြည့်လိုက်တော့ နေက မကြည့်ပါ ...

ဒီလူ သသနဲ့သူ့ကို တမျိုးတမည်ထင်၍သာ စောစောရောက်လာပြီးစောင့်နေတာဖြစ်သည်။

ဟိုတစ်နေ့ကလည်း သသကိုကားပေါ် ဆွဲတင်သွားသော ဒေါ်သတကြီး ခုကျတော့ သူ့ကိုသာမန်လူတစ်ယောက်လိုပဲကြည့်ကာ အနားမှာ ဝါးတစ်ပြန်စာပင်မကွာဘဲ ရပ်နေတာတောင်ရှိသည်ဟု ထင်ပုံမရ ...။

ရောက်လာကြတော့ သသရယ် ဖူးတို့နှစ်ယောက်ရယ် ...

ဖူးတို့က နေကိုမြင်သည်နှင့် လမ်းခွဲထွက်သွားကြသည်။ သသကတော့ နေကို ဂရုစိုက်ပုံမရဘဲ သူ့ကို လှမ်း၍ပြုံးပြ၏။ နေဝေးပြုံးပြချင်ပေမယ့် ပြန်မပြုံးရဲဘဲ နေ ကို ဖျတ်ခနဲလှည့်ကြည့်၏။

တစ်ယောက်တည်းပြုံးနေရယ်နေသလိုကြီး ...

သသက အရူးတစ်ယောက်လို ..

နေဝေးကြောက်တတ်နေပုံကို သသစိတ်ပျက်သွားမိ၏။

ဒီလူ့ကိုများကြောက်လို့ ...

ဒေါ်သက နေကို စုပြုံလျက် သသ မျက်နှာကတင်းခနဲဖြစ်သွား၏။

ထိုအချိန်မှာပဲ တိုက်ဆိုင်စွာရောက်လာသူက ယဉ်နဒီ ..

ယဉ်နဒီက သသကို နည်းနည်းလေးမှ ငဲ့မကြည့်ဘဲ နေရှေ့ကိုပဲလျှောက်ဝင်သွားကာ ....

"နေကို မွေးနေ့ပွဲဖိတ်မလို့ နဒီကြိုးစားခဲ့တာသိလား.. အဲဒါ ဘယ်လိုမဆုံဖြစ်ခဲ့ကြသလဲမသိဘူး ..ဒီနေ့တော့ တစ်ခုခုကျွေးပါရစေ လိုက်စားမယ်မို့လားဟင် ..."

နေ မျက်နှာအနည်းငယ်တည်သွားတာကို ယဉ်နဒီက ကြည့်၍

"လက်ဆောင်မလိုချင်ဘူး ..ဒီက ကျွေးတာကိုလိုက်စားပေးမယ်ဆိုရင်ရပြီးခဏပါ'...နေ ခေါ်ချင်တဲ့လူအားလုံးခေါ် နဒီဖိတ်ပါတယ်"

နေကဖိတ်မှလိုက်ရမှာလား ..သူကဖြင့် ငဲ့စောင်းကြည့်ဖော်မရ ..တကယ်ဆို သသနဲ့ သူကကျောင်းသူချင်း ...

ဟွန်း ပေါ်တင်ကြီး ...

သသ နေဝေးကို လှမ်းကြည့်၍ တစ်ချက်ပြုံးလိုက်၏။

"ဒီနားမှာတို့ပဲရှိတာ .. တို့က မလိုက်ချင်ပါဘူး ..သူ့ကိုပဲခေါ်သွားလေ .."

'နေ သသကိုဖျတ်ခနဲ လှည့်ကြည့်၏။

သသက အလွန်လှိမ္မာသော ညီမငယ်လေးတစ်ယောက်၏ ဖြူစင်သော မျက်ဝန်းလေးတွေအဖြစ် စိတ်၏ ပူလောင်မှုအမှတ်ဓါးရိုးထိကို ကျသွားချထားလိုက်ပြီး ...





"ခင်ဗျားလိုက်သွားလိုက်ပါ ... မိန်းကလေးကတောင်ဖိတ်နေတဲ့ဟာ အားနာစရာကြီး ...အိမ်ကို အတူပြန်မရောက်ရင်တော့ ကြည့်ပြောပေးထားပေါ့ ...သသလည်း သူငယ်ချင်းနဲ့သွားစရာရှိနေလို့ ...နော် ..."

မှတ်ထား ...

လှပသောမိန်းမတစ်ယောက်၏ရှေ့မှာ ဖိတ်တာကို သင်းဘယ်လိုငြင်းမလဲ ....

ဒီက သွားတာကိုကော ဘယ်လိုတားမလဲ ...

နေ မျက်နှာကြီးညိုခနဲဖြစ်သွားတာကို ပြုံးပြုံးလေး တစ်ချက်ကြည့်ပြီး သသ လှည့်ထွက်ခဲ့သည်။

မရှုမလှကျန်ခဲ့သည့် သူ့ရှေ့မှာပဲ နေဝေးနဲ့ လိုက်သွားဖို့ ဆုံးဖြတ်ရင်းအောင်နိုင်သောအပြုံးတို့ပင် မပျက်ပြယ်သေးဘဲ ...

လက်မောင်းကို ဆုပ်ဖမ်းပစ်လိုက်ခြင်းခံရကာ ...

"ဆောရီးဗျာ ကျွန်တော် အချိန်မရလို့ပါ ..ပြီးတော့ ဒါကျောင်းချိန်ဖြစ်နေတယ် ..နောက်ကျလို့မဖြစ်ဘူး ..."

ဝါကျကရှည်ပါသည်။

ကိုယ့်အတွက် လုံလောက်သော အကြောင်းဖြစ်ပေမယ့် မိန်းကလေးဘက်ကျတော့ ဖြေသိမ့်လောက်စရာအဖြေမဟုတ် ...

ဒါပေမဲ့ နေက ဒါပဲပြောကာ သသလက်ကိုဆွဲ၍ ကားပေါ်တက်၏ မူမပျက်အောင် ဟန်ဆောင်လာခဲ့ရသော်လည်း တစ်လမ်း

လုံးဒေါသကြောင့် နှုတ်ခမ်းတို့ကို မဖွင့်မိအောင် အတော်ကြိုးစားခဲ့ရ၏။

ဒီလောက်ထိ အလိုက်ကမ်းဆိုးမသိတဲ့ ဟာလေးနဲ့ ရန်ဖြစ်နေရတိုင်း နေ့စဉ်ဒေါသတွေနဲ့လုံးထွေးနေရဖို့ရှိ၏။

အိမ်ပြန်ရောက်တော့ သသကလည်း မကျေနပ် ...

နှစ်ယောက်လုံး ကားတစ်ဖက်စီကနေ ဝုန်းဒိုင်းကျဲ၍ဆင်းကြ၏။ မြင့်မားချွန်မြနေသော ဒေါက်ဖိနပ်ကို ပေါ့ပေါ့ပါးပါးလေးပဲစီးတတ်နေကာ ကဆုန်ပေါက်ပြေးရမလား ဘယ်နှစ်ခါ ခုန်ပေါက်ရမလဲ ..ဒေါက်ချွန်ဖိနပ်တို့ စီးရာမှာ ကျွမ်းကျင်အဆင့်နှင့် ချန်ပီယံရနိုင်သည့် သသ၏ ဖိနပ်သံက ပြင်းသည်။

ခြေလှမ်းက မြန်လွန်းသဖြင့် နေ၏ ခြေလှမ်းကျဲနှင့်တောင် မမီ။ လှေခါးပေါ် ခြေလှမ်းတက်လိုက်တော့မှ နေ မိမိရရ လှမ်းဆွဲမိ၏။

"နေဦး ..."

"မနေဘူး ..မနေဘူးနော် ...လွှတ် ..ခင်ဗျားကြီးနဲ့ လုံးဝမပြောဘူး ...ဖယ် ..."

"မင်းကိုလည်း ပြောနေဖို့ စိတ်မကူးဘူး ...."

နေ ဖွတ်တရွတ်ပြုပြီဆို သသ ဘယ်တော့မှမနိုင်ပါ ...

ဘယ်ကိုဆွဲခေါ်သွားမှန်းမသိဘဲ သသ လွယ်အိတ်လေးပခုံးပေါ်မှ ပြုတ်ကျကျန်ခဲ့သည်။

ဂျိမ်းခနဲ တံခါးပိတ်သံကြားလိုက်ရတော့စာကြည့်ခန်းထဲမှာ





"သသ"

သသ ကိုယ်လေးတစ်ပတ်လည်သွားပြီး သူ့ရင်ဘတ်နှင့် အင့်ခနဲဆောင့်တိုက်မိသည်။

နေသည် သသ တစ်ကိုယ်လုံးကို မြုပ်နေအောင်ဖက်ထားလိုက်ပြီးမှ ..

"မင်းငါ့ကိုဘာဖြစ်လို့ သူများနဲ့ အောင်သွယ်ချင်နေတာလဲ သသ မင်းကို ငါဘာဖြစ်လို့ တကောက်ကောက်လိုက်ပြီး စောင့်ရှောက်နေတာလဲ မင်းမသိဘူးလား ..."

"မသိဘူး ..ခင်ဗျားဆရာကြီးလိုက်လုပ်နေတာပဲ လူတိုင်းသိတယ် ဘာမှလည်းမတော်ဘူး ..ဘယ်လိုပတ်သက်လဲဆိုတော့လည်း သသ မဖြေတတ်ဘူး သူငယ်ချင်းကြားထဲမှာ သသ ဘယ်လောက်မျက်နှာငယ်ရလဲသိလား ..အဲဒါ ခင်ဗျားရည်းစားထားလိုက်ရင် ပြီးပြီ ..."

သသ ရုန်းလို့မရတော့ သူ့လက်ထဲမှာ ကလေးလို ယီးလေးခိုပစ်သည်။ ဒါပေမဲ့ နေက သူမထင်သလို မနိုင်မနင်း လွှတ်ချပေးလိုက်တာမျိုးမဟုတ်ဘဲ ပို၍ တင်းတင်းဖက်ပစ်လိုက်ကာ ...

"မိန်းမယူပစ်လိုက်ရင် ပိုမကောင်းဘူးလား .."

ခဏလေးအတွင်းမှာ လှုပ်ရှားပြောင်းလဲသွားသည့် နေ၏ မျက်ဝန်းတို့ကို သသ အကဲမခတ်မိပါ ...

"ယူလိုက်လေ ..ကောင်းတယ် ..ခင်ဗျားလူကိုဘာဖြစ်လို့

ချုပ်ထားတာလဲ လွတ် ...”

“ချုပ်ထားတာမဟုတ်ဘူး ..ဖက်ထားတာ ..မင်းပဲမိန်းမယူဆို”

“ဘာ ...”

သသဲ ဆတ်ခနဲဖြစ်သွား၏။

သူ့ကိုအလန့်တကြားမော့ ကြည့်လိုက်တော့ မှားသွားပြီမှန်း သိလိုက်တော့ ...

“သသ တစ်ကိုယ်လုံး သွေးခဲမတတ် ....”

“ခင်ဗျားနော် ...ဟင်းအင်း သွား ...”

သသ ဘယ်လိုမှ ရှောင်တိမ်းမနိုင်သောအခါ ....

“မရဘူး ..မသိဘူး ..အန်တီဇင် အန်တီဇင် လာပါဦး ဒီမှာ သူအတင်း”

သသ အသံလေးပျောက်ကွယ်သွား၏။

တစ်သက်နဲ့တစ်ကိုယ် သတိလစ်မတတ်ကြောက်လန့်တုန်ယင်ခဲ့ရတာ ဒါမထမဆုံး ....

သသ၏ ရှက်ရွံ့ချောက်ချားသော မျက်ရည်တို့ဟာ ဆောင်းအိမ်မက်ထဲမှာ ငိုကြွေးနေရသလိုပါးပြင်ထက်မှာ တစ်စက်မှမရှိခဲ့ပါလား ...

❤ ❤ ❤





အခန်း (၂၃)

ဧည့်ခန်းထဲမှာ သသ တစ်ယောက်မှလွဲ၍ အားလုံးလူစုံတက်စုံ ရှိနေကြ၏။ ဒေါ်မိမိဇင်နှင့် နေက တစ်ဖက်မှာထိုင်လျက် ဒေါ်မိမိဘင်နှင့် ဒေါ်မိမိလွင်တို့က တစ်ဖက်မှ...

ဟိုအရင်ကဆို စိမ့်ရေမှာ လူစုံခဲ့ပါသည်။ စိမ့်ရေဟာ နေ သဘောကျ ခွဲထွက်နေဖို့ တည်ဆောက်ခဲ့သည့်နေရာလေးမို့ အထူးသဖြင့် ဒေါ်မိမိတင် ဘယ်တော့မှမလာ။

ဒီနေ့တော့ မလာ၍မရ...

“ဒီနေ့ဆို ကျောင်းမတက်တာ သုံးရက်တောင်ရှိပြီဆို”

“ဟုတ်ကဲ့ မေမေ”

ဒေါ်မိမိဇင် မျက်နှာမကောင်းပါ။

ဒေါ်မိမိတင်က နေကို လှမ်းကြည့်သည်။ ပြီးမှ ဒီဘက်ပြန်လှည့်၍...

“ဒါနဲ့များ ဒီနေ့မှပဲ ဖုန်းဆက်ရသလား မိဇင်ရယ်အံ့ရော”

"ဟိုနေ့တွေကတော့ နေမကောင်းလို့ ဗိုက်နာလို့နဲ့"

"ဒီနေ့ကျတော့ရော"

"မတက်ချင်လို့တဲ့"

"ဟဲ့ အဲဒါက သားဦး နေက ဘာဖြစ်လို့ ဆိုင်နေရတာလဲ"

ဒေါ်မိမိတင်က သသကို မခေါ်ခင် အဖြစ်ကို သေချာသိချင်သေး၍ မေးမြန်းနေခြင်းဖြစ်သည်။

နေက မျက်မှောင်ကုတ်လျက် ဘယ်သူ့ကိုမှမကြည့်ဘဲ မျက်နှာလွှဲနေသည်။

"သသက ဟန်မဆောင်တတ်ဘူးမေမေ မကျေနပ်တော့ဘူးဆိုရင် အဲဒီလူကို သေချာစိုက်ကြည့်ပြီး မျက်စောင်းထိုးတာ"

"အလိုတော်"

"ဘာဖြစ်လို့လဲ မေးရင်လည်း သူ့သား သူ့သမီးဖြစ်နေပါစေ သူ့ကိုမကျေနပ်လို့ သူ့ကိုဘယ်လို ဆုံးမပါဆိုတာမျိုး ဒေါက်ခနဲ ပြောချပစ်တာ"

"ဩော် ဩော် အံ့ဩစရာပါလား"

ဒေါ်မိမိတင် တမင်ငေါ့ပြောနေတာ မဟုတ်ပါ။

မျက်နှာမှာ တကယ့်ကို အထူးအဆန်း တအံ့တဩနဲ့ဖြစ်ပြီး အတူတူနေသွားခဲ့ဖူးပေမယ့် ဒီလိုအကျင့်လေးတွေရှိနေတာ သူမတို့ မသိခဲ့ရပါ။ တော်တော်ဆိုးတဲ့ ကောင်မလေးဟု တွေးလိုက်မိခြင်းကို ငါ့ချွေးမလေးပါလားဆိုသည့် သတိပေးချက်က တားမြစ်၏။





ဘာပဲဖြစ်ဖြစ် ဒီကလေးမဟာ ကိုယ့်လက်ထဲမှာ...

"နေပါဦး သားဦး အဲ သားက မိန်းကလေးကို ဘာသွားလုပ်လို့လဲ ဘာတွေဖြစ်ကြတာလဲ"

"ဟာ မေမေကလည်း လာပြန်ပြီ"

နေ ဖျတ်ခနဲ ထရပ်သည်။

မေဇင်လည်း မေးပြီးပြီ၊ သူမဖြေပေမယ့် မေဇင်နားလည်သွားပုံရသည်။

အဲဒါ ဘာဖြစ်လို့ ဒီမှာလူစုလူဝေးဖြစ်အောင် ထပ်လုပ်မှန်းမသိ အလုပ်ထဲထိ အရေးတကြီး ဖုန်းဆက်ခေါ် လို့ ပြန်လာခဲ့တာ။

ဒီရောက်တော့ သူ့မှာနောက်ပြန်လှည့်ရအခက်၊ ရှေ့တိုးတော့ ဒီစကားတွေပဲ သူ့ဘက်ရောက်လာခဲ့၏။

ဒေါ်မိမိတင်သည် ကြာသည်အထိစောင့်နေသော်လည်း ဖြေချင်ပုံ မရသော နေမျက်နှာကို ကြည့်ကာ သူမကပဲ ဆက်ပြောရတော့သည်။

"မေမေကလည်း မလုပ်နဲ့လေ အခု သသ ကျောင်းမတက်ချင်တဲ့ပုံက နောက်လည်း မတက်တော့ဘူးဆိုပြီးနေတဲ့ပုံမျိုး နောက်ဆုံးနှစ်ဖိုင်နယ် စာမေးပွဲက ကပ်နေပြီ သားတို့တွေ ဘာ ဖြစ်ကြတာလဲဆိုတာ သိရမှ မေမေတို့ လာဖြေရှင်းပေးလို့ရမှာ"

"ကျွတ်"

ဝုန်းဒိုင်းဆို ထထွက်လို့လည်း မဖြစ်။ နေ စိတ်ညစ်ရသလို

ဒေါ်မိမိဇင်ကကြည့်၍ သူမပဲ ကြားဝင်ဖို့ ဆုံးဖြတ်ကာ

"သသက ရှက်နေတာ မေမေ"

"ဘယ်လို ဘယ်လို"

"ဒေါ်မိမိဇင်က အပျိုကြီးပီပီ ရှက်ဝဲဝဲပြုံးကာ ဒေါ်မိမိတင် သိသာစေသော အမူအရာမျိုးနှင့် နေကို မျက်စပစ်ပြလျှင်....

"ဟင်"

ဒေါ်မိမိတင် မျက်လုံးကြီးပြူးလေသည်။

"သား သားက သသကို အို ပြောစမ်း ကောင်မလေးကို ဘာလုပ်လိုက်သလဲ"

"ဟင် ဟုတ်လား မောင်လေး"

ဒေါ်မိမိလွင်က ဆိုဖာလက်တင်ကိုဖျစ်ဆုပ်ကာ မျက်နှာလည်းပူ၍ သိလည်းသိချင်နေသည့် မလုံမလဲမျက်ဝန်းများနှင့်...

"ဒါ ဒါနဲ့ မောင်လေးက မချစ်ဆို"

အပျိုကြီးမို့ ချစ်မှုရေးရာ ပြောဖို့က ပါးစပ်ကမရဲ....

"အဲဒါက ပြဿနာပဲ မင်းကိုမေမေပြောထားသားနဲ့ သားရယ်ကလေးမလေးကို ရင်းနှီးအောင်အရင်ကြိုးစားပါ ကြည်ကြည်ဖြူဖြူရှိကြကာမှ လက်ထပ်ဖို့အတွက် နောက်တစ်ဆင့်ဆိုတာ ခုတော့မင်းက ခုလို သူသဘောမတူဘဲ အဓမ္မကျူးလွန်"

"ဟာ မဟုတ်ဘူး မေမေ"

နေ ကိုယ်တိုင် မျက်နှာနီနီနှင့် ဆတ်ခနဲ ထရပ်လိုက်သည်။





"ကျွန်တော် အဲဒီလိုထိ မမိုက်ရိုင်းဘူး"

"ဟင် ဒါဆို"

ဒေါ်မိမိတင်က စပြောခဲ့သည့် ဒေါ်မိမိဇင်ကို ပြန်ကြည့်ရင်း။ ဒေါ်မိမိလွင်ကပါ လှမ်းကြည့်တော့ အခြေအနေကို အတုံးလိုက်အတစ်လိုက်ကြီး မွေးချပစ်လိုက်သော နှစ်ယောက်လုံးကို ဒေါ်မိမိဇင် ရှင်းရခက်သွားတော့သည်။

ထိုအချိန်မှာပဲ နေက မျက်နှာတစ်ဖက်လွှဲလျက်နှင့် ဝန်ခံသာ၏။

"သူက ကျွန်တော့်ကို မိန်းကလေးတစ်ယောက်နဲ့ပဲ အတင်းအောင်သွယ်နေတာ"

"အို"

"ကြာရင် သူလုပ်တာနဲ့ပဲ အဲဒီမိန်းကလေးနဲ့ ငြိတော့မှာ"

"အဲဒီတော့"

"ကျွန်တော်သူ့ကိုပြောပစ်လိုက်တယ်"

"ဘာပြောလိုက်တာလဲ"

ခက်ပြီ

နေ ကျွတ်ခနဲ စုတ်သပ်၍ ဆံပင်တွေထဲ လက်တစ်ဖက်ထိုးသွင်း၏။

"အဲဒါပဲ မေမေရာ ရှုပ်ကုန်ပြီ ကျွန်တော်သွားမယ်"

"အို ဟဲ့ နေဦးလေ"

သူဖွတ်ထွက်ဖို့ပဲပြင်သည်။

သို့သော် ဒေါ်မိမိဇင်တို့ မိုးတိုးမတ်တပ်တွေထဖြစ်ကုန်တော့ ကျောခိုင်းလိုက်ပြီးမှ ရပ်နေလိုက်ရ၏။ ဒေါ်မိမိလွင်က သူ့နောက်ကျောထိ လျှောက်လာပြီးရပ်သည်။

ကိုယ့် မောင်ပေမယ့် မျက်နှာကြည့်မေးရမှာလည်း မလုံလဲ။

"နေပါဦး မောင်လေးရယ် ဟို မောင်လေးပြောခဲ့တယ်ဆိုတာ ဟို လက်လက်ထပ်ဖို့ကိစ္စလားလို့"

"ဟုတ်တယ်"

မရဲတရဲ မေးကြည့်လိုက်တာကို နေ ခေါင်းညိတ်ပြလိုက်သဖြင့် ဒေါ်မိမိဇင်မျက်နှာ ဝင်းခနဲဖြစ်သွားသည်။

သို့သော် ချက်ချင်းပျက်သွားပြီး နောက်ကလူတွေကို ပြန်လှည့်ကြည့်....

"အဲဒါ သသ သိသွားပြီတဲ့"

ဟု နှုတ်ခမ်းလှုပ်ရုံပြောပေမယ့် အားလုံးသိလိုက်ကြသည်။

နေ ရပ်နေရာသို့ ထလာကြပြီး ဘေးနှစ်ဖက်မှ ရပ်လိုက်ကြ၏။

"သား"

ဒေါ်မိမိတင်က နေ လက်မောင်းကို ဆုပ်ကိုင်၍ မျက်နှာကို အောက်စီးကနေ သေချာမော့ကြည့်သည်။

တစ်သက်လုံးက ဒီသားကို မာန်တစ်လှည့်ချော့တစ်လှည့်နှင့် ပြုစုကျွေးမွေးလာခဲ့သမျှ ခုလိုမျိုး စိုးရိမ်ခဲ့ရတာ ချော့မော့တောင်းပန်





ရတာ ဒီတစ်ခါပဲ ပထမဆုံးဖြစ်သည်။

ဒါဘဝအရေး ခေါင်းမာတတ်တဲ့သူမို့ ဆက်တိုက်ခေါင်းခါလိုက်မှာကို စိုးလွန်သည့်စိတ်နှင့် နေ့စဉ်ညတိုင်း စိမ့်ရေက ဖုန်းဆက်မှာကိုပဲ ရင်တထိတ်ထိတ်နှင့် စောင့်နေခဲ့ရသည်။

"မေမေရေ မေမေ့သားတော့ ထွက်သွားပြန်ပြီ"ဆိုတဲ့ တိုင်သံဘယ်တော့ကြားရမလဲဟု တကယ်ကြားလိုက်ရတော့လည်း ဘယ်လိုမှ မထင်မှတ်သည့်စကား။

"မေမေ့ကိုပြောပါဦး သားကဖွင့်ပြောလိုက်တာဆိုတော့ သသကို သားကမေတ္တာရှိနေလို့လား တကယ်လက်ထပ်ချင်တဲ့ စိတ်ဖြစ်လာလို့လား မေမေ့ကို ပွင့်ပွင့်လင်းလင်းပြောပါလားကွယ်"

နေ မျက်နှာရှုံ့တွမှုန်ကုန်နေရာကနေ စိတ်ပျက်မှုတွေပါ ဖြစ်ပွားလာခဲ့သည်။

"အဲဒါတွေ ကျွန်တော်မသိဘူး မေမေရာ ဖြစ်ကုန်ကြတာပဲ ဘာတွေဖြစ်လို့ ဘာကြောင့်ပြောထွက်သွားမှန်းလည်း မသိဘူး အဲဒါတွေ မမေးပါနဲ့တော့"

"အို မမေးလို့ဖြစ်မလား၊ လွန်လွန်ကျွံကျွံပြောမိပြီးပြီဆိုရင်လည်း ထူးမှ မထူးတော့တာ လက်ထပ်ဖို့ကိစ္စကို သသ ကျေနပ်အောင် နားချရတော့မှာပေါ့ အစက မေမေတို့က နှစ်ဦးသဘောတူဖြစ်ဖို့ ကြိုးစားခဲ့ကြတာ"

နေ လှုပ်လှုပ်ရှားရှား ဖြစ်လျက် လှည့်ကြည့်သည်။

"အဲဒီကောင်မလေးကို ဘာမှဖွတ်မလုပ်နဲ့မေမေ သိပ်ဆိုးတာ"

"မေမေ့သားလည်း လူကောင်းလေးမှ မဟုတ်တာ"

ဒေါ်မိမိတင် ပြောလိုက်တော့ နေ အသံတိတ်သွား၏။ ရင်ထဲမှာတော့ ပြောမိသေးသည်။

သမီးဦးဆိုတဲ့ အဲဒီတစ်ယောက် နှစ်ယောက်ကိုမရှိတာ ပေါင်းကြည့်စမ်းပါ မေမေ။

❤❤❤





အခန်း (၂၄)

"သမီး စားကောင်းရဲ့လား"

"ဟုတ်ကဲ့"

စကားကို ကောင်းကောင်းမွန်မွန်ပြန်ပြောတတ်ပေမယ့် မျက်နှာကို တည်တည်လေးလုပ်ထားတာမို့ အန်တီဇင်မျက်နှာမကောင်းရှာ။

"ဟုတ်တယ် သမီး တကယ်ကတော့ သမီးနဲ့ သားဦးကို သက်ထပ်ပေးဖို့ပဲ သမီးရဲ့ မေလေးတို့ ဘာဘတို့ကိုယ်တိုင် သဘောတူတယ်၊ ဒါကြောင့် စိတ်ချလက်ချအပ်ခဲ့တာပေါ့"

ဒေါ်မိမိတင်ပြောသွားသည့် စကားတို့က နားထဲကမထွက်။ သူတွေကြီးအားလုံးကို အမြင်စောင်းတာမျိုးမဟုတ်ပေမယ့် ကိုယ့်ဘဝကိုယ်ရင်နာမိတာကတော့ ဘယ်လိုဖြေလို့မှမရ။

ကိုယ့်ဘဝဟာ ဘောလုံးတစ်လုံးလို ဟိုဘက်ရောက်လိုက် ဒီဘက်ရောက်လိုက် ဘာဘတို့လည်း ရက်စက်သည်။

မေလေးနဲ့ဘာဘ သူမကို တစ်လျှောက်လုံး ညာနေခဲ့ကြသည်။ ဘာဘက အိမ်ထောင်ချပေးဖို့ကို အသိပေးသည်။

သူမ ရုတ်တရက် အလွတ်ရုန်းထွက်သွားမည်စိုး၍ မေလေးက

တစ်ဖက်လှည့်နဲ့ စည်းရုံး၏။

ပြီးတော့ သူမျှားလက်ထဲကို ထည့်ပစ်ခဲ့ပြီး ခြေလွတ်လက်လွတ် ဖုတ်ဖက်ခါ၍ ထွက်သွားလိုက်ကြတာ နောက်ကိုတစ်ချက်မှ လှည့် မကြည့်တော့။

အန်တီဇင်ဘာမှ မမေးမြန်း စကားမများတော့ဘဲ အသံတိတ် ခပ်ထည့်ပုံချပေးသွားသည့် ဟင်းတွေနှင့် ထမင်းကိုလည်း မစားဖြစ် လက်ကလည်း အငြိမ်မနေဘဲ ပန်းကန်ထဲမှာ နှစ်ပတ်သုံးပတ်လည် အောင် မွှေနှောက်နေမိသည်။ နေနဲ့ သသ ပြဿနာတက်ပြီး ထ တည်းက သသ တစ်ယောက်ထဲ အခန်းတံခါးပိတ်နေသည်။

ထမင်းထွက်စားပါပြောတာတောင် မထွက်ဘဲနေခဲ့၏။ ထမင်း လာပို့တာပါ ပြောမှ တံခါးထဖွင့်ယူပြီး အထဲမှာပဲ စား၏ နေကို မတွေ့ချင်ပါ။

အစတုန်းက ရင်တွေပရမ်းပတာခုန်ပြီး ရှက်နေခဲ့တာ၊ ခုထ တော့ စိတ်နာသွားခဲ့သည်။

ငါ့လက်ခုက်ထဲကရေပဲဆိုပြီး သက်သက်အနိုင်ကျင့်တာ။ ဘ ကယ်ဆို ချစ်သူတွေလည်းမဟုတ် ချစ်ပါတယ်လို့ ဖွင့်ပြောထားတာ လည်း မရှိဘဲ။

လူကိုကျတော့ ဆက်ဆံပုံက အတင်စီးနဲ့၊ အတွေးများထဲမှာ သူ့အကြောင်းရောက်လာတိုင်း မျက်ရည်က အလိုလိုဝေ့တက်လာ ပြီး မိန်းကလေးပီပီ မျက်ရည်ကျတတ်တာ မဆန်းပေမယ့် သသ





မျက်ရည်ခိုင်တဲ့သူပါ ဒီလူနဲ့ ပတ်သက်လေမှ ဟီးချငိုခဲ့ရသည်။

အံကြိတ်၍ မျက်ရည်ကျဘူး၏။ ထို့ကြောင့် သူ့ကို မုန်းခဲ့လေသည်။

ဒီနေ့တော့ စာမေးပွဲရှိနေလို့ အပြင်ထွက်ခဲ့တာ ဖြစ်၏။

သူမအပြင်ထွက်ပြီး သွားလာလှုပ်ရှားနေပြီဆိုတာ အန်တီဇင် က ဖုန်းဆက်၏။ သိပ်မကြာလိုက်မီ ကြီးကြီးနဲ့ အန်တီလွင်တို့ ရောက်လာကြသည်။

ဒါပေမဲ့ သသ ရေချိုးထမင်းစားခန်းထဲ ဝင်လာတဲ့အထိ အား လုံးဧည့်ခန်းမှာပဲ ထိုင်နေကြ၏။

“သမီးလေး စားပြီးအခန်းထဲတန်းမဝင်နဲ့နော် ခြံထဲမှာ လမ်း လေးဘာလေးဆင်းလျှောက်လိုက်ဦး”

အန်တီဇင်ကတော့ ဝင်လာလိုက် ပြန်ထွက်သွားလိုက်၊ လူကြီး တွေက ဂရုစိုက်ကြပါသည်။

ဒါပေမဲ့ သသ ဘယ်လိုမှ ကျေနပ်နေလို့မရ။ နေ ပြောတာဆို တာ ဆက်ဆံပုံကကြည့်ပါ အစကဘာမှ မဆိုင်ဘူးဆိုသည့် အသိ စိတ်နှင့် ခံစားမိတာက တစ်မျိုး ကိုယ်က သူ့အတွက် ရောက်လာ ပေးရသည့်အဖြစ်ကို သိလိုက်ရတော့ သူမောက်မာတင်စီးခဲ့သမျှ အတွက် ဘယ်လိုမှ ဖြေလို့မရတော့ပါ။ သူတို့ ပြောပြသလို နောက် ဆုံး လေကားထစ်ဆိုသည့် စာမေးပွဲကိုတော့ ဖြေဖို့လိုမည်။

ပြီးသွားလျှင်တော့ သသဟာ အများထင်သလို သူမျှားလက်ခုက် ထဲမှာ သွန်လိုသွန် မှောက်လိုမှောက် အဖြစ်ခံမယ့် ရေပွက်သေး

သေး မဟုတ်ဘူးဆိုတာ သိရပါမည်။

သသ ခြံထဲဆင်းလာတော့ တိုက်ဆိုင်စွာ နေ၏ ကား ထိုးဆိုက်လာ၏။ ကားကိုကွေ့ရှောင်ပြီး ထွက်လာစဉ်မှာ နေ သသ နောက်မှာပါလာသည်။

သသ ခုံတန်းကလေးတွေမှာလည်း မထိုင်။ မွှေးသောအေးသော အရိပ်ကောင်းသည့် ပန်းချုံတို့နားမှာလည်း မရပ်၊ ခြံကိုပတ်၍ လျှောက်နေခဲ့သည်။

ထိုင်လို့ကောင်းသည့် နေရာတိုင်းမှာ ခုံတန်းကလေးတွေ ရှိနေသည်။ သသက အားလုံး ဖြတ်လျှောက်ခဲ့ပြီး ဘယ်မှာမှမထိုင် ရပ်လည်းမရပ်။

သူမသည် ပန်းခြံထဲမှာ လမ်းလျှောက်နေသည်နှင့် မတူဘဲ အလွန်ဝေးကွာသော ခရီးရှည်တစ်ခုကိုသွားဖို့ ကြောက်လန့်ရင်ခုန်စွာ လျှောက်လှမ်းနေသည်နှင့်တူ၏။

"ဘယ်ထိသွားမှာလဲ"

ဘောင်းဘီထဲ လက်နှိုက်ရင်း အနားမှာအတူပါလာသည့် နေက တိတ်ဆိတ်စွာလိုက်ပါနေရင်းမှ မချိမချဉ်သံနှင့်မေး၏။

သသမဖြေပါ။

"ခဏလောက်ထိုင်ရအောင် စကားပြောချင်လို့"

သသလှည့်မကြည့်။

"ဒီမှာကွာ"





"အို ဖယ်"

နေက လက်မောင်းသားဖြူဖြူလေးကို ဆွဲထား၏။

သသ အတင်းပြန်ရုန်း၍ နောက်ဆုတ်ရပ်သည်။

"ခင်ဗျားကို ဒီတစ်ခါ သသ သည်းမခံဘူးနော်"

လက်ညှိုးလေးထိုးရင်း နောက်ဆုတ်ရင်းနှင့်သသမျက်ရည်ဝေ့၏။

"ငါ့ခြံဝင်း ငါ့နွားလို့ သတ်မှတ်ထားသလား ဒါမှမဟုတ် မရဘော့အရင်း ရတော့အမြတ်လို့တွက်ခဲ့သလား သသက အဲဒီလောက်တန်ဖိုးမဲ့နေပြီလား"

"ဟော့ မင်းဘာတွေ လျှောက်ပြောနေတာလဲ"

"ကြားတဲ့အတိုင်းပဲ သသ မြန်မာလိုပြောနေတာ ရှင်မဟုတ်ရင် သရှေ့က ထွက်သွား ခုထွက်သွား"

"ဘာလို့ သွားရမှာလဲ"

နေ ဒေါသနဲ့အော်သည်။

သူ့မျက်နှာကို လက်ညှိုးနဲ့ ပြန်ညွှန်ပြ၍ ရှေ့ကိုတိုးသည်။

"နေဆိုတဲ့မျက်နှာကို မင်းသေချာကြည့်စမ်း မင်း အဲဒီလို နှင်ဘ်တာခံရအောင် မိန်းမတစ်ယောက်အတွက်နဲ့ ရူးကြောင် မူးကြောင် ဒူးထောက်မယ့်ရုပ်လား စကားကိုဆင်ခြင်ပြော သသ"

မျက်လုံးချင်းပြိုင်ဆိုင်မိကြစဉ် မျက်ရည်တွေပြည့်အိုင်နေသော မျက်ဝန်းသားထဲမှာ ဘာတွေပျော်ဝင်နေမလဲဆိုတာ နေ ရှာဖွေကြည့်၏။

မိန်းမတစ်ယောက်၏ မာနစိတ်ကူးလား၊ ဒါမှမဟုတ် အား
က ဝိုင်းပြီး ချော့မော့လုပ်နေကြတာကိုပဲ အားမရနိုင် အနိုင်ယူပြီး
ယူနေတာလား၊

သူ့ဘဝတစ်လျှောက်လုံးမှာ တက္ကသိုလ်တက်ခဲ့စဉ်က အား
ခွင်ဝင်တဲ့အထိမှာ မိန်းမဆိုတာကို စိတ်ဝင်စားစရာလို့တောင် မ
ခဲ့ပေ။

ကျောင်းမှာကျတော့လည်း အချိန်ရှိတိုင်း မှတ်သားထားခဲ့
လုပ်ငန်းနှင့် ပတ်သက်သည်တို့ကို လေ့လာ၊ စီးပွားရေး ဆောင်
ဂျာနယ်တွေကအစ ဖတ်လို့အားမရနိုင် ကျောင်းအားသည်နှင့်
ဝါသနာပါသည့် လုပ်ငန်းတွေနောက် တကောက်ကောက်လိုက်
ဖို့ လွှမ်းဖို့တွေ ဘယ်မှာလဲ။

ခုချိန်မှာတော့ မေမေဖွင့်ပြောလာကတည်းက သေချာပြုစု
ရှောက်ခဲ့သည်ဆိုသော မိန်းကလေးကို သူစိတ်ဝင်စားခဲ့ရသည်

ဒါလည်း လက်ခံလိုက်ဖို့ မဟုတ်သေးပေ။ မွေးလာကတည်း
ကိုယ့်အတွက်ဟု သတ်မှတ်လျာထားခဲ့သည်ဆိုသော အဖြ
စိတ်ဝင်စားခဲ့တာဖြစ်သည်။

သူတကယ်လက်ထပ်ဖို့သာ ခေါင်းညိတ်လိုက်မည်ဆိုလျှင်
ကလေးဟာ သူ့ရဲ့ဖူးစာရှင်ပဲဖြစ်၏။

ထို့ကြောင့် အိမ်ပေါ် ရောက်လေသည်အထိ သူလက်ခံခဲ့သ

ဒါလည်း လက်ခံပါမယ်လို့ သူခေါင်းညိတ်ခဲ့တာ မဟုတ်





မီးဦးဆိုသည့် မိန်းကလေးတော်တော်လှတာကို သူလက်ခံမိ
တော့ အတော်ကြီးဆိုးသွမ်းနေတာကိုပါ မြင်လိုက်ရသည်။

ဒါဟာလည်း အလွန်စိတ်ဝင်စားဖို့ကောင်းနေသည့် အချက်ပဲဖြစ်
။ ဘာပဲဖြစ်ဖြစ် ကိုယ်မချစ်ဘဲ မိဘသဘောတူလို့ လက်ထပ်ရတာ
င်းတူသော်လည်း အေးတိအေးစက် အိမ်ထောင်ရေးမျိုး ဖြစ်လာ
ယ်မရှိတာ သေချာနေသည်။

စကားနိုင်လုကြ ရန်ဖြစ်ကြနှင့် စိတ်ဝင်စားဖွယ်များနှင့် ရှိနေ
ိမ့်မည်။ ပြီးတော့ မေမေ့ကို သူဒီတစ်ခါတော့ စိတ်ချမ်းသာမှုပေး၍
ိမ္မာလိုက်ချင်၏။ သသ ကိစ္စနှင့် ပတ်သက်၍ ပျာယာခတ်နေသော
မေမေဟာ သူခေါင်းမညိတ်ပေမယ့် ခေါင်းမခါခဲ့သည့် အဖြစ်အတွက်
မ်းသာကျေနပ်နေရှာသည်။

မိဘသဘောတူပြီးသား

သူလည်း စိတ်ဝင်စားရန် လက်ခံဖို့ ဆုံးဖြတ်လိုက်သည်။ ကိုယ့်
ာက်က အဖြစ်က ရိုးရိုးလေးပါ။

မျက်ဝန်းတို့ ကြည်ရှည်စွာ ဆုံဆည်းနေခဲ့ပြီး မျက်ရည်တစ်စက်
ါးတစ်ဖက်ပေါ်မှာ တလိမ့်လိမ့် ဖြတ်ဆင်းလာသည်။

ထို့နောက် သသ ချာခနဲ လှည့်ပြေး၏။

နေ လှမ်းဆွဲလိုက်ပေမယ့် မမီ။ နောက်က ပြေးလိုက်၍ တစ်
ကိုယ်လုံးကို ဆွဲမွှေ့ပစ်လိုက်သည်။

နှစ်ယောက်လုံး နေရာမှာတင် တစ်ပတ်လည်သွားပြီးမှ ရပ်၏။

သသသည် သူ့ရင်ခွင်ထဲမှာ ရှန်းကန်ငိုကြွေးလျက် ...

"ခင်ဗျားကြီးကို မုန်းတယ်သိလား၊ ဒီတစ်ခါလူကိုနမ်းကြည့် ထပ်ပြီးအနိုင်ကျင့်လာရင် ကျိုက်သွယ်ကျိုက်မှုတ်ကျို သတ်သေဖို့ထိ ဆုံးဖြတ်ပြီး သား နမ်းကြည့်နော်"

ဘာတွေ သိလှောင်ခံစားနေရသလဲဟုတွေး၍ မျက်ရည်တွေကို စိတ်မကောင်းဖြစ်နေခဲ့မိသည်။

တကယ် ဘယ်လိုခံစားနေခဲ့သည်တော့ မသိ။ သသ အော်ဟစ်နေပုံက ကလေးလိုပါ။

ဒါဆို သူနမ်းခဲ့သည့်အဖြစ်ကို သသ တမျိုးထင်လွဲနေခဲ့သည်လား

နေ သသ ပခုံးလေးနှစ်ဖက်ကိုဆုပ်၍ သေချာရှေ့မှာ ရပ်စေသည်၊ ပြီးမှ ဖွဖွဖြေလွှတ်ကာ ....

"မင်းကို ငါ ဘာမှမလုပ်ဘူး မငိုနဲ့တော့"

မျက်ရည်သုတ်ပေးဖို့လှမ်းတော့ လက်ကိုဖယ်ချပစ်သည်။

သူမဘာသာ ဘယ်ပြန်ညာပြန်ဆွဲချသုတ်ပစ်၏။

မျက်ရည့်က မျက်ဝန်းအိမ်လေးနားမှာ မစို့မပို့ကျန်နေသေးသည်။ ဖိပွတ်ခံထားရသည့် ပါးမို့လေးနှစ်ဖက်က နုဖတ်နီမြန်းနေ၏။

ကော့နက်သော မျက်တောင်ရှည်များကို စီးမိုးကြည့်ကာ နေ သက်ပြင်းချမိသည်။ ဒီကောင်မလေးကို စေ့စေ့ကြည့်မိတိုင်း ရင်ခုန်သံတွေ မြန်တတ်လာတာ ကိုယ့်ကိုယ်ကိုတော့ သတိထားမိခဲ့တာ ကြာပြီဖြစ်၏။





ဒါပေမဲ့ အချစ်ဆိုတာကို ဘေးဖယ်ထားဖို့သာ မာနက တိုက်တွန်းနေခဲ့၏။ ခုတော့ကော ....

နေ ပင့်သက်ရှိုက်၍ မျက်နှာကို ပွတ်ပစ်လိုက်မိသည်။

"ဟိုမှာ ခဏထိုင်ရအောင်"

မလှမ်းမကမ်းက ခုံတန်းကလေးကို ညွှန်ပြတော့ သသ ခေါင်းခါသည်။

"ဟင့်အင်း"

"ခဏပဲ"

သူ သသ လက်ကလေးကို ဖျတ်ခနဲဆွဲခေါ်၍ ခုံတန်းလေးမှာ ထိုင်ခိုင်းသည်။ သသ ဆောင့်အောင့်ထိုင်ကာ တစ်ဖက်ကို လှည့်စ်၏။

"မင်းရင်ထဲမှာ ဒီကလူတွေအားလုံး အထူးသဖြင့် ငါ မင်းကို အထင်အမြင်သေးတယ် နှိမ့်ချတယ်လို့ ထင်နေသလား"

သသ ဖျတ်ခနဲကြည့်၏။

ဆံပင်တွေ ဖြန့်ဝဲဝေ့တက်သွားကြသည်။

"ထင်နေတယ် ဟုတ်လား ထင်နေဖို့လိုသေးလို့လား ခင်ဗျားပဲ သသကို စေလိုရာစေ ညွှန်ကြားနေတာ ထင်သလို အနိုင်ကျင့်နေတာ"

"ဘာအနိုင်ကျင့်တာလဲ မင်းက ကိုယ်လက်ထပ်ရမယ့်မိန်းကလေး ဒီအဖြစ်ကို မင်းမသိပေမယ့် ကိုယ့်ကသိနေခဲ့တယ် မင်းနဲ့ ရင်းနှီးမစေချင်လို့ ကျောင်းပို့ကျောင်းကြိုလူကြီးတွေက တာဝန်ပေးခဲ့တာလည်း

ကိုယ်လက်ခံခဲ့တာပဲ၊ အဲဒါ လက်ခံသင့်တယ်ထင်လို့ ဒီမှာ သသ ကိုယ်က မိဘက ဒါလုပ်ဆိုတိုင်း လုပ်ခဲ့တာ မဟုတ်ဘူး ရိုင်းရိုင်း ဝန်ခံရရင် ကိုယ်ကသားလိမ္မာမဟုတ်ဘူးဆိုတာပဲ"

သသက မဲ့၍ တစ်ဖက်ပြန်လှည့်၏။

"မိန်းမတစ်ယောက်ကို လက်ထပ်ဖို့ သဘောတူခဲ့တာ အထင် သေးလို့ဖြစ်ရောလား တစ်အိမ်လုံး မင်းဆန္ဒကိုပဲ ရှေ့တန်းတင်ပြီး ဘာမှ ဖွတ်မစီစဉ်ခဲ့ကြတာရော ရင်းနှီးကြပါစေတော့ဆိုပြီး မပြုမငြင် အလိုလိုက်ခဲ့တာတွေရော အဲဒါတွေအားလုံး မင်းကိုအထင်မြင်သေး ကြတာတွေလား နှိမ့်ချတာတွေလား"

သသငြိမ်နေ၏။

နောက်ဆုံးစကားကိုပြောဖို့ အားယူရင်း နေ နေရာမှ ထရပ် လိုက်၏။ ပြီးတော့ ....

"ကလေးမဟုတ် ဘာမဟုတ်နဲ့ ကြံဖန်တွေးပြီး အပြစ်မရှာပါနဲ့ မုန်းတဲ့သူကို နမ်းတာ မင်းကြားဘူးလား"

သသ မျက်နှာမှာ ဖျင်းခနဲ ပူနွေးကာ နှုတ်ခမ်းလွှာလေးတို့ကို ယောင်ရမ်း၍ ဖိကိုက်လိုက်မိစဉ် နေ ထွက်သွားပြီဖြစ်၏။

ရှက်တာတွေ နာကျင်ကြေကွဲနေတာတွေဟာ သူဘာပြောပြော ပျောက်ကွယ်မသွားခဲ့ပါလား။

❤ ❤ ❤





အခန်း (၂၅)

စာမေးပွဲဖြေဖို့ ကိုယ်တိုင်ကားမောင်းသွားမည်ဆိုတော့ ဘယ် သူမှ လက်မခံ နေ ကပဲ သူမကိုလာ၍...

"မင်းသာ ထော်လော်ကန့်လန့် ဘာမှမလုပ်နဲ့ မင်းကို ငါမနှောင့် ယှက်ဘူး"

ဟုပြောကာ အရင်လို ပြန်လာကြိုရုံတင်မဟုတ်ဘဲ လိုက်ပို့တော့ လည်း သူပဲဖြစ်။

ကျောင်းမှာ သူ့သူငယ်ချင်းတွေကိုရင်ဖွင့်တော့ အားလုံးပဲ အံ့သြကြသည်။ ပြီးတော့ သူမ ခံစားနေရသလို မဟုတ်ဘဲ သူတို့က ဝမ်းသာနေကြသေးသည်။

"သသရယ် နင်နဲ့အရမ်းလိုက်တာပဲ ငါတို့က ဟိုတစ်ယောက် နဲ့ ငြိသွားမှာကို မနာလိုနေတာ သိလား"

ဘယ်တစ်ယောက်လဲဆိုတော့ ယဉ်နဒီဟုဆိုသည်။

မွေးနေ့ဖိတ်တာမလိုက်လည်း ဂရုမစိုက်၊ နေ ကိုတွေ့တာနဲ့

လာနှုတ်ဆက်တာပဲဖြစ်သည်။ ထိုအချိန်မှာ နေ ဘေးမှာ ဘယ်သူ ရှိရှိ ငဲ့မကြည့်။ မကောင်းတတ်လို့ ပြုံးပြတာမျိုးလည်း မလုပ် ဂရုမစိုက်တတ်သည့် သူမ၏ ပုံစံက နေ ကိုမှ မရရင် မနေဆိုတာမျိုး၊

"နင့် လူဘက်က ရှင်းပါတယ်ဟ သူ့ဆက်ဆံတာ သိပ်လိုက်လိုက်လျောလျောပုံစံမှ မဟုတ်တာ တခြားယောကျ်ားတွေဆိုနေမလား"

အင်ကြင်းက အမှတ်ပေးနေသည်။ ဖူးကလည်း ထောက်ခံ၏။

"အဲဒီလို မာကျောကျောပုံစံတွေကို မကျေနပ်မဖြစ်နဲ့ သသမိန်းကလေးမြင်ရင် စပ်ဖြီးဖြီးနဲ့ ပက်ချွဲနပ်ချွဲကောင်တွေကမှ ကြောက်စရာကောင်းတာ သူ့ပုံစံက ကျောချင်တာမျိုးမဟုတ်ပါဘူး အတွေးမလွဲနဲ့ "တဲ့ ....

ဖူးက နားချလိုက်သေးသည်။

ကိုယ့်ဘင ဤသို့ရှိခဲ့သည်။ ဒီလိုကြောင့် ဆိုတာထိ သသမပြောဖြစ်ခဲ့ပါ။ သသ ကိုယ့်ဘဝကိုယ်တော့ ချမပြရဲခဲ့ပါလား။

ဒီလိုနဲ့ပဲ အိမ်ပြန်ရောက်လိုက် ကျောင်းရောက်သွားလိုက်နောက်ဆုံး ဖြေသည့်နေ့မှာ အပြန်ကျတော့ သသအပေါ် ထပ် လှမ်းတက်သည်။

"သားရေ လာပါဦး"

အန်တီဇင်ခေါ် သံကြောင့် သူက တီဗီခုံရှိရာလျှောက်သွားသည်။ သသ အပေါ်ထပ်မှာပဲ ရေချိုးအဝတ်လဲပြီး ဒ်နေ့ဆုံးဖြတ်ချက်





တစ်ခုခိုင်မာဖို့ ခြံထဲဆင်း၍တွေ့ရဦးမည်။

"အမလေး ညှော်သည်လာမှ အခါကောင်းနေလိုက်တာ ပြင်မနေနဲ့ အဲဒီတီဗီ လွှင့်သာပစ်လိုက်"

ဒေါ်မိမိလွင်၏အသံ

"ဟုတ်တယ် ဇင်ရော သားဦးရော ဒီကိုလာဦး မင်္ဂလာကိစ္စဆွေးနွေးရမယ်"

ဒေါ်မိမိတင်၏ စကားသံကြောင့် သသက ခြေလှမ်းတုံ့သွားပြီး

"ကျောင်းပြီးပြီဆိုတော့ လက်ထပ်ဖို့ကိစ္စလည်း အားလုံးသိနေကြတာပဲ စီစဉ်စရာရှိတာ စီစဉ်ရအောင်"

"နေဦးမေမေ သသက"

"အို သသကလည်း သဘောတူမှာပါ ဘာပဲဖြစ်ဖြစ် သူကငယ်ရွယ်ပေမယ့် သားအသက်က အိမ်ထောင်ပြုဖို့ကောင်းနေပြီလေ တော်ကြာ သားသမီးတွေ ငယ်ငယ်လေးတွေနဲ့ ဖအေက ခေါင်းဖြူနေရင် ကလေးတွေ မျက်နှာငယ်မှာပေါ့ မိဘတွေက ငယ်ငယ်ရွယ်ရွယ်ဆိုတော့ သားသမီးက အားကိုးတယ်၊ ပိုချစ်တယ် ဘာပဲ ဖြစ်ဖြစ် သားရယ် သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်တဲ့ အားလုံးပြီးနေမှပဲ တစ်ကနေပြန်စမနေစမ်းပါနဲ့"

"ဟုတ်သားပဲ မောင်မောင် ကဲ ကဲ ဟိုမှာ သွားထိုင်ပြီး စကားပြောချေပါ တီဗီနောက်မှကြည့်"

သူရပ်နေရင်းမှ ဒေါ်မိမိဇင်က နေ ကိုတွန်းလွှတ်ပြီး၊ နေက

ဆက်သွယ်သည့် ကြိုးခွေကိုသေချာစစ်ဆေးနေရာမှ မျက်နှာမမော့ဘဲ။

"ဒီမှာ အပြစ်မရှိဘူး မေဇင် မီးခုံထဲကို စစ်ရဦးမယ်"

မောင်နှမတော်တာပေမယ့် အသက်တွေက ကွာခြားလွန်းသည်မို့ အစ်မတွေလို မဟုတ်ပဲ မေဇင် မေလွင်ဟုခေါ်ဖြစ်ခဲ့သည် ဟိုတုန်းက ဆိုတာမေမေဇင် မေမေလွင်ဟု နေက ခေါ်ခဲ့တာဖြစ်သည်။

ဒေါ်မိမိဇင်က နေကို ချစ်စနိုးကြည့်၍...

"ခဏနေဦး မေဇင် မိန်းသွားချလိုက်ဦးမယ်"

"မချနဲ့ရတယ် ခလုတ်ပိတ်ထားတာပဲဟာ"

"အိုး သွားချသွား ဓာတ်တွေဘာတွေလိုက်ရင် ဘယ်လိုလုပ်မလဲ ဇင် သွားချချေ"

နားမထောင်ချင်တော့၍ ရှေ့ဆက်မည့် သသခြေလှမ်းတွေက မလှမ်းဖြစ်တော့ဘဲ လှေခါးအောက် တဘက်နံရံမှာရှိနေသည့် မိန်းခလုတ်ကြီးဆီ မျက်လုံးက ရောက်သွား၏။

ဒေါ်မိမိဇင် မိန်းချဖို့လာတော့ လှေကားပေါ်မှာ အသာလေးကပ်နေလိုက်သည်။ ပြီးတော့ ခြေသံပျောက်သွားမှ ပြန်ထပြီး ခုနေ မိန်းတင်ပေးလိုက်ရင် ဘယ်လိုနေမလဲ။

အားခနဲထအော်လိုက်မည့် နေ၏ အသံနက်ကြီးကို ကြားယောင်ကာ သသ ပြုံးလိုက်မိ၏။

သူမ မကြာခဏ ဓာတ်လိုက်ဖူးသည်။





ဘယ်သူပဲဖြစ်ဖြစ် အထိတ်တလန့် တုန်ခါသွားကြသည်သာ သိက္ခာပါဝါတွေ ထုတ်လွှန်းသည့် နေ...တွေ့မယ်။

ဇွေ့ဇွေ့ခုန်သွားပါစေ။

သသ လှေကားပေါ်က ပြေးဆင်းသည်။

မိန်းခလုတ်တံလေးကို ကိုင်လိုက်မိသည်။

"အမလေး သသ အို မလုပ်နဲ့ မလုပ်ရဘူး"

ဒေါ်မိမိလွင့် အနားမရောက်သေးဘဲ စူးစူးဝါးဝါးအော်ကာ ခလုတ်တိုက်လဲ၏။

အော်သံရော ဒုန်းခနဲမြည်သံပါထွက်ကာ ဆူဆူညံညံ ဖြစ်ကုန်သဖြင့် အားလုံးပြေးလွှားရောက်လာကြ၏။

"ဘာဖြစ်တာလဲ မိလွင်"

"လွင် ဘာဖြစ်တာလဲ"

နေသည် အားလုံး၏နောက်မှ ရောက်လာကာ ဘာမှ မမေးဘဲ မိန်းခုံအောက်မှာ တောင့်တောင့်ကြီးရပ်နေသည့် သသကိုပဲ စိုက်ကြည့်နေ၏။

"ဟဲ့ ပြောစမ်း ဘာဖြစ်လို့လဲဆိုတာ"

ဒေါ်မိမိတင် ဘာမှလည်း နားမလည်ပေမယ့် ရင်ဘတ်ဖိ မျက်လုံးကြီးပြူးနေဆဲရှိသော ဒေါ်မိမိလွင်အဖြစ်ဟာ ပေါ့သေးသေး မဟုတ်မှန်း သိသည်။

ထို့ကြောင့် သသနဲ့ သူမကိုကြည့်ရင်း အတင်းလှုပ်မေး

သည်။

ဒေါ်မိမိလွင်သည် သသကို သရဲတစ္ဆေတစ်ကောင်လို ပြူးကြောင်ကြည့်၍...

"လွင် လွင်လေ မိဇင်မိန်းချတာ သေချာမကျမှာစိုးလို့ လာကြည့်တာ သူ သူမိန်းကို"

"အမလေး ... လေး"

"အို"

အားလုံးမျက်လုံးတွေ ကျွတ်ထွက်မတတ် ပြူးကျယ်ကျယ်ဖြစ်ကုန်ကြ၏။

နေကတော့ မျက်မှောင်ကုတ်လျက် စူးစိုက်ကြည့်နေဆဲ။

"သသ ညည်း ညည်းက ကျုပ်သားဦးလေးကို သတ်မလို့ပေါ့"

ဒေါ်မိမိတင် လက်ဖဝါးနှစ်ဖက်လုံး ရင်ဘတ်မှာဖိလျက် ခွေခနဲကျသွားသည်။

"မေမေ"

တစ်ယောက်ကပြေးပွေ့သည်။

ဒေါ်မိမိဇင် မယုံနိုင်စွာကြည့်၍....

"ကြံရက်တယ် သသရယ်"

တုန်ယင်သော စကားသံအဆုံးမှာ မျက်ရည်တွေဝေ့၏။

သသနောက်ကို တစ်လှမ်းချင်းဆုတ်သည်။ သူမ ဘာမှမလုပ်ရသေးပါ။





လုပ်ခဲ့မိတော့ရော ဒါလောက်လေးနဲ့ သေကြေပျက်စီးနိုင်သတဲ့လား။ ဟင့်အင်း သူမ သတ်မလို့မဟုတ်ဘူး။

ဒါသေသွားနိုင်မှန်း တကယ်မသိခဲ့ပါဘူး။ နှုတ်ခမ်းပေါ်မှာ လက်ဖဝါးနှင့် ဖိကပ်ပိတ်လိုက်ပြီး သသ အပေါ်ထပ်သို့ ပြေးလွှားတက်ခဲ့သည်။

အားလုံး၏ အပြစ်တင် နာကြည်းသော မျက်လုံးများအောက်မှာ သသ ဘယ်တုန်းကမှ မခံစားခဲ့ဘူးသည့် ဝမ်းနည်းကြေကွဲမှုများကြောင့် မျက်ရည်စက်များစွာသည်.....

♥ ♥ ♥

အခန်း (၂၆)

မိုးစက်တို့ကြွေဆဲ နေပူလိုက်မိုးအုံ့လိုက် မိုး၏ရာသီစ...
မခွဲရက် လည်ပြန်ငဲ့ကြည့်ရင်း လက်ပြနေချိန်မှာ မိုးသံတွေကြားရ...

ဒီရာသီ ဒီလိုအချိန်ကိုရောက်တိုင်း သသ သတိရမိသ...
သုံးနှစ် ဆိုသောကာလဟာ ခဏလေးပဲရှိသေးလား ကြာခဲ့ပြီ...
မသိပေမယ့် ပြန်တွေးလိုက်တိုင်း အပြစ်တို့ဟာ မနေ့တစ်နေ့က...
ပဲ လူမသိလိုက်သော အချစ်ဟူသည့်မြားတစ်စင်းဟာ အားလုံး...
ဝေးရာသို့ ပြေးထွက်ခဲ့ပြီးမှ နှလုံးသား၏ အလယ်ဗဟိုမှာ စူး...
လာခဲ့မှန်းသိရသည်။

ဘယ်လိုမှ မထင်မှတ်ခဲ့သည့် အရှုံးပဲဖြစ်သည်။ မြင်လိုက်...
ကလည်း ဘာမှမဟုတ်ခဲ့။

ခဏခဏ စကားများကြတိုင်းလည်း မကျေနပ်ခြင်းတွေ...
ရှိခဲ့သည်။ ပြီးတော့ တစ်ဖက်သားအပေါ် အထင်မကြီးတတ် အ...





မပေးနိုင်သော ထိုယောကျ်ားကို သသ မုန်းခဲ့သေးသည်။

သူ့ကိုချစ်ကြဘူးသူတို့က လက်ညှိုးထိုးနာကြည်းသံများကြားရတော့ ပို၍နာကြည်းခဲ့သည်။ ရင်ထဲမှာတော့ သူဟာ ပုန်းလျှိုးကွယ်လျှိုးနှင့် လိုက်ပါလာခဲ့လေသည်။

ခုလို မိုးစက်မှုန်တို့ တဖွေးဖွေးလွင့်ကျနေသော ညမှာပဲ စိမ့်ရေကနေ သသ ထွက်လာခဲ့သည်။

ဒါပေမဲ့ နေ့ဘက်မှာ မဟုတ်ပါ။

ဘယ်သူမှ မသိနိုင်သော ညအချိန်၊ ဆင်ထားသမျှ လက်ဝတ်ရတနာတွေ အကုန်ချွတ်ပုံထားခဲ့သည်။ မေလေးတို့ ဘဘတို့ဆီက ပါတာတွေပါ စုပုံပစ်ခဲ့၏။ အဝတ်သုံးစုံနှင့် ငွေနည်းနည်းယူ၍ လမ်းမကြီးပေါ် မှာ ထွက်ပြေးခဲ့တုန်းက ဘာကိုမှလည်း ကြောက်ရ လန့်ရမှန်းမသိ။

သူမ၏ ခြေလှမ်းတွေကိုက မကြောက်တတ်ပေ။ နောက်ပြန်မလှည့်မိအောင် တွန်းအားပေးနေခဲ့သည်က အားလုံး၏မျက်ဝန်းများ....

"အားလုံးကိုသည်းခံနိုင်တယ် ငါ့သားလေးကို သေကြောင်းကြံလိုက်တာကတော့ ဘယ်လိုမှကို မသိသလိုနေလို့မရတာ"

"ခတ်လိုက်လို့ သေကုန်ကြတာတွေ မင်းမကြားဖူးဘူးလား သသရယ်"

သမီးလို့ခေါ်သံတွေ ပျောက်ပျက်ကာ မင်းတွေ ငါတွေ ဖြစ်သွား

ခဲ့၏။

"မချစ်နိုင်သေးတာကို သည်းခံခွင့်လွှတ်ပြီး ပေါင်းသင်းသွား
တစ်နေ့နေ့ချစ်လာမှာပဲ မျှော်လင့်လို့ရတာပေါ့ ခုနက ဘယ်လို
ကြမလဲ ဒီနည်းနဲ့ မအောင်မြင်ရင် နောက်တစ်နည်းနဲ့ ထပ်မ
ဘူးလို့ ပြောနိုင်မလား"

ဒေါ်မိမိတင် ဖျတ်ဖျတ်လူးနေခဲ့၏။

ချွေးမလိုမဟုတ်ဘူး ငါ့သမီးလေးလို သဘောထားခဲ့တာ
သားနဲ့ ယှဉ်လိုက်တော့ သားကို အထိမခံနိုင်သော မေတ္တာစိတ်
ဝုန်းခနဲထကြွလာ၏။

"မဖြစ်ဘူး မဖြစ်ဘူး ညည်းတို့စဉ်းစားကြနော် လူကြီးစီစဉ်တာ
ကို သားသမီးက နာခံခဲ့တာ မိဘကြောင့် တစ်စုံတစ်ခုဖြစ်သွားရင်
ရာဇဝင်တွင်သွားလိမ့်မယ် ကျုပ်သားလေးကို ကျုပ်ဆုံးရှုံးမခံနိုင်ဘူး

အားလုံးစုရုံးတာ သသကြားအောင် တမင်အော်ပြောနေကြ
သလိုပါပဲ အခန်းထဲမှာ တစ်ယောက်တည်းငိုကြွေးနေရချိန်များမှာ
ဆုံးဖြတ်လိုက်တာက စိမ့်ရေကနေ ထွက်သွားဖို့ဖြစ်သည်။

ထိုညမှာ သသ အင်ကြင်းတိုခြံရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက်
ရောက်သွားခဲ့၏။

အင်ကြင်းတို့မိသားစု အားလုံးက ကူညီကြသည်။ ဒုက္ခရောက်
မှာစိုး၍ စေတနာပါပါနဲ့တော့ မဟုတ်ပါ။

သသ ဘယ်လိုဖြစ်လာတယ် ဘယ်သူမှားတယ် မှန်တာကို





စိတ်မ ဝင်စားကြခြင်းသာဖြစ်သည်။ ထို့ကြောင့် သသအကြောင်းကို စုံစမ်းမေးမြန်း၍ ပြန်ပို့ဖို့ လူကြီးတွေဆီအပ်နှံဖို့ ဆိုတာထက် အိမ်က နေမြန်မြန်ထွက်ဖြစ်စေချင်တာမျိုး။ မန္တလေးမှာ နေချင်ပါသည်ဆို တော့ ဟိုကိုသွားရလွယ်အောင် နေဖို့လည်း အဆင်ပြေအောင် ချက် ချင်း ထလုပ်ပေးလိုက်ကြသည်။ ထို့ကြောင့် သူတို့က လက်လွှတ်စ ပယ် လွှတ်လိုက်တာပေမယ့် သသ ကံကောင်းပါသည်။

နာမည်ကြီးဟိုတယ်တစ်ခုမှာ ဗျာတာဆိုသည့် ရာထူးလေးနှင့် အဆင်ပြေခဲ့၏။ နာမည်ဆိုးပေမယ့် အလုပ်ကမဆိုး။

ဘာသာစကားလေးမတောက်တခေါက် တတ်ရုံနဲ့ဖြစ်သည်။ ဘွဲ့ရလက်မှတ် မပြနိုင်ပေမယ့် လူတွေ့စစ်ဆေးမှုမှာ အောင်မြင်လျှင် ရသည်။

ဒါလည်း လူလိုနေတုန်းမို့ သသ ကံကောင်းသွားခဲ့တာပဲဖြစ်သည်။

တူရိယာခန်းမကို ဝင်စရာမလို၊ သန့်ရှင်းရေးအချက်အပြုတ်လည်း မဟုတ်။

ကိုယ်တာဝန်ယူထားရသော အထပ်မှာရှိသမျှအခန်းတွေ၏ သော့ကိုကိုင်ရသည်။

ခေတ်လှေကားတက်တာဆင်းတာကအစ သတိထားရ၏။ အခန်းတိုင်း လုံခြုံရေး အခြားအသေးအမွှားလိုအပ်သမျှ ကိုယ့်တာ ဝန် သသက လူချစ်လူခင်ပေါများသည်။ လူမှုနယ်ပယ်ကို ဝင်ပြီဆို တော့ ကိုယ့်စိတ်ကိုယ့်ဘာသာနှင့် အခက်အခဲတွေအများကြီးတွေ့

လာရ၏။

ဒါပေမဲ့ မှားနေလေ အမှန်ကိုလည်း တန်ဖိုးထားတတ်လာ၏။ သသ ဆံပင်တွေလည်း ခါးစပ်ထိ ရှည်နေပါပြီ။

ဂျစ်ကန်ကန်ပြောတတ်ဆိုတတ်တာတွေလည်း မရှိတော့သလောက် ဖြစ်၏။ နိုင်ငံခြားသားတွေဆို စာတ်ပုံတွေဘာတွေတွဲရိုက်အတူစားသောက်ဖို့ ဖိတ်ခေါ်ကြတဲ့အထိ သသကို ခင်မင်သွားကြ၏။

အလုပ်ဝင်စက အပန်းကြီးလှသည်ထင်သော်လည်း ကြာတော့လည်း ပျော်လာ၏။ ရေချိုးပြီးတော့ သနပ်ခါးလိမ်းဖို့ သတိမရဘဲ ပြတင်းတံခါးမှာရပ်၍ ငေးနေဆဲပါ။

မိုးဖွဲကလေးတွေ ဒေါသပါလာကာ မျက်နှာနှင့်ရင်ဘတ်ကို ခပ်ဆတ်ဆတ် ရိုက်ပုတ်လာမှ သတိရ၏။

သူတို့ရယ် ဘဝရယ် မေ့လို့မရခဲ့သည့် ယောကျ်ားတစ်ယောက်ရယ် အားလုံးကို မျက်လွှာလေး ယှက်ပိတ်ချလိုက်ခြင်းဖြင့် မေ့ဖျောက်ပစ်လိုက်၏။

ဝတ်ထားသည့် ရှပ်အင်္ကျီပွပွလေးကို ငုံ့ကြည့်မိတော့ ရင်ဘတ်မှာ အတော်လေး စိုစွတ်နေပြီဖြစ်၏။

မိုးတကယ်သည်းလာပြီကို သတိထားမိကာ မျက်နှာပေါ်က ရေစက်တွေကို သပ်ချပစ်လိုက်သည်။

နောက်နည်းနည်းဆုတ်ရပ်လိုက်ပြီး ပြတင်းနှစ်ချပ်ကို ဆွဲပိတ်





လိုက်သည်။ ကျောနောက်ကနေ တံခါးခေါက်သံ ထွက်ပေါ်လာသည်။

"ဘယ်သူလဲ"

"ကိုထွေးပါ သသ တံခါးခဏလောက် ဖွင့်ပါဦး"

ကိုထွေးက လက်ထောက်မန်နေဂျာဖြစ်သည်။

ဒီရောက်တော့လည်း သသကို အများကြီးသင်ပြကူညီခဲ့သူ။

"လာပြီ"

အသံပေးလိုက်ပြီး သသတံခါးပြေးဖွင့်သည်။

တံခါးဝမှာ ကိုထွေးကလာရပ်သည်။

"ဧည့်သည်ရောက်နေတယ်"

"ဟင် ဘယ်မှာလဲ"

"လေးလွှာမှာ"

"ဒီမှာ"

သသ မျက်ခုံးလေး နှစ်ဖက်ပင့်သွား၏။

"ဟုတ်တယ်"

"ဟုတ်တယ်ဆိုရင်"

သသ လက်ညှိုးလေးနှင့် မေးဖျားကိုထောက်၍ စဉ်းစားလိုက်သည်။

"အဲ တစ်ခန်းပဲအားတော့မှာ တစ်ယောက်အိပ်ပဲ"

"အဲဒါပြောတာပေါ့"

ကိုထွေးက ရှုံ့မဲ့လျက် အခန်းတွေရှိရာ မျက်နှာလည့်ရပ်သည်။ ခါးနှစ်ဖက်ထောက်လိုက်ပြီး ....

"လူကတော့ မင်းသားပုံပဲ သသ ဒါပေမဲ့ တကယ်ရစ်လိုက်တာများ အရက်သမားရှုံးလောက်တယ်"

"ဘာဖြစ်လို့လဲ"

"နှစ်ယောက်အိပ်ခန်းလိုချင်လို့တဲ့"

"ရှိမှမရှိတော့တာ အဲ သုံးလွှာမှာ"

"ဘယ်အလွှာက အခန်းမှ မလိုချင်ဘူး လေးလွှာမှာပဲ နေချင်တာ၊ အဲဒါ အခန်းထဲကို နှစ်ယောက်အိပ်ခုတင်လဲထည့်ပေးဖို့ ဇွတ်ပြောနေတာ ဘယ်လိုလုပ်မလဲ"

သသက ရှုံ့မဲ့မဲ့ကြီးလုပ်နေသည့် ကိုထွေးကိုကြည့်၍ရယ်သည်။

အခန်းထဲက ဖြာကျနေသည့် မီးရောင်အောက်မှာ ကိုထွေးပုံစံက မျက်မှန်ကြီး တဝင်းဝင်းနှင့် ရယ်စရာဖြစ်နေ၏။

"လဲထည့်ပေးဆိုတော့လည်း ထည့်ပေးလိုက်ပေါ့ကိုထွေးရယ် ဒါပေမဲ့ နှစ်ယောက်အိပ်အခန်းထဲမှာလိုတော့ အားလုံးပြည့်စုံမှာ မဟုတ်ဘူးဆိုတာ အရင်ပြောပြထားမှဖြစ်မယ် တော်ကြာ"

သသ ဘာကိုပြောတာမှန်း ကိုထွေးသိသည်။

"အဲဒါတွေ နင်ဝဲပြောတော့ဟာ ထွန်းမြင့်နဲ့ လှငွေးတို့ရှိတယ် ခေါ်ခိုင်း ငါလွှတ်ပေးလိုက်မယ်"

ပြောပြောဆိုဆို ကိုထွေးက ဆင်းသွားသည်။





ညပိုင်းဧည့်သည်လာပြီဆို ကိုထွေးက ဒီလိုပဲ သူကိုယ်တိုင်ပါလာ တတ်ပါသည်။ အလုပ်ကို လေးစားကာ သူ့အလုပ် ကိုယ့်အလုပ် ခွဲခြားသလို သသက လေးလွှာကိုတာဝန် ယူထားသော မိန်းမလှလေးတစ်ယောက်ဖြစ်နေသည်။

အားလုံးက သသကို သင်ပေးကြသည် စောင့်ရှောက်ကြသည်၊ သသဟာ မျက်နှာမြင်ချစ်ခင်ပါစေဆိုသည့် ဆုတောင်းနှင့် ပြည့်သူဖြစ်၏။

သူမဘက်ကလည်း ဘဝစာမျက်နှာတွေ အများကြီး လှန်လှောဖတ်ရှုခဲ့ပြီးပြီမို့ ရင့်ကျက်မှုတွေ အတော်အတန်တော့ စုဆောင်းမိခဲ့ပါပြီ ဆံပင်တွေ ရှည်နေသလို စိတ်ရှည်သည်းခံတတ်အောင် မှန်ရှေ့မှာ ဆံပင်ဖြန့်မိတိုင်းလည်း တွေးမိသည်။

ခုလည်း တွေးလိုက်မိသေးသည်။

ဟိုတုန်းကဆို ဘယ်သူနဲ့ဖြစ်ဖြစ် ကြိုးငယ်ရှေးခဲ့တာမရှိ ပက်ခနဲ ပက်ခနဲ ပြန်ခံပြောသည်။

ထစ်ခနဲရှိ ရန်တွေ့မည်၊ ဘာမဆို တုံ့ပြန်ချင်ခဲ့သည့် ညဉ်ဆိုးကြောင့်လည်း စိမ့်ရေက လူတွေ သူမကို မေတ္တာပျက်ခဲ့ကြတာပါ။

တဖြည်းဖြည်း လိမ်းလျှောက်ခဲ့ရင်း စိမ့်ရေကို သတိရခြင်းနှင့် အတူ ခပ်ကြောကြော အေးစက်စက်စိုက်ကြည့်တတ်သည့် မျက်ဝန်းတစ်စုံကို ဖျတ်ခနဲ မြင်လာသည်။

သသ ခေါင်းကိုပါ ခါထုတ်ပစ်လိုက်၏။

သတိမရချင်လို့ပါ။

ခင်ဗျားနဲ့လည်း ရန်ဖြစ်ဖို့ မရှိတော့ဘူး နေ

အားလုံးက ပြီးသွားပြီ

နှုတ်ခမ်းမှာ အပြုံးလဲ့လဲ့ကလေး ဖြစ်ထွန်းခဲ့ပေမယ့် မပီပြင်ပါ။

အခန်းနံပါတ်တစ်ရှေ့မှာ ရပ်လိုက်သည်။ ထိပ်ဆုံးခန်းပေမယ့် ထောင့်ခန်း နေရာကောင်းကောင်းမဟုတ်။ ထို့ကြောင့် ကျန်တာ ထိုအခန်းပဲကျန်သည်။

ဟနေသည့် တံခါးကို ခေါက်လိုက်တော့ အထဲမှာ လူမရှိ သသ ရပ်နေမိဆဲ နောက်ကအသံတွေကြား၍ လှည့်ကြည့်လိုက်တော့ ထွန်းမြင့်တို့နှစ်ယောက် ခုတင်တိုင်တွေနှစ်ယောက် ထမ်းလာကြ တာ မြင်လိုက်ရသည်။

"ဟော ကိုထွန်းမြင့်တို့ တစ်ခါတည်း သယ်လာကြတာလား"

တံခါးရွက်ကို တွန်းဖွင့်ပေးလိုက်ရင်း ရှေ့ကနေလည်း ဖယ်ပေး မိသည်။

"ဟုတ်တယ် ဂျာလေးက အခန်းထဲထည့်ခိုင်းလိုက်လို့"

"ညည့်သည်ကရော"

"အောက်ဆင်းသွားတယ် ထင်တယ်၊ ဂျာလေးက အခန်းထဲမှာ ဆင်ပေးထားလိုက်တဲ့"

"ပြီးရော ပြီးရော"

ကိုယ်တာဝန်ယူထားရသည့် အခန်းတွေမို့ သသလည်း ဝင်လိုက်





လာခဲ့သည်။ ထွန်းမြင့်တို့ ခုတင်ဆင်ပြီးကြတော့ အိပ်ရာခင်းတွေပါ ပြင်ပေးခဲ့သေးသည်။

"သသ ဘာလိုသေးလဲ"

"ရပြီ"

လူကြီးလူငယ်အားလုံးက ဝန်ထမ်းတွေထဲမှာတော့ အချင်းချင်း ဆို သသလို့ပဲ ခေါ်ကြပါသည်။

သမီးဦးဆိုသည့် နာမည်ကိုက ပိုင်းထစ်၍ခေါ် လို့မကောင်း အခန်းထဲမှာ လိုအပ်သမျှအားလုံးလုပ်ပေးပြီးသည်အထိ ဧည့်သည်က ရောက်မလာ၊ ခေါင်းရင်းစားပွဲပေါ် တွင် ဒီအတိုင်းရှိနေသည် ခရီး ဆောင်အိတ်ကို တစ်ချက်ကြည့်ကာ သသ ပြန်ထွက်လာခဲ့၏။

တကယ်ကို လေးလွှာမှာ နှစ်ယောက်ခန်းမထားခဲ့ပါ။ ဒီဧည့် သည် တောင်းဆိုလွန်းလို့သာ မန်နေဂျာက စီစဉ်ပေးရခြင်းဖြစ်သည်။

အခန်းတံခါးကို ပြန်စေ့ကာ လှည့်ထွက်လာတော့ တစ်ဘက် ထိပ်အခန်းနံပါတ်ကိုးမှာ တည်းခိုနေသည့် ဆရာမနှင့် ဆုံမိသဖြင့် နှုတ်ဆက်လိုက်သည်။

"ဆရာမ မင်္ဂလာပါရှင်"

"မင်္ဂလာပါကွယ် ညီမလေး မနားသေးဘူးလား"

"ဟုတ်ကဲ့ရှင့် ဒီလိုပါပဲ ဧည့်သည်ရောက်နေလို့လေ"

"ဪ"

သသ အခန်းထဲပြန်ရောက်ပြီး စားပွဲမှာထိုင်ကာ ဖတ်လက်စ

ဘာသာပြန်စာအုပ်ကို ပြန်ဖွင့်၍ ဖတ်နေမိသည်။

အလုပ်က မအားတော့ စာအုပ်တစ်အုပ်ဖတ်ပြီးဆို အကြာကြီး နေမှပြီးသည်။ ထို့ကြောင့် ငှားဖတ်လို့မရ။

အပိုင်ဝယ်ပြီး အချိန်အားတိုင်းကောက်လှန်ရသည်။

ဒီလိုမှ မဟုတ်လျှင်လည်း ဟိုတုန်းကနဲ့မတူ တွေးတတ်ငေးတတ် နေပြီဖြစ်သည့် သသဟာ နားချိန်လေးရှိသည်နှင့် စိတ်ကဟိုရောက် ဒီရောက်။

သူများတွေလို နောက်ကြောင်းမှာ ပူပင်စရာရှိဖို့ မပြောနဲ့ အစွန်း အဖျားကလေးပဲ တော်စပ်သည့် ဆွေမျိုးတောင်မရှိဘဲလည်း သသ ဘဝ တွေးစရာတွေ မကုန်နိုင်၊ တကယ်တော့ ဘာမှန်းမှ မသိသော ဘဝတစ်ခုထဲကို မကျွမ်းကျင်သည့် မိန်းမငယ်လေး အဖြစ်ကနေ ဖွတ် အတင်းချဉ်းနင်းဝင်လာခဲ့တဲ့တာ သသ၊

မှန်လျှင်စံ မှားလျှင်မှောက်အိပ်

မှောက်အိပ်ဖို့ဖြစ်လာရင်တောင် ဘယ်မှာလဲ သသအတွက် ကျောတစ်နေရာစာ

ဘဝကတွေးမိလျှင် သက်ပြင်းချဖို့တောင်အချိန်မရှိပါ။

စာဖတ်တာလည်း ဘယ်လိုမှ စိတ်မပါသည်နှင့် နာရီတစ်ချက် ကြည့်ပြီး သသပြန်တွက်လာခဲ့သည်။

စုံတွဲခန်းဖြစ်သွားပြီမို့ ကိုထွေးက ကြည့်ရှုလုပ်ကိုင်ပေးနေတာပေ မယ့် လေးလွှာက အခန်းတွေတာဝန်ရှိသူက သူမပဲဖြစ်သည်။





ထို့ကြောင့် ဘာလိုအပ်သေးလဲ မေးမြန်းဖို့လိုသောကြောင့် ပြန် ွက်ခဲ့ခြင်းဖြစ်သည်။

ဟိုတယ်မှာအထပ်တစ်ထပ်အတွက် မိန်းကလေးတစ်ယောက် ယာကျ်ားလေးတစ်ယောက်တာဝန်ယူရသည်။

ညမှညတာကျတော့ ယောကျ်ားလေးနှင့် တော်တာ ယောကျ်ား လေးက တာဝန်ယူဖို့ ....ဒါပေမဲ့ ဒီညမှာတော့ သသနဲ့တွဲသည့် ဪဇော်က ရည်းစားနှင့် ရုပ်ရှင်သွားကြည့်ဖို့ သူမဆီမှာ သေချာ တာင်းပန်သွားခဲ့သည်။

ဒါတွေကျတော့ မန်နေဂျာကြီးမသိစေဘဲ အချင်းချင်းကြည်ဖြူ ပဲလိုတဲ့ကိစ္စ ကိုယ့်မှာ အရေးကိစ္စပေါ်လည်း တော်ရုံဆို အထက်ကို အသိပေးဖို့မလိုဘဲ အချင်းချင်း လုပ်ပေးလိုက်ကြတာနှင့် ပြီးရသည်။

ထို့ကြောင့် ဇော်ဇော်ကို သသ ကြည်ဖြူစွာသွားခွင့်ပေးလိုက် ခြင်းဖြစ်သည်။

အခန်းရှေ့မှာ ရပ်လိုက်တော့ တံခါးက တစ်ထွာသာသာခန့်ပွင့် နေသည်။ အထဲမှာ လူရိပ်လည်းမြင်နေရကာ သီချင်းသံလေးသဲ့သဲ့ ျံ့လွင့်လာ၏။

....ရင်ခွင်မှာလာနေပါကွာ အို အချစ်ရယ် ...
အသည်းနှလုံးထဲက အကြင်နာစကားတွေ ...
ယုံကြည်ပါကွာ ...အခွင့်အရေးလေးရချင်တယ် ...
မင်းအတွက်နဲ့ တို့ အသက်ရှင်မယ် ...

သီချင်းသံကို နားစွင့်ရင်း ရှေ့တစ်လှမ်းတိုးကာ သသ တံခါး ခေါက်လိုက်၏

"ဒေါက်...ဒေါက် ..."

"ဝင်လာခဲ့ ..."

ယောကျ်ားသံ

ထိုအသံကို စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားကာ သသ မျက် မှောင်ကုတ်မိ၏ ထိုစဉ် တံခါက ရှပ်ခနဲပွင့်သွား၏။

အထဲက အလင်းရောင်သည် သသ မျက်နှာပေါ် ဖွေးခနဲ ကျ လာပြီးတံခါးဝမှာ မြင့်မြင့်မားမားကြီးပေါ် လာသော ပုံရိပ်ကတော့ အလင်းရောင်ကိုကျော၍ပေးသလိုဖြစ်လေသည်။

သို့သော် မှောင်ရိပ်ကျနေသော ထိုမျက်နှာကို သသ သိနေ သည်။

သူဘယ်သူလဲဆိုတာ သိလိုက်ချိန်မှာ သသ နှုတ်ခမ်းလေးအ စုံပွင့်ဟလျက် ဘာစကားမှမဆိုနိုင်ဘဲ ...

..ဟန်ဆောင်နေတာကြာပြီနော် ...အို အချစ်ရယ် ..

..မင်းစကားပြောမယ့်အချိန်တွေမျှော်လင့်တယ် ...

ယုံကြည်ပါကွာ ...အခွင့်အရေးလေး ရချင်တယ် ...

မင်းနှိပ်စက်တာ ..ရှုံးတော့မယ် ...

နေ သူမ ရှေ့မှာရပ်နေသည်။

သူသည်လည်း စကားတစ်ခွန်းမှ မဆိုခဲ့ပါ ....





ဒါပေမဲ့ သသကိုတအံ့တသြကြီးဖြစ်၍ငြိမ်သက်နေခဲ့တာမ ဟုတ် ...

အေးစက်စက်စူးရဲသော မျက်ဝန်းအစုံက မှောင်ရိပ်မှာ လက် လက်တောက်နေ၏။

သသ မျက်ဝန်းလေးတွေထဲကို ထိုးဖောက်မတတ် စိုက်ကြည့် နေခြင်းသည် တရားခံကိုချောင်ပိတ် ဖမ်းမိလိုက်သော အရာရှိတစ်ဦး ကဲ့သို့ ပိုင်နိုင်စွာ ...

...ဒီမျက်ဝန်းလေး ညှို့နေတယ် ...

...အိပ်မက်ထဲမင်း ...ရောက်လာတယ် ...

...နွေးထွေးတဲ့အကြည့်တွေ ...အသည်းမှာစွဲသွားခဲ့တယ် ...

သီချင်းသံတိုးသဲ့သဲ့သည် နှစ်ဦးကြားမှာ စကားပြောဖို့ မလို တော့သလို သို့သော် သသ ဖျတ်ခနဲ သတိရ၏။

သူ နှစ်ယောက်အိပ်ခန်းလုပ်ခိုင်းထားခဲ့၏။

ရင်ထဲမှာ မယုံနိုင်အောင် နာကျင်သွားခြင်းနှင့်အတူ နောက် ဆုတ်ရပ်ဖို့ခြေလှမ်းရွှေ့လိုက်၏။

"မင်း အထဲခဏဝင်ပါ ..."

"မဝင်ဘူး ..."

နှစ်ယောက်အတွက် နှုတ်ဆက်စကားမရှိခဲ့ဘဲ လိုရင်းကိုဆို ဖြစ်ကြကာ သသ နောက်ဆုတ်၏။

နေက သသလက်ကို ဖမ်းဆုပ်၍ အခန်းထဲသွင်းသည်။

ပြီးတော့ အခန်းတံခါးကို သေချာပိတ်ပစ်လိုက်သည်။

အထဲမှာ သေသပ်ကျနစွာပြင်ပေးထားခဲ့သည့် နှစ်ယောက်အိပ်မွေ့ရာနှင့်ခုတင်ကြီးက သသကို ဟားတိုက်ရယ်နေကြ၏။

သက်သက် ယုတ်မာတယ် ...

ကိုယ့်ကို ခုချိန်ထိ သူ့လက်ခုပ်ထဲက ရေလို့မှတ်နေခဲ့တုန်း ...

"တောက် ..."

ဒေါသဖြစ်ဖြစ်နှင့် သသ တအားဆောင့်ရုန်းသည်။

"နေ လူယုတ်မာ ခင်ဗျားလွှတ်နော် ..လူကို အဲဒီလောက်အထင်မသေးနဲ့သိလား... သသ သည်းခံစိတ်မွေးမြူ လာခဲ့တဲ့အထဲမှာ ခင်ဗျားကြီးမပါဘူး ..လွှတ် ..."

"ဘယ်လိုဖြစ်နေတာလဲ သသ မင်းကိုတွေ့ချင်လွန်းလို့ ငါလိုက်ရှာခဲ့တာ ..ပြောစရာတွေရှိတယ် ...ငြိမ်ငြိမ်လေးနေစမ်းပါ ..."

"ဟင်အင်း ဘာလို့နေရမှာလဲ ခင်ဗျား ...လွှတ် ..လွှတ်နော်"

နောက်မှာ နှစ်ယောက်အိပ်ခုတင်ကြီးနဲ့ ...

သသရှက်နေသည် ...ပြီးတော့ နာကြည်းမိသည်။

• တစ်ချိန်တုန်းက မိဘမဲ့ဘဝမှာလည်း သူတို့ပဲ သသဘဝရဲ့အဆစ်အပိုင်းတွေပြု၍ ပုံစံအမျိုးမျိုးဖန်တီးဖို့ကြိုးစားခဲ့သည်။

အခုလည်း မိဘမဲ့ပါ ...

ဒါပေမဲ့ ကိုယ့်ဘဝကိုရပ်တည်နိုင်ပြီ ..

အရင်တုန်းက သသလို့ပဲထင်ပြီး ပိုင်စိုးပိုင်နင်း ဖျက်ဆီးဖို့ ကြိုး





စားနေတာက ယုတ်မာလွန်းသည်ထင်၏။

သို့သော် ဘယ်လိုပဲ တောင့်ခံထားသော်လည်း အင်အားကမလှ ..

သသ အတင်းရုန်းလေ နေက ဆွဲချုပ်ဖို့ကြိုးစားလေ ...

"မယုတ်မာနဲ့နော် ...လွှတ် ..."

သသ တအားပစ်လိုက်စဉ် နှစ်ယောက်ကြားမှာ ရှုပ်ယှက်ခက်လျက်ရင်ဘတ်က ရှပ်အင်္ကျီကြယ်သီးနှစ်လုံးထုတ်ခနဲ ထုတ်ခနဲပြုတ်ထွက်သွား၏။

"အား"

ရှက်စိတ်မွန်ကာ ရင်ဘတ်ကို ဖိလိုက်မိစဉ် သသကိုယ်လေးကိုခုတင်ပေါ် တွန်းချပစ်လိုက်ခြင်းခံရပြီး ...

"အို ဟင့်အင်း ဟင့်အင်း ခင်ဗျား ..လွှတ် ..."

နောက်ဆုံးအားကိုးမဲ့ကာ သသ အော်ဟစ်ဖို့ ကြိုးစားလိုက်သော်လည်း ...

လူယုတ်မာ ...

တမ်းတလှိုက်လှဲသော အနမ်းတို့က မျက်ရည်တို့ကိုလည်းစီးခွင့်မပြု ...ငြင်းဆန်ခြင်းတို့ကိုလည်း ဥပေက္ခာပြု၍ ....

"သသ မင်းကို ကိုယ်သတိရလိုက်တာ ..."

နေသည် လှိုက်မောသော အနမ်းတို့နှင့်အတူ စကားတွေဆို၍ သသ တစ်ကိုယ်လုံးကို စီးမိုးကာ သိမ်းကျုံးဖက်ထား၏။

"မင်းအကြမ်းဖရမ်းကြီး ရှန်းကန်နေလို့ ကိုယ်ချုပ်ထားတာ မင်းကို ကိုယ်မစော်ကားဘူး ...မငိုနဲ့နော် ...."

တရှိုက်ရှိုက်ငိုချပစ်လိုက်သည့် သသ မျက်ရည်တွေကို သူ့ပါးနဲ့ ဖိကပ်ဖျက်သည်။

"ခင်ဗျား စော်ကားလိုက်ပါ ..ခင်ဗျားတို့ ကျွေးမွေးထားခဲ့တဲ့ ကျေးဇူးတွေရှိခဲ့တယ်မို့လား .. အဲဒီကြွေးတွေပြန်တောင်းဖို့ မရမက ရှာဖွေလိုက်လာတာဆို လိုချင်တာယူသွားပါ ဒါပေမဲ့ သသက ခင်ဗျားရဲ့ အငယ်အနှောင်း ..."

"ဘာ မင်းဘာပြောတယ်သသ ..."

သူဆတ်ခနဲ ထထိုင်သည် ...

သသ ပခုံးနှစ်ဖက်ကနေ မြောက်ခနဲပါလာအောင် ဆွဲထူ၍ မျက်နှာကို စေ့စေ့ကြည့်၏။

"အငယ်အနှောင်း ဟုတ်လား ..ကိုယ့်ကို မိန်းမရှိတယ်လို့ မင်း ပြောလိုက်တာလား ..."

သသမျက်နှာလွှဲ၍ အံ့ကြိတ်ထား၏။

"မိန်းမယူဖို့မပြောနဲ့ မင်းပေးခဲ့တဲ့ ဒဏ်ရာနဲ့ ဒီရင်ဘတ်ထဲမှာ အကောင်းတိုင်းကျန်ခဲ့သလား မင်းဝင်ကြည့်စမ်းပါ ..."

သသ မျက်နှာလေး သူ့ဘက်လှည့်လာသည် ...

နေက ကျောဘက်မှာ ပြန့်ဝဲကျနေသည့် သသ၏ ဆံနွယ် ရှည်တို့ကို မျက်နှာလေးမှ တယုတယ သိမ်းတင်ပေးရင်းငေးနေပြန်





သည်။

"ငိုလို့ကြိုးနေခဲ့တဲ့ ချစ်စိတ်ဟာ ဝေးသွားတဲ့အခါ ရင်ထဲမှာ မုန် တိုင်းတစ်ခုလိုပါပဲ မပြောမဆိုနဲ့ မင်းထွက်သွားလိုက်တာကြည့် စမ်း ရဲရဲတင်းတင်း .."

သသက မဲ့ပစ်လိုက်ပြီး ခပ်ရဲရဲ မော့ကြည့်၏။

"ကိုယ်ပြုသမျှ နုနေမှာပဲလို့ အပိုင်တွက်ထားကြတော့ လုပ်ရဲ လိုက်တာဆိုပြီး အံ့သြသွားကြမှာပေါ့ ..."

"ဘယ်လိုပြောလိုက်တာလဲ သသ မင်းကိုမေမေချစ်ခဲ့တာ ဦးမြ မော်လက်ထဲကနေ အိမ်ကို ရောက်လာမှ မဟုတ်ဘူး ..ဦးမော်ကို မွေးခိုင်းခဲ့တာကမှ မေမေပါ ..."

"ဘာ"

သသ အံ့သြသွားသည်။

ဒါ သူမ မသိခဲ့ဘူးသော သူမ၏ ဘဝတစ်ပိုင်းလား ...

နေက သသ မေးဖျားလေးကို မော့ယူကြည့်ပြီးမှ ခုတင်ပေါ် ကဆင်းသည်။

သသက ရင်ဘတ်လေးကို တစ်ဖက်က ဆုပ်၍ လိုက်ဆင်း တော့၊ နေလက်ထဲမှာ ထုတ်ယူလိုက်ပြီးသည့် တဘက်စောင်တစ် ထည်ပါလာ၏။

သသ ပခုံးလေးပေါ်မှာ တယုတယ ပတ်ခြုံပေးလိုက်ပြီး တောင်းပန်သလိုကြည့်၏

"အကြမ်းပရမ်းဖြစ်သွားတာ ကိုယ့်ကို ခွင့်လွှတ်ပါ ..."

ဟု တိုးတိုးပြောပြီး ပခုံးလေးကိုဖက်၏။

သသ စိတ်ထဲမှာ ဒေါသနှင့် ပူလောင်နေတာကို မျိုသိပ်မထားနိုင် ..."

ခုတင်ကိုပြန်ငဲ့ကြည့်ကာ ..

"ဟို နှစ်ယောက်အိပ်ခုတင်က ဘာလဲ ..."

"အဲဒါ မင်းနဲ့ကိုယ့်အတွက် ..."

"အို .."

သသ မျက်နှာလွှဲပစ်တော့ ထိုမျက်နှာလေးကို နေက အတင်းအကြပ်ပြန်လှည့်ယူ၏ ..

"မင်း ဘယ်သူတွေနဲ့ ဓာတ်ပုံတွဲရိုက်ဖူးလဲ ..."

သသ မဖြေမိပါ ...

မှတ်မှတ်ရရ ဒီဟိုတယ်မှာ ရောက်လာကြသည့် နိုင်ငံခြားသားတချို့ရှိသည်။

သူတို့နှင့်တွဲရိုက်ဖူးပေမယ့် အမှတ်တမဲ့သာ ..

"ဂျပန်ကိုယ်စားလှယ်တစ်ယောက်ဆီက ဓာတ်ပုံကိုယ်ရလိုက်တာပဲ ..."

သူပြောလိုက်တော့ ပိုရှင်းသွား၏။

"မင်းကိုခေါ် လို့မရရင် မင်းကိုကိုယ် မရမက သိမ်းပိုက်ဖို့ဆုံးဖြတ်ခဲ့တာ ..."





သသ နှုတ်ခမ်းလေးကိုက်၍ မျက်နှာကို အတင်းငုံ့ချပစ်သည်။

"ဖြေလေး ပြန်လိုက်မှာလား ..ဒီမှာပဲပေါင်းကြမလား ..."

"ခင်ဗျားနော် ..."

သသ ရှက်နေတာကို မချင့်မရဲဖြစ်ကာ ရင်ခွင်ထဲမှာ ထွေးပွေ့ထားလိုက်မိ၏။ စောစောကလို အသေအလဲ ရှောင်တိမ်းခြင်းမရှိတော့သည်မို့ ရင်ထဲမှာကြည်နူးသွားသည် ...

"သသရယ် ..."

ပြေလည်သွားဖို့ရှိနေသော အနာဂတ်အတွက် သူကြိုးစားဖို့ခွန်အားတွေပို၍ ဖြစ်ထွန်းလာသည်။

ထို့ကြောင့် မထူးတော့သည့်အတူတူ ရှုပ်နေခဲ့တာတွေရှင်းပစ်လိုက်ဖို့ သူသိထားခဲ့သော သသ၏ မိခင်ရင်းနှင့် ဘဝတစ်ပိုင်းကို ပြောပြလိုက်သည်။

"သသရယ် တကယ်တော့ မင်းကို လမ်းပေါ် ကကောက်ယူမွေးခဲ့တာမှမဟုတ်တာ မင်းရဲ့ မိဘက မချစ်လို့ စွန့်ပစ်သွားတာလည်းမဟုတ်ဘူး...မင်းမှာ ဆွေဂုဏ်မျိုးဂုဏ်ရှိခဲ့မှာပါ ဒါပေမဲ့ အဲဒီကိုယ်ဝန်ဆောင်က ဘာမှမပြောနိုင်ဘဲ မွေးဖွားပြီးတာနဲ့ ဆုံးသွားတော့ မင်းက မေမေ့လက်ထဲမှာ ကျန်ခဲ့ရတာ ....အဆက်အသွယ်အားလုံးဖြတ်တောက်ရောက်လာတဲ့ မင်းရဲ့ မိခင်ဟာ လူကုံထံတစ်ယောက်မှန်းသိသာခဲ့တာကလွဲရင် နောက်ထပ်ရှာဖွေဆက်သွယ်လာတာလည်းမရှိဘူး ..."

သသ မှင်တက်မိသူလို ကြားဖြတ်မေးခွန်းထုတ်ဖို့လည်းမေ့နေသည်။

သူ့ရင်ခွင်ထဲမှာ ငြိမ်သက်လျက် နွဲ့ကျမှီခိုနေမိတာလည်းမ ဟုတ် ....

နေကတော့ ဟိုတုန်းက မာကျောကျော မတူတန်သလိုပြော ဆိုတတ်သည့်ပုံစံနှင့် ဆန့်ကျင်စွာ သသ ကျေနပ်နားဝင်အောင် အ မှန်ကိုလည်းပြောသည်။

လက်ခံနိုင်အောင်လည်း ကြိုးစားနေ၏။

"မေမေ့လက်ထဲမှာ မင်းတစ်နှစ်သမီးအထိရှိနေခဲ့တာဘဲ့သိ လား ....နောက်တော့လေ မေမေက သမီးလည်းလိုချင်တယ် သားကိုလည်း ဆုံးရှုံးမခံနိုင်လို့ အားလုံးအဆင်ပြေအောင် အစီအစဉ် တစ်ခုဆွဲတယ် ကိုယ်အိမ်ထောင်ပြုတဲ့အခါ အိမ်ကို တစိမ်းမိန်းက လေး ဝင်မလာအောင် မင်းကို သမီးလေးလို တယုတယမွေးခဲ့ပြီးမှ တခြားယောကျ်ားအသာလေးကောက်ယူမသွားနိုင်အောင်ပေါ့ သသ မင်းနားလည်ရဲ့လားဟင် ဒါတွေဟာ ဘဝတစ်ခုကို ဇယားချ ရေးဆွဲခဲ့သလိုဖြစ်တော့ ပြောရရင် နားဝင်ဆိုးပါတယ် ...ဒါပေမဲ့ မင်း ကိုချစ်ခဲ့တာတွေပါ ..."

ဟိုတုန်းက အဖြစ်တွေနဲ့ နေ၏ ပြောစကားများက မော်ဒီ တာတစ်ခုပေါ်က ကွက်လပ်များလို နောက်ဆုံးမှာ သူ့နေရာနဲ့ သူ အံဝင်ဂွင်ကျပြည့်စုံသွားခဲ့သည်။





အံဝင်ဂွင်ကျပြည့်စုံသွားခဲ့သည်။

အဖြစ်တွေကဒီလိုလား ...

သသ မျက်ဝန်းမှာ မျက်ရည်တွေပြည့်သိပ်လာ၏။

ဘာပဲဖြစ်ဖြစ် သသ ဘဝက သူများလက်ပေါ်မှာ ...

"မေမေက ကြိုတွေးခဲ့တယ် မင်းနဲ့ကိုယ် အတူတူကြီးပြင်းလာ ရင် တစ်ချိန်မှာ မောင်နှမစိတ်တွေကိုယ်စီရှိနေကြပြီး ထိမ်းမြားပေး ဖို့ ခက်မယ်ဆိုတာကို ... ဒါမှန်ခဲ့တယ်သိလား ...မင်းကိုယ့်မျက်စိ အောက်မှာရှိနေရင် မင်းဆိုးနွဲ့ပုံနဲ့ ခေါက်ထစ်ဆုံးမဖြစ်တာရှိမယ် ..ဒါသဖြစ်တာ ချစ်တာတွေဘယ်လို ဘယ်လိုမှ အရောင်ဆိုးဖို့မ လွယ်ဘူး ခုကျတော့ မင်းကိုမြင်လိုက်တာနဲ့ ကိုယ်ရင်ခုန်သွားခဲ့ တာ ..."

မယုံဘူး ...

ရန်လိုနေတတ်သည့် သသ၏ ဟိုတုန်းက မျက်ဝန်းစူးစူးလေး တွေပြန်ပေါ်လာ၏။

ရင်ခုန်သွားတယ်ဆိုတဲ့လူက တစ်ချိန်လုံး ပုတ်ပွနေမလား....

ရိုက်မောင်း ပုတ်မောင်းကြိုးတုပ်ပါးစပ်ပိတ်တာခံခဲ့ရသေး သည်။ စကားတွေပြောနေသည့် သသမျက်ဝန်းလေးတွေကို ကြည့် ၍ နားလည်ကာ နေက ပြုံးလိုက်၏

"တကယ်ပြောနေတာ မယုံဘူးလား ..."

"ယုံယုံမယုံယုံ ခင်ဗျားလက်တွေကို လွှတ်လိုက်ပါ ..."

"မဖြစ်သေးဘူး ...'သမီးဦး ..' ဆိုတဲ့ ကောင်မလေးက သိပ်အရှန်းသန်တာ ပြန်ချုပ်မိဖို့ မလွယ်ဘူး ..."

သူအနိုင်ကျင့်တိုင်း ဒီမှာခံရတာကိုများ ....

သသ မျက်စောင်းထိုးမိတော့မလိုဖြစ်သွားသည်။

ရင်ခုန်တတ်စအရွယ်လေးကတည်းက သူမ၏ နုဆတ်သော ပန်းနုရောင်နှလုံးသားပျိုး ဥယျာဉ်သည် သူ့ကြောင့် ဖျတ်ဖျတ်ခါယိမ်းနွဲ့လျက် အရောင်ရင့်သွားခဲ့ဖူး၏။

ထိုစဉ်က ပထမအနမ်း ...

ပါးပြင်ထက်မှာနွေးခဲ့သည့် နှုတ်ခမ်းလွှာလေးများဆီမှာ ချိုခဲ့၏။

အနမ်းရိုင်းနှင့် ရင်ခွင်ရိုင်းကို တမ်းတရှူးသွပ်ခဲ့ဖူးသော မိန်းမငယ်လေးတစ်ယောက်ဟာလည်း ရှောင်ဖယ်ပြေးထွက်ခဲ့ပေမယ့် နှလုံးသားမှာ ဒဏ်ရာနဲ့သာ ...

ဒုတိယအနမ်းပေါ် မှာ ကျေနပ်စွာကျရှုံးဖို့အဆင်သင့်ဖြစ်ခဲ့သည်လား ...

"မေမေတို့ စောင့်နေကြတယ် ...မင်းရဲ့မေလေးရယ် ဘာဘရယ် မင်းကိုရှာဖွေရင်းနဲ့ သောကတွေတပွေ့တစ်ပိုက်ကြီးနဲ့ကွာ ပြန်လိုက်ခဲ့နော် ..."

သသ သူ့ကိုမော့ကြည့်မိသည်။

နေက ငုံ့မိုးကြည့်ရင်းနဖူးပြေပြေလေးမှာ သူ့နဖူးနှင့်ကပ်ထိ





လိုက်၏။ ပြီးတော့ ...

"မင်းကိုချစ်တယ် ..."

ဟု တိုးတိုးလေးပြောသည်။

"သူ့သားကို သေကြောင်းကြံခဲ့ဖူးတဲ့ မိန်းမကို နောက်ကောယုံကြည်ဦးမှာလား ..."

"မင်းက ကိုယ့်ကို တကယ်သေစေချင်လို့လုပ်ခဲ့တာလား ..."

နေကမေးတော့သသ နှုတ်ခမ်းလေးကိုဖိ၍ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ဆိုရင်ကော ..."

"မင်းမရှိလည်း ကိုယ်အလူးအလဲဖြစ်နေခဲ့ရတာကွာ ...ထားရင်နေ သတ်ရင်သေပေါ့ ...မင်းသတ်တယ်ဆို ကိုယ်ကိုယ်တိုင်က ရင်ဖွင့်ပေးဖို့ အသင့်ဖြစ်နေခဲ့တာ ဘယ်သူဘာပြောနိုင်ဦးမှာလဲ ..."

"ဟွန်း ..."

သသ လှုပ်လီလှုပ်လဲ့လေးပြုံး၍ မျက်နှာလွှဲသည်။

နေက ဆံနွယ်လေးတွေကိုနမ်း၍ ...

"မေမေနဲ့ မေလေးက မှာလိုက်တယ် သူတို့ရဲ့ သမီးကို ပါအောင်ပြန်ခေါ်ခဲ့ရမယ်တဲ့ ...."

သမီးမပါရင် မင်းပါပြန်မလာနဲ့တဲ့ ..ကဲ မင်းပြော ကိုယ်ကတော့ ဒီအခန်းကိုငှားကတည်းက နှစ်ယောက်အိပ်ခုတင်ပြင်ခိုင်းထားတာနော် ပြန်လိုက်မယ်ဆိုရင် ချမ်းသာပေးမယ် ...မလိုက်ဘူးဆိုရင်တော့ ..."

"အို ..ဘယ်လိုလုပ်တာလဲ ခင်ဗျား ..."

သသ ရှက်ကိုးရှက်ကန်းနှင့် အတင်းရုန်းသည်။

ခြုံလွှာကလေးက တအိအိလျှောကျသွား၏။

"မုန်းဖို့ကောင်းလိုက်တာ ..သွား ..."

သသ၏ ရှက်ရွံ့အက်ရှသော စကားသံလေးနှင့် အတူ နေ၏ ခပ်ကြိတ်ကြိတ်ရယ်သံမှာ ရင်ခုန်သံတွေ ရိုက်ခတ်နေဆဲရှိ၏။

ထိုရင်ခုန်သံများမှာ ရှုးသွပ်ခဲ့မိသော ကိုယ်ဟာ မုန်းချင်မေ့ချင် ခဲ့သော အကြောင်းအရာအားလုံးကို ချန်ရစ်ထားခဲ့လိုက်ပြီး ...

*လရောင်ကျူးရင့်*